# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday 14 October 2018 ၉၄၃၉


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

# အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြား

## ဘေးဒဏ်များကိုကြံ့ကြံ့ခံရင်ဆိုင်နိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် အသက်အရှုံးမရှေး၊ လူတန်းစားမရွေး ပါဝင်တည်ဆောက်သွားကြရမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးသန့်စင်မောင်၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာသံရုံးများမှသံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ INGO၊ NGO များ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ယနေ့ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အခမ်းအနားသည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ်(၆၄/၂၀၀)အရ နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အဖြစ် သတ်မှတ်ချက်နှင့်အညီ ကျင်းပခြင်းဖြစ်ပါကြောင်း၊ အလားတူ ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း ကျင်းပပြုလုပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစဉ်။

## ယနေ့သတင်းအညွှန်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

စာမျက်နှာ ၈ »

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိ

စာမျက်နှာ ၄ »

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန်နှင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျော့နည်းစေရန် အကောင်အထည်ဖော်

စာမျက်နှာ ၂၀ »








ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ **ရွှေဖုံးမှ**

အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ ထိုသို့ ကျင်းပရာတွင် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေး မဟာဗျူဟာ(United Nations International Strategy for Disaster Reduction-UNISDR)က နှစ်စဉ်ဦးတည်အုပ်စုတစ်စုကို ရွေးချယ်၍ ဆောင်ပုဒ်များ ချမှတ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခု ၂၀၁၈ ခုနှစ်အတွက် ရွေးချယ်သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ **ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ ဘေးဒဏ်ကြောင့် စီးပွားဆုံးရှုံးမှုလျှော့ချစို့** (REDUCING ECONOMIC LOSSES FROM DISASTER HAS THE POWER TO TRANSFORM LIVES)ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဘဝတိုးတက်ပြောင်းလဲရေးဆောင်ရွက်ရာတွင် သဘာဝဘေးနှင့် လူကြောင့်ဖြစ်သည့် ဘေးများကြောင့် စီးပွားရေးဆုံးရှုံးမှုလျှော့ချရေးသည် အလွန်အရေးပါသည့်ကဏ္ဍတွင် ပါဝင်နေသည်ကို ယခုနှစ်ဆောင်ပုဒ်က ညွှန်းဆိုနေပါကြောင်း။

ယနေ့မျက်မှောက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ၏ ဆိုးရွားလှသည့်သက်ရောက်မှုများကို ရင်ဆိုင်တွေ့ကြုံခံစားနေကြရပါကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် အသက်သေဆုံးခဲ့ရသည်အထိ ဖြစ်ပွားခဲ့သော သဘာဝဘေးများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် အာဆီယံဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားခဲ့သည်ဆိုသည်ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါကြောင်း။

**အထောက်အပံ့ဖြစ်စေမည်**

၂၀၁၇ ခုနှစ်အတွင်း ဘေးအန္တရာယ်အမျိုးမျိုးကြောင့် စီးပွားရေးကဏ္ဍဆုံးရှုံးမှုပမာဏသည် ၂၀၁၆ ခုနှစ်ကထက် ၆၃ ရာခိုင်နှုန်း ပိုမိုမြင့်မားခဲ့ပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ဘေးအန္တရာယ်ကြောင့် စီးပွားရေးကဏ္ဍဆုံးရှုံးမှုနှင့် ပတ်သက်၍ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်ကာလအတွင်း ၂၀၁၁ ခုနှစ်သည် စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှု အမြင့်ဆုံးဖြစ်ပြီး ဆုံးရှုံးမှုအမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ ရှိခဲ့ပါကြောင်း၊ ဘေးအန္တရာယ်များကြောင့် အာဆီယံဒေသ၏ စီးပွားရေးထိခိုက်ဆုံးရှုံးမှုသည် ကမ္ဘာ့ဘဏ်စာရင်းအင်းအချက်အလက်များအရ နှစ်စဉ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံထိရှိခဲ့ပြီး ဒေသတွင်းနိုင်ငံများ၏ ဂျီဒီပီ၏ သုည ဒသမ ၂ ရာခိုင်နှုန်းထက် ပိုမိုနေသည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဘေးအန္တရာယ်ဖြစ်ပွားမှုပေါင်း ၂၅၀၀ ကျော်ရှိခဲ့ပြီး လူဦးရေ ငါးသိန်းကျော် ဘေးဒုက္ခခံစားခဲ့ကြရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုများအပြင် ရေရှည်သဘာဝဘေးလျှော့ပါးရေးအစီအမံများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၅၅၈၅ ကျော် ထောက်ပံ့ပေးခဲ့ပါကြောင်း၊ သဘာဝဘေးများကြောင့် ဆုံးရှုံးမှုများနှင့် ထောက်ပံ့မှုများအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် သုံးစွဲနိုင်ခဲ့ပါက ပြည်သူများ၏ဘဝတိုးတက်ပြောင်းလဲရေးကို အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါကြောင်း။

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကိုလျှော့ချပြီး ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန် ပြည်သူအားလုံး ပူးပေါင်းပါဝင်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်ကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတွင်း၌သာမက ဒေသတွင်းနိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်နိုင်ရေးတို့အတွက် နေပြည်တော်တွင်ကျင်းပခဲ့သည့် ၂၄ ကြိမ်မြောက် ASEAN Summit က ထုတ်ပြန်ခဲ့သည့် နေပြည်တော်ကြေညာစာတမ်း၊ သဘောတူညီချက်(၂၄)တွင် "အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန"(ASEAN Coordination Centre for Humanitarian Assistance on Disaster Management-AHA Centre)၏ စွမ်းဆောင်နိုင်မှုမြှင့်တင်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်(ASEAN Agreement on Disaster Management and Emergency Response-AADMER)ကို ဒေသတွင်းမူဘောင်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အာဆီယံနိုင်ငံများ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန်နှင့် တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသောတုံ့ပြန်မှု One ASEAN, One Response ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး တညီတညွတ်တည်း သဘောတူညီခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါမူဘောင်သဘောတူညီချက်များနှင့်အညီ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ တတိယအကြိမ် သဘာဝဘေးလျှော့ပါးရေး ကမ္ဘာ့ညီလာခံကချမှတ်ခဲ့သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်(၂၀၁၅-၂၀၃၀)တွင် ပါရှိသည့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အခြေခံမူများနှင့်လုပ်ငန်းစဉ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals)နှင့်အညီ မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၁၇)ကို ရေးဆွဲပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

**တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ**

ဘေးအန္တရာယ်ကြောင့် စီးပွားရေးကဏ္ဍအပါအဝင် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေးအတွက် စနစ်ကျသည့်စီမံခန့်ခွဲမှုများ၊ မူဘောင်များ၊ လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ရသကဲ့သို့ လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများဖြင့်လည်း ဆောင်ရွက်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းထားပြီး အဆိုပါဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်းကာ ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းနိုင်သမျှလျော့နည်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြည်သူများ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားရေးနှင့် စီမံဆောင်ရွက်ပေးရမည့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်ကြသည့် အဖွဲ့အစည်းများအားလုံး၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရေးကိုလည်း စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောမှုများ၊ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ၊ ပြည်သူများပါဝင်သည့် ဇာတ်တိုက်လေ့ကျင့်မှုများအပြင် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဖြစ်သည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ၊ ဘေးလွတ်ရာရှောင်တိမ်းနိုင်သော လမ်းတံတားများ၊ ဘက်စုံသုံး အဆောက်အအုံများ၊ ရှာဖွေကယ်ဆယ်ရွှေ့ပြောင်းရေးအတွက် ယာဉ်ယန္တရားများ စသည်တို့ကိုလည်း တိုးမြှင့်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်**

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ရေရှည်တည်တံ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး(Sustainable Development)လုပ်ငန်းများကို အဟန့်အတားဖြစ်စေသည့် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာလုပ်ငန်းစဉ်များနှင့် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ကြရာတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများတွင် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ဘက်စုံကဏ္ဍစုံတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေး ဆောင်ရွက်ရာတွင် ယခုနှစ်ဆောင်ပုဒ်ပါအတိုင်းသဘာဝဘေးကြောင့် စီးပွားရေးထိခိုက်ဆုံးရှုံးနိုင်မှုလျှော့ချပြီး နိုင်ငံသားတိုင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် ဘေးဒဏ်များကိုကြံ့ကြံ့ခံရင်ဆိုင်နိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ပါဝင်တည်ဆောက်သွားကြရမည် ဖြစ်ပါကြောင်း။

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးလျှော့ပါးရေးအစီအမံများ ထည့်သွင်းစဉ်းစားဆောင်ရွက်ရေးကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိတို့ဌာနအဖွဲ့အစည်းများ၏ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်ကြရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရေးအတွက် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လူတစ်ဦးတစ်ယောက်ချင်းစီက တာဝန်သိစိတ်ကိုယ်စီဖြင့် ဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ပြီး ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုကိုလျှော့ချနိုင်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုကို ဦးတည်သည့် လူနေမှုဘဝများ တည်ဆောက်ကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂနေထိုင်သူ ညှိနှိုင်းရေးမှူး Ms. Janet E Jackson က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီး Lieutenant General Chansamone CHANYALATH ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် ညနေပိုင်းတွင် ချန်ပါဆပ်ပြည်နယ်ရှိ ရှေးဟောင်းသမိုင်းဝင် Wat Phu ဘုရားကျောင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။



**အဆိုပြုထား**

အဆိုပါ Wat Phu ဘုရားကျောင်းသည် UNESCO ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ပြီး ချန်ပါဆပ်ပြည်နယ်အတွင်း မဲခေါင်မြစ်ကမ်းပါးဘေး Phou Kauo တောင် အရှေ့ဘက်တွင် တည်ရှိသည်။ ခမာဘုရင်များလက်ထက် ၁၁ ရာစုမှ ၁၄ ရာစုခန့်အတွင်း ရှေးအကျဆုံး ဗိသုကာလက်ရာများ၊ ထူးခြားသည့် ဆောက်လုပ်မှုပုံစံများဖြင့် တည်ဆောက်ထားကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက အဆိုပြုထားသည်။ ယနေ့ခေတ်တွင် အဆိုပါဘုရားကျောင်းသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသည့် နေရာတစ်ခုဖြစ်လာခဲ့သည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့အား Champasak Grand ဟိုတယ်၌ ချန်ပါဆပ်ပြည်နယ်စစ်ဌာနချုပ်မှူး Brigadier General Sukai Phimmasan က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**ကြည့်ရှုလေ့လာ**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ချန်ပါဆပ်ပြည်နယ် ပတ်ဆေးခရိုင်ရှိ Khone Phapheng ရေတံခွန်အား သွားရောက်ကြည့်ရှုလေ့လာကြပြီး နှစ်ပေါင်း နှစ်ထောင်ကျော်ခန့် သက်တမ်းရှိ Manikhot သစ်ပင်ကြီးအား ကြည့်ရှုလေ့လာကြသည်။

Khone Phapheng ရေတံခွန်သည် အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်ပြီး လာအိုနိုင်ငံ ချန်ပါဆပ်ပြည်နယ် ပတ်ဆေးခရိုင်ရှိ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံ နယ်စပ်အနီး မဲခေါင်မြစ်ပေါ်တွင် တည်ရှိသည်။ အဆိုပါရေတံခွန်နယ်မြေတွင် ကျွန်းပေါင်း ၄၀၀၀ ကျော်ရှိပြီး ဒေသအခေါ်အဝေါ် Siphan Don ဟု ခေါ်ဆိုကြပြီး အကြီးဆုံး ရေတံခွန်၏အမြင့်ပေမှာ ၆၉ ပေရှိသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံ ပတ်ဆေးလေဆိပ်မှ ပြန်လည်ထွက်ခွာကြပြီး နေပြည်တော်သို့ရောက်ရှိကြရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Lyying SAYAXANG နှင့်ဇနီး၊ လက်ထောက်စစ်သံမှူး Lieutenant Colonel Latsamy KEOMIXAY နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း **(အပေါ်ဝဲပုံ)** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

**✪ နိုင်ငံတော်မှ**

လက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ ကရင်အမျိုးသားအစည်းအရုံး (KNU) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ချင်းအမျိုးသားတပ်ဦး(CNF) ဒုတိယဥက္ကဋ္ဌ ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် အထွေထွေအတွင်းရေးမှူး ဆလိုင်းထလာဟေး၊ ရခိုင်လွတ်မြောက်ရေးပါတီ(ALP)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်စောမြရာဇာလင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး ဦးစိုင်းငင်း၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ဒုတိယဥက္ကဋ္ဌ ကြာဆော်လမွန်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မကြာခဏ တွေ့ဆုံနေကြသူများဖြစ်သည့်အတွက် ရင်းနှီးနေကြပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မကြာမီကျင်းပမည့် အစည်းအဝေးတွင် ရလဒ်ကောင်းများ ထွက်ပေါ်လာရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး (KNU) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက ယခုအစည်းအဝေးတွင် ရှေ့မှာကြုံတွေ့ရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို တက်ရောက်လာကြသူများက ညှိနှိုင်းပြီး မကြာမီကျင်းပမည့် အစည်းအဝေး အောင်မြင်မှုများရရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ညှိညှိနှိုင်းနှိုင်း နားလည်မှုရှိရှိဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများသည် ၂၀၁၈ ခုနှစ်တွင် (၂၁) ရာစုပင်လုံညီလာခံ တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် ပင်လုံညီလာခံနှစ်ကြိမ် စုစုပေါင်း ပင်လုံညီလာခံသုံးကြိမ် ကျင်းပမည်ဖြစ်ပြီး ယင်းပင်လုံညီလာခံသုံးကြိမ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများရရှိအောင် ဆောင်ရွက်မည့် အချိန်ဇယားနှင့် လုပ်ငန်းစဉ်များ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူညီချက်ရရှိရန် လိုအပ်နေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲမထွက်ရကိစ္စ၊ တစ်ခုတည်းသောတပ်မတော်ကိစ္စများ၊ လက်ရှိနိုင်ငံရေးဆွေးနွေးပွဲပုံစံကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ရေးကိစ္စ၊ နိုင်ငံရေးဆွေးနွေးမှုတွင် ခေါင်းဆောင်များအကြား သဘောတူညီချက်ရရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးပါဝင်အောင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်ဆောင်ရွက်ရေးနှင့် အထွေထွေဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် NCA-S EAO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

---



# မြန်မာရွှေ့ပြောင်းလုပ်သား ၁၂ ဦးအား နေရပ်ဒေသပြန်နိုင်ရေး ကူညီဆောင်ရွက်

**တာချီလိတ် အောက်တိုဘာ ၁၃**

လာအိုနိုင်ငံရှိ သတ္တုတွင်းလုပ်ငန်းတွင် သွားရောက်လုပ်ကိုင်ခဲ့ပြီး လာအိုနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးခံခဲ့ရသည့် မြန်မာရွှေ့ပြောင်းလုပ်သား ၁၂ ဦးအား နေရပ်ဒေသပြန်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်မှာ ယခင်က မန္တလေးတိုင်းဒေသကြီး မိုးထိမိုးမိ ရွှေလုပ်ကွက်တွင် လုပ်ကိုင်ခဲ့ကြသည့် ရွှေ့ပြောင်းလုပ်သား ၁၂ ဦးသည် အလုပ်အတူတူလုပ်ကိုင်ဖူးသည့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နေ စိုင်းသန်းဇော်ဦးက လာအိုနိုင်ငံတွင် အလုပ်လာရောက်လုပ်ကိုင်ပါက အဆင်ပြေကြောင်း၊ တစ်လလျှင် လစာမြန်မာငွေကျပ် ငါးသိန်းခန့်ရနိုင်ကြောင်း စည်းရုံးပြောကြားချက်အရ ဩဂုတ် ၁၆ ရက်တွင် မြန်မာ-လာအိုနယ်စပ် တာချီလိတ်မြို့ ဝမ်ပုံဆိပ်ကမ်းမှ တစ်ဆင့် မဲခေါင်မြစ်အားဖြတ်ကျော်ကာ လာအိုနိုင်ငံအတွင်းဝင်ရောက်ပြီး စိုင်းသန်းဇော်ဦးလုပ်ကိုင်နေသည့် Neng Khouang ပြည်နယ် Inphonsavan မြို့ပြင် တောတွင်းတစ်နေရာရှိ ရွှေနှင့် သတ္တုစမ်းသပ်တူးဖော်ရာနေရာသို့ ရောက်ရှိခဲ့ကြကာ လုပ်ငန်းလုပ်ကိုင်ခဲ့ကြကြောင်း၊ လုပ်ငန်းခွင်အတွင်း နားချိန်သတ်မှတ်ချက်မရှိ ပင်ပန်းစွာလုပ်ကိုင်ကြရပြီး စားသောက်နေထိုင်ရေးအဆင်မပြေသည့်အပြင် ရရှိသည့် လုပ်အားခမှာလည်း လုပ်ကိုင်ရသည့် လုပ်အားနှင့် ကိုက်ညီမှုမရှိသည့်အတွက် လာရောက်ခဲ့ကြသူများ အချင်းချင်းတိုင်ပင်ပြီး မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြရာ အောက်တိုဘာ ၁၂ ရက် ညပိုင်းတွင် တုံဖိန်ဆိပ်ကမ်း ကာစီနိုလောင်းကစားရာနေရာအနီးရောက်ရှိစဉ် လာအိုနိုင်ငံရဲတပ်ဖွဲ့လှည့်ကင်းအဖွဲ့နှင့် တွေ့ဆုံပြီး အစစ်ဆေးခံခဲ့ရကာ လာအိုနိုင်ငံအတွင်း နေထိုင်ခွင့်သက်တမ်းကျော်လွန်နေသည့်အတွက် ဒဏ်ငွေ ဘတ်ငါးထောင် ပေးဆောင်ခဲ့ကြရကြောင်း၊ ၎င်းတို့၏ အခက်အခဲကို မြင်တွေ့သွားသည့် လာအိုနိုင်ငံရောက် မြန်မာနိုင်ငံသားများဖွဲ့စည်းထားသည့် စေတနာရှင်ပရဟိတလူငယ်အသင်း၏ ကူညီပေးမှုဖြင့် လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းမှ တစ်ဆင့် မြန်မာနိုင်ငံ ဝမ်ပုံဆိပ်ကမ်းသို့ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ ရွှေ့ပြောင်းမြန်မာလုပ်သား ၁၂ ဦးအား တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် စိစစ်မှုများအား ဆောင်ရွက်ပေးကာ လူမှုရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်ပြီး အစားအသောက်များကျွေးမွေးဧည့်ခံခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ် ၁ (တာချီလိတ်)၏ အစီအစဉ်ဖြင့် ညနေ ၃ နာရီခွဲတွင် မော်တော်ယာဉ်ဖြင့် ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

**မောင်ယဉ်ကျေး**

---

**❖ ကျောဖုံးမှ**

နောက်ဆုံးနှစ်ရာသီ ဆက်တိုက်တွေ့ဆုံခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရာသီကြို ရန်ပုံငွေပြိုင်ပွဲအဖြစ် ယင်းပြိုင်ပွဲကို ၂၀၁၂ ရာသီမှစ၍ ကျင်းပခဲ့ပြီး ရရှိသည့်ကွင်းဝင်ကြေးများကို လူမှုရေးအဖွဲ့အစည်းများသို့ လှူဒါန်းလျက်ရှိသည်။ ရန်ကုန်အသင်းက သုံးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိပြီး လာမည့်ရာသီတွင် ခြောက်ကြိမ်မြောက် အများဆုံးယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ခုနစ်ကြိမ်တွင် ရန်ကုန်အသင်းက သုံးကြိမ်၊ ဧရာဝတီအသင်းက နှစ်ကြိမ်၊ ရှမ်းယူနိုက်တက် (ယခင်ကမ္ဘောဇ) နှင့် မကွေးအသင်းတို့က တစ်ကြိမ်စီဗိုလ်စွဲထားသည်။ ပြိုင်ပွဲသက်တမ်းတစ်လျှောက် ၂၀၁၂ ရာသီတွင် ဧရာဝတီအသင်းက ရန်ကုန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်၊ ၂၀၁၃ ရာသီတွင် ရန်ကုန်အသင်းက ဧရာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၄ ရာသီတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၅ ရာသီတွင် ဧရာဝတီအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၆ ရာသီတွင် ရန်ကုန်အသင်းက ဧရာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၇ ရာသီတွင် မကွေးအသင်းက ရတနာပုံအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ၂၀၁၈ ရာသီတွင် ရန်ကုန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို ပင်နယ်တီအဆုံးအဖြတ်တို့ဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

---

# ဖျာပုံမြို့၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ဖျာပုံ အောက်တိုဘာ ၁၃**

လူငယ်များအတွက် ရည်ရွယ်ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သီရိအဏ္ဏဝါ မြို့နယ်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။




ဆွေးနွေးပွဲတွင် “လူငယ်နှင့်ခေတ်ပြိုင်စိန်ခေါ်မှုများ” ခေါင်းစဉ်အောက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က လူငယ်များကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ပူးပေါင်းကျော်လွှားနိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦးက လက်ရှိ မူခင်းဖြစ်ပွားနေမှုအခြေအနေ၊ လူငယ်များအတွက် မူခင်းဆိုင်ရာ စိန်ခေါ်မှုများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းက ပြောင်းလဲလာသော ပညာရေးစနစ်သစ်၏ စိန်ခေါ်မှုများကိုလည်းကောင်း၊ ဖျာပုံခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှက လူငယ်များ သိထားသင့်သည့်ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင် ဦးသိန်းထွန်းက အလုပ်အကိုင်ရှားပါးမှု ပြဿနာနှင့် ပြင်ဆင်ထားရမည့် နည်းလမ်းများကိုလည်းကောင်း အသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

## နိုင်ငံတည်ဆောက်ရေး

အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းသည့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၏ယန္တရားနှင့် အဖွဲ့အစည်းများ ခိုင်မာတောင့်တင်း အားကောင်းစေရန် ကြိုးပမ်းဆောင်ရွက်ရသည်များ ပါဝင်နေပါသည်။ အဓိကအားဖြင့် တရားဥပဒေစိုးမိုးမှုရှိစေရန်၊ ပြည်သူများ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံရန်၊ အခွန်အကောက်ကောက်ခံမှုများ မျှတရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး စသည့် အခြေခံအကျဆုံး ပြည်သူ့ရေးရာဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားများနှင့် ဈေးကွက်ယန္တရားများ စနစ်တကျခိုင်ခိုင်မာမာဖြစ်ရန် ပြန်လည်ပြုပြင်တည်ဆောက်နေခြင်းများသည် ခိုင်မာအားကောင်းသည့် နိုင်ငံတော်တည်ဆောက်ခြင်းပင်ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန်အတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။



ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ငြိမ်းချမ်းမေတ္တာအဖွဲ့ (Religions for Peace - RfP)က တာဝန်ယူကျင်းပမည့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းထွန်းကားရန်အတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည်များ ကြိုတင်ညှိနှိုင်းဆွေးနွေးနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတိုင်းတွင် ငြိမ်းချမ်းရေးထွန်းကားရန်မှာ အလွန်ပင်လိုအပ်လှပါကြောင်း၊ အမိမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်မှသာ ငြိမ်းချမ်းရေး ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာ စသည့်ဘာသာအသီးသီး၏ သွန်သင်ချက်များတွင်လည်း လူသားအချင်းချင်း မေတ္တာထားရှိရန်၊ အမုန်းတရားများမထားကြရန် သွန်သင်ဆုံးမထားသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ မိမိတို့ကိုးကွယ်ဆည်းကပ်ရာ ဘာသာတရားအဆုံးအမများကို ခံယူကြလျက် အစွန်းနှစ်ဖက်ကို ရှောင်ရှားမှသာလျှင် မိမိတို့နိုင်ငံတော်ကြီးနှင့် မိမိတို့ကိုယ်တိုင်ဖြတ်သန်းနေကြသည့် ဘဝလုံခြုံမှုများ၊ ငြိမ်းချမ်းမှုများ၊ ပျော်ရွှင်ဖွယ်ရာများ ခံစားကြရမည်ဖြစ်ပါကြောင်း။

Religions for Peace-RfP အဖွဲ့ကြီးအနေဖြင့် အကြမ်းဖက်ပဋိပက္ခများ ပြောင်းလဲရေး၊ လူသားဖွံ့ဖြိုးမှုကို အားပေးရေး၊ တရားမျှတပြီး သဟဇာတရှိသည့် လူ့အဖွဲ့အစည်းများပေါ်ပေါက်လာရန် မြှင့်တင်ရေးနှင့် ကမ္ဘာမြေအား ကာကွယ်စောင့်ရှောက်ရေး စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း၊ ဌာနချုပ်မှာ နယူးယောက်မြို့တွင်တည်ရှိပြီး ဒေသဆိုင်ရာ ဘာသာပေါင်းစုံအဖွဲ့ကြီးခြောက်ခုပါဝင်ကြောင်း၊ နိုင်ငံ ၉၀ ကျော်တွင် ပြည်တွင်းအဖွဲ့များ ဖွဲ့စည်းထားပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနှင့် လူငယ်ကွန်ရက်များလည်း ဖွဲ့စည်းထားသည်ကို သိရှိရပါကြောင်း။

ငြိမ်းချမ်းမေတ္တာအဖွဲ့က "မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းထွန်းကားရန်အတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲ" ကျင်းပခြင်း၏ သဘောထား၊ အခမ်းအနားအစီအစဉ်နှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၂ ရက် အထိ နေပြည်တော်၌ကျင်းပခွင့်ပြုရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြခဲ့ရာ ခွင့်ပြုချက်ပေးခဲ့သည်ဟု သိရှိရကြောင်း၊ ဆွေးနွေးပွဲကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တက်ရောက်မှာဖြစ်ပြီး RfP အဖွဲ့အနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဆက်သွယ်၍ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း၊ ထို့ကြောင့် ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဌာနဆိုင်ရာများမှ ပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့က တာဝန်ရှိသူများဖြင့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို ၈-၁၀-၂၀၁၈ ရက်စွဲပါစာဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ မြန်မာ့တပ်မတော်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမျိုးစုအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ကြီး၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ ပြည်တွင်းအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် ကျွမ်းကျင်ပညာရှင်များ စသည့်ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ဆွေးနွေးရန် စီစဉ်ထားကြောင်း။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသည့် ကြားကာလတွင် တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများ၊ ပဋိပက္ခမှ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ တံခါးပိတ်မှ တံခါးဖွင့်စီးပွားရေးစနစ် ဖြစ်ထွန်းနိုင်ရန် ဆောင်ရွက်နေမှု၊ ဘာသာအသီးသီးတို့၏ ဓမ္မတရား၊ အကျင့်သီလ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဒေသနာတို့၏ အကျိုးပြုနိုင်စွမ်းနှင့် တာဝန်ယူနိုင်မှုတို့ကို စူးစမ်းလေ့လာ အဖြေရှာနိုင်ရန်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသော ဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေးနှင့် လုံခြုံမှုဆိုင်ရာ အကျပ်အတည်းများအား ခိုင်မာစွာဖြေရှင်းနိုင်မည့် နည်းလမ်းတို့ကို ရှာဖွေဆွေးနွေးသွားမည်ဖြစ်ကြောင်း။

ဆွေးနွေးပွဲတွင် "ကျွန်ုပ်တို့၏ ဘုံအနာဂတ်"ဆိုသည့် ခေါင်းစဉ်နှင့် ဆွေးနွေးကြမည်ဖြစ်ပြီး ယင်းခေါင်းစဉ် အောက်တွင် ခေါင်းစဉ်ခွဲငါးခုကို Working Group ငါးစုဖွဲ့၍ ဆွေးနွေးမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့်ပြောကြားလိုသည်မှာ အမိမြန်မာနိုင်ငံအတွင်း ဘာသာအသီးသီးမှ ဘာသာဝင်များအားလုံး၊ နိုင်ငံသူနိုင်ငံသားများအားလုံး ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားစံစားနိုင်ရေးအတွက် ရည်ရွယ်ပြီး "မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းထွန်းကားရန်အတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲ"ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ငြိမ်းချမ်းမေတ္တာအဖွဲ့(မြန်မာနိုင်ငံ) ဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွဲ့ပေါ်ပေါက်လာပုံနှင့် မိမိအဖွဲ့အစည်း ဆောင်ရွက်ထားရှိမှုကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီအသီးသီးမှ ဆွေးနွေးခြင်း၊ အထွေထွေကိစ္စရပ်များ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ငြိမ်းချမ်းမေတ္တာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ အောက်တိုဘာ ၁၃**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ဘူးသီးတောင်နှင့် မောင်တောဒေသများသို့ သွားရောက်၍ လူမှုအသိုက်အဝန်းများနှင့် တွေ့ဆုံကာ ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဝင်း၊ အောင်ကျော်ဦး၊ ဓာတ်ပုံ - အောင်ရဲသွင်**

## ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်စိုး(ငြိမ်း)၏ သဝဏ်လွှာကို တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း)အတွင်းရေးမှူး ဗိုလ်မှူးစိုးမြင့်အောင်(ငြိမ်း)က ဖတ်ကြားပြီး သဘာပတိ မြို့နယ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမှုဆောင်အဖွဲ့၏ ၂၀၁၇-၂၀၁၈ အစီရင်ခံစာကို ဗိုလ်ကြီးတင်မောင်ဝင်း(ငြိမ်း)က ရှင်းလင်းပြောကြားကာ အဖွဲ့ဝင် ဒုတိယတပ်ကြပ်စိုးမင်း(ငြိမ်း)က ပြန်လည်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ အတည်ပြုချက်ကိုရယူကြောင်း သိရသည်။ **ကြေးမုံ**



# ကိုယ်တိုင်ဝင်နွှဲလိုက်စမ်းပါ

■ သိုက်စိုးထွန်း(နတ်ရွာ)

ဘောလုံးပွဲကြည့်တဲ့အခါ ကိုယ်အားပေးတဲ့အသင်းကို နိုင်စေချင်တယ်။ ကြည့်ရင်း ကြည့်ရင်းနဲ့ ကိုယ့်အသင်းက အရေးနိမ့်နေတဲ့အခါမျိုးမှာ အသင်းနဲ့ပတ်သက်ပြီးတော့ အားမလိုအားမရတွေဖြစ်လာတယ်။ လုပ်လိုက်စမ်းပါ၊ ကန်လိုက်စမ်းပါ၊ ကြိတ်လိုက်စမ်းပါ၊ ရှူးလိုက်တော့လေဆိုတဲ့ စကားလုံးတွေက နှုတ်ကနေ ထွက်ထွက်သွားတယ်။ ကိုယ့်ဘက်ကိုလည်း ဂိုးဝင်သွားရော ဟာခနဲ၊ ဟင်ခနဲ ဖြစ်ကုန်တယ်။ ကိုယ့်ဘက်က တစ်ဂိုးလေးလောက် ပြန်သွင်းလိုက်ရရင် ထခုန်လိုက်တော့မလိုဘဲ။ ကြည့်ရင်း ကြည့်ရင်းနဲ့ ကြာလာတော့ ကိုယ်ကိုယ်တိုင်တောင်မှ ဝင်ကန်လိုက်ချင်တော့သလိုလို။ ဒါပေမယ့် ဝင်ကန်လို့ရရဲ့လား။ မရဘူး။

ကိုယ်တိုင်လည်းဝင်ကန်လို့မရ၊ ကန်လည်းမကန်တတ်တော့ ကိုယ့်အသင်းအရေးနိမ့်တဲ့အချိန်မျိုးမှာ အသင်းအပေါ်မှာ အပြစ်တင်ချင်သလိုလိုတွေဖြစ်လာတယ်။ ဒါဆို ဒီအသင်းသိပ်မဟန်ရင် ဗိုလ်စွဲနေကျအသင်းကိုပဲရွေးပြီး အားပေးပါတော့လားလို့ ပြောလိမ့်မယ်။ ခက်တာက အားပေးတယ်ဆိုတာမျိုးကလည်း အခုဒီအသင်း၊ တော်ကြာ ဟိုအသင်းဆိုပြီး အခုစာကလေးကြော်၊ အခုဆီထမင်းလုပ်လို့ရတာမျိုး မဟုတ်ဘူးတဲ့။ မလုပ်ရဘူးတဲ့။ ကိုယ်က ဘယ်သူ့ပရိသတ်လဲ၊ ဘယ်အသင်းရဲ့ ပရိသတ်လဲ။ အဲဒီအသင်းကိုစပြီး အားပေးလိုက်ပြီ၊ သူ့ပရိသတ်ဖြစ်သွားပြီဆိုတာနဲ့ တစ်လျှောက်လုံးသူ့ကိုသာ သစ္စာရှိရှိ အားပေးရတော့မယ်ဆိုတဲ့သဘော။

**ကိုယ်တိုင်သာ ဝင်ကန်လိုက်စမ်းချင်**

အားပေးရင်း၊ အားပေးရင်းနဲ့ ကိုယ့်စိတ်တိုင်းကျဖြစ်မလာတဲ့အခါ နည်းပြကိုဆဲချင်တာလိုလို၊ ရှေ့တန်းတိုက်စစ်မှူးကို ရန်ရှာချင်တာလိုလို၊ ကွင်းလယ်လူတွေကိုမဲပြီး အပြစ်တင်ချင်တာလိုလို၊ နောက်တန်းခံစစ်တွေကိုအော်ချင်တာလိုလို၊ ဂိုးသမားကိုပဲ နားရွက်ဆွဲလှည့်လိုက်ချင်သလိုလိုနဲ့ ဟိုလူ့အားမရ၊ ဒီလူ့အားမရတွေဖြစ်ကုန်တယ်။ ကိုယ်တိုင်သာ ဝင်ကန်လိုက်စမ်းချင်တော့တယ်ဆိုတာတွေက အများကြီး။ ကန်တတ်တာ၊ မကန်တတ်တာ နောက်ထားလို့ ကန်ခွင့်ရရင်တော့ ကိုယ်တိုင်ဝင်ပြီးကန်လိုက်ချင်သေးတာ။

ဒီလိုပါပဲ။ ဘောလုံးပွဲကြီးတစ်ခုလိုပါပဲ။ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေရသူတွေနဲ့ ပတ်သက်ပြီးတော့ တချို့ တချို့သောသူတွေက စိတ်တိုင်းကျခြင်း၊ မကျခြင်းတွေ ဖြစ်လေ့ရှိပါတယ်။ တိုင်းပြည်က ဘယ်အဆင့်ကိုရောက်နေပြီ၊ စီးပွားရေးက ဘယ်လိုဖြစ်နေပြီ၊ နိုင်ငံရေးက ဘယ်အခြေအနေရောက်နေပြီ၊ ပဋိပက္ခတွေက ဘယ်အသွင်ကို ဆောင်နေပြီ၊ တရားဥပဒေစိုးမိုးရေးက ဘယ်အတိုင်းအတာအထိ လျော့ရဲနေပြီ၊ ပညာရေးကတော့ ဘယ်လို၊ ကျန်းမာရေးကတော့ ဘယ်ပုံ၊ လယ်ယာကဏ္ဍကတော့ ဘယ့်နှယ် စသည်အားဖြင့် မြင်မြင်သမျှ ဉာဏ်လောကရဲ့ အခြေအနေတွေအပေါ်မှာ ကိုယ်သိသလို၊ မြင်သလို၊ ခံစားမိသလို အခြေအနေတွေအတိုင်းပဲ ပြောဆိုဝေဖန် သုံးသပ်ရင်းနဲ့ ချီးမွမ်းတဲ့သူလည်းရှိ၊ ကဲ့ရဲ့တဲ့သူတွေလည်းရှိနေကြတာကို အများကြီးတွေ့ရမှာပါ။

ဒီနေရာမှာ စာစောက အားကစားပွဲနဲ့မတူတဲ့ အချက်ရှိတယ်ဆိုတာကို သတိပြုစေလိုပါတယ်။ ဘောလုံးပွဲတို့၊ တခြား ဘာပြိုင်ပွဲတို့၊ ညာပြိုင်ပွဲတို့မှာတော့ ကိုယ်က အားကစားသမားမဟုတ်ရင် ပရိသတ်သက်သက်ပဲ။ ကိုယ်တိုင်ဝင်ကန်လို့မရဘူး၊ ကိုယ်တိုင်ဝင်နွှဲလို့မရဘူး။ ကိုယ်က ဘေးကထိုင်ပြီး အားပေးရုံသက်သက်ပဲ။ ဒါပေမယ့် လက်တွေ့နိုင်ငံရေးနယ်ပယ်၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေမှာကျတော့ ကိုယ်တိုင်ပါဝင်ခွင့် အခွင့်အရေးရှိနေတယ်။

နိုင်ငံရေးဆိုမှတော့ နိုင်ငံရေးသမားတွေမှာပဲ တာဝန်ရှိတာမဟုတ်ဘူးလား၊ နိုင်ငံရေးကို သူတို့ဘာသာပဲ လုပ်ကြမှာမဟုတ်ဘူးလား၊ သာမန်ပြည်သူတွေနဲ့ မဆိုင်ဘူးမဟုတ်လားလို့ မေးစရာရှိပါတယ်။ မဟုတ်ပါဘူး။ ဒီနိုင်ငံရဲ့အရေး၊ နိုင်ငံရေးဟာ လူတိုင်းနဲ့ သက်ဆိုင်နေတယ်။ လူတိုင်းလူတိုင်း၊ နိုင်ငံသားတိုင်းမှာ ဒီနိုင်ငံရဲ့ အရေးအရာတွေကို ပါဝင်ဆောင်ရွက်ခွင့်ရှိနေပါတယ်။

ကိုယ့်နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးကတော့ သိပ်အခြေအနေမကောင်းဘူးဆိုပြီး ပြောကြတာရှိတယ်။ ပြောရုံသက်သက်ဆိုရင်တော့ ကိုယ်က ပရိသတ်တစ်ယောက်သက်သက်သာ ဖြစ်နေပါတယ်။ တကယ်ဆို ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်ခွင့်ဆိုတဲ့ အခွင့်အရေးကြီးက ရှိနေပါတယ်။ ဘယ့်နှယ်၊ တရားဥပဒေစိုးမိုးရေးမှာ သာမန်ပြည်သူတွေက ပါဝင်ခွင့်ရှိရမှာတုံး၊ အုပ်ချုပ်ရေးသမားတို့၊ ရဲတပ်ဖွဲ့တို့လိုလူတွေဆီမှာပဲ တာဝန်ရှိတာ၊ သူတို့ပဲ ဆောင်ရွက်ခွင့်ရှိမှာပေါ့လို့ ပြောချင်ပြောပါလိမ့်မယ်။ တကယ်တော့ ဒီလိုမဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးရေးကို တာဝန်ရှိသူဆိုတဲ့သူတွေလောက်သာ လုပ်လို့ကိုင်လို့ဖြစ်တာမဟုတ်ပါဘူး။ ပြည်သူအားလုံး ပူးပေါင်းပါဝင်မှသာ တိုးတက်အောင်မြင်မှုကို ရနိုင်တာပါ။

**ပူးပေါင်းပါဝင်**

ပါဝင်နိုင်တဲ့နည်းလမ်းတွေကလည်း အများကြီးပါ။ ဥပမာအားဖြင့် မှုးယစ်မှုတစ်ခုခု၊ မှောင်ခိုမှုတစ်ခုခုကို တွေ့တယ်။ ဒါဆိုရင် တာဝန်ရှိတဲ့သူတွေဆီ ဖုန်းလေးတစ်ချက်လောက်ဆက်လိုက်ရုံပဲ။ ဖုန်းလေးတစ်ချက်ဆက်လိုက်တာဟာ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်ကြီးမှာ နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လိုက်တာပါပဲ။ ဒီလို၊ ဒီလိုမလုပ်ရဘူးလို့ ပြဋ္ဌာန်းထားတဲ့အချက်တွေအပေါ်မှာ ကိုယ့်အနေနဲ့ မလုပ်ဘဲ ရှောင်ကြဉ်လိုက်တာ၊ ဒီလိုလုပ်ပါလို့ ပြဋ္ဌာန်းထားတဲ့အချက်တွေကို လိုက်နာဆောင်ရွက်တာ၊ ဒါတွေဟာလည်း တရားဥပဒေစိုးမိုးရေးဘက်မှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လိုက်ခြင်းတစ်မျိုးပါပဲ။ မလုပ်ပါနဲ့ဆိုတဲ့ဟာတွေကို ဘယ်သူကမှမလုပ်တော့ဘူး၊ လုပ်ပါဆိုတဲ့ဟာတွေကို အားလုံးက လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် အဲဒီနိုင်ငံ၊ အဲဒီနေရာဟာ တရားဥပဒေစိုးမိုးမှုကောင်းမွန်တဲ့ နိုင်ငံတစ်ခု၊ နေရာတစ်ခုလို့ ပြောလို့ရသွားပါပြီ။

> **“လူတိုင်းလူတိုင်းအတွက် ပွဲကြည့်ပရိသတ်နေရာမှာ ရှိနေခွင့်သာမက ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်တွေ ရရှိနေကြပြီ ဖြစ်ပါတယ်။ အထူးသဖြင့် ဒီကနေ့ ခေတ်စနစ်လို ဒီမိုကရေစီနိုင်ငံတော်မျိုးမှာဆိုရင် နိုင်ငံသားတိုင်းအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်တွေ တံခါးဖွင့်ထားပြီဖြစ်ပါတယ်”**

လူမှုရေးကဏ္ဍမှာပဲကြည့်မလား။ အစိုးရပိုင်းက လူမှုရေးဦးတည်ချက်တွေချမှတ်ပြီး ဆောင်ရွက်နေတာရှိသလို ပုဂ္ဂလိကအဖွဲ့အစည်းတွေကလည်း သူ့လမ်းစဉ်နဲ့သူ ချမှတ်ပြီး တစ်နိုင်တစ်ပိုင်ကြိုးစားဆောင်ရွက်နေကြတာတွေရှိတယ်။ လူမှုရေးလုပ်ငန်းတွေနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေ အများကြီးရှိတယ်။ ဒီကဏ္ဍမှာကျတော့ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှု အင်မတန်ကောင်းတယ်လို့ ပြောနိုင်တဲ့သက်သေသာဓကတွေ အများကြီးရှိတယ်။ အဲဒီလို အများကြီးရှိလို့လည်း တော်တော်လေးကို ထိရောက်အောင်မြင်နေတာကို တွေ့နိုင်မှာဖြစ်ပါတယ်။ ဒါက ပြည်သူလူထုပူးပေါင်းပါဝင်မှုကတစ်ဆင့် ရရှိလာတဲ့ အောင်မြင်မှုပြယုဂ်ပါပဲ။ ဘယ်နေရာကိုကြည့်လိုက်၊ ကြည့်လိုက် လူမှုရေးအသင်းအဖွဲ့တွေ အများကြီးရှိနေတယ်။ ကိုယ်စွမ်းနိုင်သလောက် ကြိုးစားနေကြတယ်။ ပြည်သူအချင်းချင်းလည်း အားကိုးယုံကြည်မှုတွေ ရှိနေကြတယ်။

တခြားကဏ္ဍတွေမှာလည်း ဒီလိုပါပဲ။ စီးပွားရေးကဏ္ဍ၊ နိုင်ငံတော်ကလုပ်ရုံနဲ့မရဘူး။ နိုင်ငံတော်ဆိုတာက စီးပွားရေးလုပ်တဲ့ အဖွဲ့အစည်းမဟုတ်ဘူး။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရှိနေပေမယ့် ပုဂ္ဂလိကလုပ်ငန်းတွေနဲ့စာရင် အလွန်နည်းတယ်လို့ပဲပြောရမယ်။ နည်းတာကလည်း သဘာဝကျတယ်။ နိုင်ငံတော်ပိုင်းကမဖြစ်မနေ လည်ပတ်ရမယ့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကလွဲလို့ ကျန်တာတွေက ပုဂ္ဂလိကကဏ္ဍမှာပဲရှိနေတာ။ ဒီတော့ နိုင်ငံ့စီးပွားရေး မြင့်မားဖို့ဟာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေ အဆင်ပြေတိုးတက်နေမှဖြစ်မှာ။ နိုင်ငံတော်ဘက်ကတော့ ဒီစီးပွားရေးလုပ်ငန်းတွေ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်အောင် သင့်တင့်လျောက်ပတ်တဲ့မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတွေ ချမှတ် အကောင်အထည်ဖော်ပေးရမှာပါ။ အဲဒီမူဝါဒချမှတ်ရေးအပိုင်းမှာလည်း လုပ်ငန်းရှင်ပြည်သူတစ်ယောက်အနေနဲ့ ဘယ်ကဏ္ဍရဲ့မူကိုတော့ ဘယ်လိုလေးပြင်ဆင်သင့်တယ်။ ဘယ်နေရာလေးကတော့ ဘယ်လိုလေး ပြန်လည်ဖြည့်စွက်လိုက်သင့်တယ်ဆိုတာလေးကို တာဝန်ရှိတဲ့သူတွေဆီ အကြံဉာဏ်ပေးရမှာပါ။ သူက တာဝန်ရှိတဲ့သူပဲ၊ သူ့ဘာသာသူ လုပ်ပါစေဆိုပြီး ဒီအတိုင်းထားဖို့မသင့်ပါဘူး။ အခုသွားနေတဲ့လမ်းစဉ်ကိုက စုပေါင်းအင်အားနဲ့ သွားနေတာပါ။ ဒီတော့ အားလုံးစုပေါင်းပြီး ချီတက်နိုင်ကြမှ ပိုပြီးခရီးတွင်မှာပါ။

ပညာရေးကဏ္ဍမှာကြည့်မလား။ ပညာရေးစနစ်ကောင်းတယ်၊ မကောင်းဘူး၊ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုပြီး ပြောဆိုဝေဖန်မှုတွေကတော့ အများကြီးပါ။ သို့သော်လည်း ဒီကဏ္ဍထဲမှာ၊ ဒီနယ်ပယ်ထဲမှာ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ပေးတဲ့သူတွေ ဒီထက်မက ပိုမိုများပြားလာဖို့က ပိုအရေးကြီးနေပါတယ်။ ကိုယ်က ပညာရေးနဲ့ ပတ်သက်တဲ့ ပညာရှင်လား၊ ဒါဆိုရင်တော့ ပူးပေါင်းပါဝင်ဖို့၊ ကိုယ်တိုင်ဝင်ရောက်ဆောင်ရွက်ဖို့ တကယ်ကိုလိုအပ်ပါတယ်။ မူဝါဒပိုင်း ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်တဲ့ အကြံဉာဏ်တွေပေးမလား၊ ကိုယ်တိုင်ပဲ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးမလား၊ လုပ်စရာကိုင်စရာတွေ၊ ဖြည့်စရာကွက်လပ်တွေ အများကြီးရှိနေမှာပါ။ ကိုယ်က ပညာရှင်မဟုတ်ဘူးလား။ ရတယ်။ ဒါလည်း ပူးပေါင်းဆောင်ရွက်စရာကိစ္စတွေ အများကြီးရှိနေသေးတယ်။ ပညာရေးကဏ္ဍမှာ တတ်စွမ်းသမျှ ပါဝင်လှူဒါန်းမလား။ ဒါမှမဟုတ် ကိုယ့်ရပ်ကိုယ့်ရွာမှာရှိတဲ့ ကျောင်းကလေးမှာ ကျောင်းအကျိုးတော်ဆောင်ဝင်လုပ်မလား။ ရွာကျောင်းက ခြံစည်းရိုးတိုင်လေး ယိုင်နဲ့နေတာကို သွားပြီးထူမတ်ပေးမလား။ ရွာကျောင်းမှာ တောထနေတဲ့ ချုံပုတ်လေးတွေကို ခုတ်ထွင် ဓားနဲ့ယမ်းပေးမလား။ ကိုယ်ဖြည့်ပေးနိုင်မယ့် ကွက်လပ်တွေက အများကြီးရှိနေမှာပါ။

**ပရိသတ်အဆင့်ထက်သာလွန်**

တို့ဆီကလူတွေ စည်းကမ်းမဲ့လိုက်တာ၊ မြို့ထဲ၊ ရွာထဲကို ကြည့်လိုက်တာနဲ့ အမှိုက်တွေ၊ ကွမ်းသွေးတွေ၊ စွန့်ပစ်ပစ္စည်းတွေနဲ့ ညစ်ပတ်ရှုပ်ပွနေတာပဲလို့ ပြောနေမယ့်အစား ကိုယ်ကိုယ်တိုင် စွန့်ပစ်မယ့်အမှိုက်ကို သတ်မှတ်ထားတဲ့ အမှိုက်ပုံးထဲမှာပဲထည့်မယ်၊ သတ်မှတ်ထားတဲ့နေရာမှာပဲ ပစ်မယ်၊ ကွမ်းသွေးကို တွေ့ရာနေရာမှာ မထွေးဘူးဆိုပြီး စည်းကမ်းတကျ လိုက်နာနေထိုင်နိုင်မယ်ဆိုရင်တော့ ကိုယ်က ပရိသတ်အဆင့်ထက် သာလွန်သွားပါပြီ။ သန့်ရှင်းသာယာတဲ့ မြို့ရွာများဖြစ်ပေါ်လာစေရေးလုပ်ငန်းစဉ်ကြီးမှာ ကိုယ်တိုင်ပါဝင်ဆင်နွှဲနေတဲ့သူ ဖြစ်သွားပါပြီ။ ကိုယ့်ပတ်ဝန်းကျင်ကလူတွေကိုပါ ကိုယ့်လိုပဲ စည်းကမ်းတကျဖြစ်လာအောင် တိုက်တွန်းစည်းရုံးနိုင်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေ့ါ။

ကိုယ့်ဆီမှာ ယာဉ်တိုက်မှုတွေများလိုက်တာ၊ မောင်းတဲ့သူတွေကလည်း စည်းကမ်းမဲ့လိုက်တာလို့ ပြောနေမယ့်အစား ကိုယ်ကိုယ်တိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို တိတိကျကျ လိုက်နာမယ်ဆိုရင်၊ ကိုယ်နဲ့နီးစပ်ရာလူတွေကိုလည်း လိုက်နာကြဖို့ တိုက်တွန်းပေးမယ်ဆိုရင်၊ ဒီလိုပဲ နိုင်ငံသားတိုင်းက လိုက်နာနိုင်ကြမယ်ဆိုရင် ဒီကနေ့ ကြုံတွေ့နေရတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြဿနာတွေကို အထိုက်အလျောက် ပြေလည်သွားစေမှာပါ။

တိုင်းပြည်ကို ငြိမ်းချမ်းရေးအမြန်ရစေချင်တယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးကိုလည်း ကြိုဆိုထောက်ခံတယ်။ ဒါပေမယ့် ဒီကနေ့သွားနေတဲ့အရွေ့ကို အားမရနိုင်ဘူးဖြစ်နေတယ် စသဖြင့် ပြောကြသူတွေ အများကြီးရှိပါတယ်။ သို့သော်လည်း အဲဒီလိုပြောနေရင်းကတစ်ဆင့်၊ ငြိမ်းချမ်းရေးအကြောင်း ပြောဆိုဆွေးနွေး အဖြေရှာရင်းကတစ်ဆင့် ဒီကနေ့ ဒီလိုတွေဖြစ်နေရတာဟာ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့်၊ ဘယ်အဖွဲ့အစည်းတွေကြောင့်၊ ဟိုလူတွေကြောင့်၊ ဒီလူတွေကြောင့် စသည်အားဖြင့် အချင်းချင်းစိတ်ဝမ်းကွဲပြားစေမယ့် စကားလုံးတွေ၊ အချင်းချင်းမညီမညွတ်ဖြစ်စေမယ့် စကားလုံးတွေ၊ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြားက မီးစလေးတွေကို မီးတောက်ကြီးတွေဖြစ်သွားအောင် လေပင့်ပေးသလိုဖြစ်စေမယ့် စကားလုံးမျိုးတွေကို သုံးမိလျက်သားဖြစ်သွားတတ်တယ်။ ဒီလိုအပြောမျိုးတွေကို ရှောင်ကြဉ်တာ၊ ငြိမ်းချမ်းရေးကို ဦးတည်တဲ့စကားတွေပဲ ပြောဆိုတာ၊ ငြိမ်းချမ်းရေးကို ဦးတည်တဲ့စာတွေကိုပဲ ရေးသားတာတွေကလည်း တိုင်းပြည်ရဲ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီးကို တစ်တပ်တစ်အား ဝင်ရောက်ကူညီအားဖြည့်ခြင်းပါပဲ။

**အတ္တ၊ ပရ မျှတ**

ဒီလိုပါပဲ။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသရဲ့အရေးအတွက်၊ ကိုယ့်နိုင်ငံရဲ့အရေးအတွက် ကိုယ်တိုင်ဝင်ရောက် ဆောင်ရွက်နိုင်တဲ့အရာတွေ အများကြီးရှိနေပါတယ်။ အများကြီးမှ တကယ့်ကို အများကြီးရှိနေပါတယ်။ ကိုယ့်အရေးကိုလည်းဆောင်ရွက်မယ်၊ ရပ်ရေးရွာရေး၊ နိုင်ငံ့အရေးကိုလည်း ဆောင်ရွက်မယ်။ အတ္တ၊ ပရ မျှတအောင် ဆောင်ရွက်နိုင်မယ်ဆိုရင် အခြေအနေအရပ်ရပ်ဟာ ပို၍ ပို၍ ကောင်းမွန်လာမှာပါ။

တကယ်တော့ နိုင်ငံတစ်ခုကို တည်ဆောက်တဲ့နေရာမှာ တိုင်းသူပြည်သားတွေရဲ့ စုပေါင်းအင်အားတွေပါမှသာ ခရီးတွင်တာပါ။ ဒီအစိုးရကို ဘယ်သူတွေက တင်မြှောက်ထားသလဲ၊ ဒီပြည်သူတွေကပဲ ရွေးကောက်တင်မြှောက်ထားတာဖြစ်ပါတယ်။ အစိုးရရဲ့အသုံးစရိတ်တွေ ဘယ်ကရသလဲ၊ ပြည်သူလူထုဆီကလာတဲ့ အခွန်အခတွေကနေ ရရှိတာဖြစ်ပါတယ်။ အစိုးရကရော ဘယ်သူ့အတွက် အလုပ်လုပ်နေသလဲ၊ ဒီပြည်သူတွေအတွက်ပဲ အလုပ်လုပ်နေတာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်တစ်ခုရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘယ်အရေးမှာပဲဖြစ်ဖြစ် တာဝန်ရှိသူဆိုတဲ့သူတွေချည်း သီးသန့်လုပ်ကိုင်ဆောင်ရွက်နေတာထက် ပြည်သူလူထုကြီးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ပိုမိုကြီးမားတဲ့ ထိရောက်အောင်မြင်မှုတွေကို ရရှိတာဖြစ်ပါတယ်။

ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရဲ့ ထောက်တိုင်ကြီးတွေထဲမှာ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဆိုတာကလည်း အရေးကြီးတဲ့ ထောက်တိုင်ကြီးအဖြစ်၊ မဏ္ဍိုင်ကြီးတစ်ခုအဖြစ် ပါဝင်နေပါတယ်။ နိုင်ငံသားတစ်ဦးချင်းစီက ကိုယ်စီအသိနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုတိုးတက် ကောင်းမွန်လာမှာဖြစ်ပါတယ်။

အစပိုင်းမှာ တင်ပြခဲ့သလိုပဲ သာမန်အားဖြင့် ကိုယ့်ကိုယ်ကိုယ် ပွဲကြည့်ပရိသတ်တစ်ယောက်အဖြစ်သာ သဘောထားမိကြတာများပါတယ်။ တကယ်တော့ လူတိုင်းလူတိုင်းအတွက် ပွဲကြည့်ပရိသတ်နေရာမှာ ရှိနေခွင့်သာမက ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်တွေ ရရှိနေကြပြီဖြစ်ပါတယ်။ အထူးသဖြင့် ဒီကနေ့ ခေတ်စနစ်လို ဒီမိုကရေစီနိုင်ငံတော်မျိုးမှာဆိုရင် နိုင်ငံသားတိုင်းအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်တွေ တံခါးဖွင့်ထားပြီဖြစ်ပါတယ်။

နိုင်ငံတည်ဆောက်ရေးလုပ်ငန်းကြီးမှာ ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်ကြီးရှိနေပါပြီ။ ပါဝင်ဆင်နွှဲနိုင်တဲ့စွမ်းအား၊ လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့စွမ်းအားတွေလည်း ကိုယ်စီကိုယ်စီမှာ ရှိနေကြပါပြီ။ ဒီလိုဆိုတော့ အမှန်တကယ်ပါဝင်ဆင်နွှဲဖို့လည်း သင့်နေပါပြီ။ ကိုယ့်မှာ ဆောင်ရွက်နိုင်တဲ့စွမ်းအားရှိလျက်သားနဲ့၊ ဆောင်ရွက်နိုင်ခွင့်တွေလည်း ရှိနေလျက်သားနဲ့ ကိုယ်တိုင်ဝင်မပါဘဲနဲ့ ကြောင့်ကြမဲ့ ဘာသိဘာသာနေကြမယ်၊ သူ့ဘာသာဘာတွေပဲဖြစ်နေဖြစ်နေဆိုပြီး မဆိုင်သူတွေလိုနေကြမယ်ဆိုရင်တော့ သိပ်မသင့်တော်ပါဘူး။

ကိုင်း၊ လာပါ၊ ထပါ။ ပွဲကြည့်ပရိသတ်နေရာမှာပဲ ထိုင်မနေပါနဲ့တော့။ တိုင်းပြည်ရဲ့အနာဂတ်အတွက် ပစ္စုပ္ပန်ခရီးကို စုပေါင်းအင်အားနဲ့ သွားနေတဲ့ ဒီလိုအချိန်မျိုးမှာ တစ်ထောင့်တစ်နေရာကနေ ကိုယ်တိုင်ဝင်နွှဲလိုက်စမ်းပါလို့။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးနှင့် မြန်မာ့ဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်မှာကြား

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးနှင့် မြန်မာ့ဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့စွယ်စုံကျမ်းပြန်လည်ထုတ်ဝေရေးနှင့် မြန်မာ့ဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေရေးလုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စေရေးအတွက် ဆောင်ရွက်မှုအခြေအနေနှင့် အခက်အခဲများကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်စဉ် ကြုံတွေ့ရသော အခက်အခဲများနှင့် ညှိနှိုင်းပေါင်းစပ်ပေးစေလိုသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ကာ ဦးဆောင်ကော်မတီအစည်းအဝေး၊ ပညာရှင်များပါဝင်သော အစည်းအဝေးနှင့် စာတည်းအဖွဲ့ဝင်များ၏ အပတ်စဉ်အစည်းအဝေးများ ကျင်းပပြုလုပ်မှုနှင့်အတူ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ တည်ပုဒ် ၃၉၆ ပုဒ်ကို ပထမတွဲအဖြစ် ဖွဲ့စည်းထားသည့် မူကြမ်းစာအုပ်ရရှိခဲ့ပြီဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မဟာဗန္ဓုလလမ်းရှိ ကြေးမုံသတင်းစာတိုက် ကြော်ငြာလက်ခံဌာနတွင် ကြည့်ရှုစဉ်။

ဝင်းမူကြမ်းစာအုပ်ကို ဘာသာရပ်အလိုက် ပညာရှင်များထံ ဖြန့်ဝေစစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ လာမည့် ဒီဇင်ဘာ ဒုတိယအပတ်တွင် အပြီးသတ်ပြင်ဆင်နိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ထုတ်ဝေနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိရာ အတွဲ (၁) ကို ယခုအောက်တိုဘာလကုန်အပြီး စာအုပ်ချုပ်နိုင်ရန်နှင့်စာပေလောကမှထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အတွဲ (၂) မှာ ဒုတိယအကြိမ် စစ်ဆေးပြင်ဆင်လျက်ရှိပြီး ယခုအောက်တိုဘာလကုန်ခန့်တွင် စာပေဗိမာန်က ပုံနှိပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အတွဲ (၃) မှာ ပထမအကြိမ် စစ်ဆေးပြင်ဆင်လျက်ရှိပြီး လာမည့် နိုဝင်ဘာလဆန်းတွင် စာပေဗိမာန်က ဆက်လက်ပုံနှိပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပနိုင်ရေး ဆွေးနွေးမှုပြုလုပ်ပြီး စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများကျင်းပရန် နေရာထိုင်ခင်း၊ အသံစနစ်၊ ရိုက်ကူးရေးအတွက် ပြင်ဆင်ထားရှိမှုများကို လည်းကောင်း၊ မဟာဗန္ဓုလလမ်းရှိ ကြေးမုံသတင်းစာတိုက် ကြော်ငြာလက်ခံဌာနတွင် အများပြည်သူအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ဦးဆောင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးအတွက် ဌာနဆိုင်ရာအသီးသီး၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့်သာလျှော့ချနိုင်မည် ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုပါက ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှုဒဏ်များ၊ သဘာဝဘေးအန္တရာယ်များ တိုးမြင့်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းအခြေအနေမှာ ကမ္ဘာကြီးတစ်ခုလုံးကို အရေးကြီးနေပြီဟု သတိပေးနေခြင်းဖြစ်ပြီး ဂရုပြုရမည့်အနေအထား ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးထိခိုက်နစ်နာမှုများဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးကြန့်ကြာစေကာ လူမှုဘဝများ ပိုမိုနိမ့်ကျလာစေနိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကို လျှော့ချနိုင်ရေးအတွက် လူသားများကို စောင့်ရှောက်ပြီး ရပ်တည်ခွင့်ပြုနေသည့် ကမ္ဘာကြီးကို ဘယ်လိုပြန် အကျိုးပြုမလဲ၊ တုံ့ပြန်မလဲဆိုသည်ကို စဉ်းစားကြဖို့လိုအပ်ပါကြောင်း၊ လူသားအချင်းချင်းအကြား စာနာထောက်ထားမှုများအပြင် သဘာဝတရားနှင့် လူသားများအကြား ဂေဟစနစ်များကို စနစ်တကျပြန်လည်ထိန်းသိမ်းရန် စောင့်ရှောက်ဖို့ လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအဖွဲ့အစည်းများ ကိုယ်စားလှယ်တစ်ဦးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယို မှတ်တမ်းပြသသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့က မှတ်တမ်းဓာတ်ပုံနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂက ကမ္ဘာတစ်ဝန်းမှာ သဘာဝဘေးလျော့ပါးရေးနေ့အတွက် ဆောင်ရွက်မည့် ဆောင်ပုဒ်မှာ "ပြည်သူ့ဘဝ တိုးတက်ပြောင်းလဲဖို့ ဘေးဒဏ်ကြောင့် စီးပွားဆုံးရှုံးမှု လျှော့ချစို့" ဖြစ်ရာ ယင်းဆောင်ပုဒ်နှင့်အတူ သဘာဝဘေးလျော့ပါးရေးကို အဓိကထားဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍပေါင်းစုံမှာ ဆုံးရှုံးရသည့်အတွက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျပါကြောင်း၊ ထို့ကြောင့် ကြိုတင်ကာကွယ် ပြင်ဆင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးပူးပေါင်းပြီး ဆောင်ရွက်မှုသာ သဘာဝဘေးများ လျော့ပါးလာမှာဖြစ်ပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များဖြင့် ပြည်သူများကို အသိပေးရင်း ယနေ့အခမ်းအနားအား ကျင်းပခြင်းဖြစ်ကြောင်းကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်း ဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့်တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကော်မတီဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းအဖွဲ့ (DRR Working Group)မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ- အေးမင်းသူ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့် ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

မောင်တောမြို့ အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေး ရေယာဉ်နှစ်စင်းဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)BGBတပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့်လည်းကောင်း မင်္ဂလာကြီးချောင်းဝထိပ် နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံ နယ်နိမိတ်ရေမိုင်အမှတ်(၈)၌ တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဦးရှည်ကျချောင်းဝအနီး ရေမိုင် ၁၁ အထိ နှစ်ဖက်ညှိနှိုင်းကင်းလှည့် ဆောင်ရွက်ခဲ့ကြသည်။







အလားတူ ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄)BGB တပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုး လမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၃၈) မှ (၃၉) ထိ လည်းကောင်း၊ နယ်မြေ(၁) အမှတ်(၅)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၆) မှ (၄၇) ထိလည်းကောင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# (၁၂၂) ကြိမ်မြောက်သွေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြို့နေ "စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ် ဖောင်ဒေးရှင်း" တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဦးစန်းမောင်မြင့် (နန်းဦးလွင်-M.A Japan) (လူမှုထူးချွန်-ပထမဆင့်) သည် စက်တင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ၎င်းစည်းရုံး ဆော်ဩထားသော အခြားသွေးလှူရှင် ၁၅၆ ဦးတို့နှင့်အတူ စေတနာအလျောက် (၁၂၂) ကြိမ်မြောက် သွေးလှူဒါန်းသွားကြောင်း သိရသည်။



**သတင်းစဉ်**

သင့်သွေးဖြင့် အသက်ကယ်ပါ

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ





အောက်တိုဘာ ၁၃ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA ) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော်၌ကျင်းပမည့် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ ရခိုင်လွတ်မြောက်ရေးပါတီ(ALP)၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) နှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စောဟဲဆေးနှင့်ချင်းအမျိုးသားတပ်ဦး(CNF)မှ ဆလိုင်းရန်ကူကျုံး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)နာယက ခွန်ဥက္ကာ၊ ရခိုင်လွတ်မြောက်ရေးပါတီ(ALP)ဗဟိုကော်မတီဝင် ခိုင်ကျော်လှိုင်၊ လားဟူဒီမိုကရက်တစ် အစည်းအရုံ(LDU)ဥက္ကဋ္ဌ ကြာခွန်ဆာနှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာတို့သည် ယနေ့ ညနေ ၅ နာရီ ၃၅ မိနစ်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့အတူ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA-PC) အတွင်းရေးမှူး ဒေါက်တာနော်ကပေါ်ထူး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)ဥက္ကဋ္ဌ စောမိုရှေးနှင့် ရခိုင်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်တို့သည် ကိုယ်စားလှယ်များနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တနေထိုင်တည်းခိုမည့် သတ်မှတ်နေရာများသို့ ပို့ဆောင်ပေးကြသည်။ **သတင်းစဉ်**





အောက်တိုဘာ ၁၃ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တည်းခိုမည့်ဟိုတယ်သို့ရောက်ရှိလာရာ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြစဉ်။

**❑ တရုတ်ခရီးစဉ်မှ**

Qingdao Chen Xi အသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် Qingdao Football Association အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အဆင့်(၁)နှင့် (၂) ရရှိသော အသင်းများမှာ ဗိုလ်လုပွဲ၊ တတိယနှင့် စတုတ္ထ ရရှိသောအသင်းများမှာ တတိယ နေရာလုပွဲ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကိုမူ အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယခုခရီးစဉ်အတွက် ကစားသမား ၂၀ ခေါ်ဆောင်သွားပြီး နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်နေသည်။ **ရှိုင်းထက်ဇော်**

**❍ ကုန်းတွင်းမုန်တိုင်းငယ်မှ**

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နမ့်ခမ်းမြို့နယ်၌ ယာဉ်လိုင်စင်များ ကွင်းဆင်းဆောင်ရွက်

**နမ့်ခမ်း အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်နှင့်အဖွဲ့သည် နမ့်ခမ်းမြို့နယ်တွင် အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို သက်တမ်းတိုးပေးခြင်း၊ ခရီးလွန်ယာဉ်စစ်ဆေး ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်များကို သက်တမ်းတိုးပေးခြင်း၊ နယ်ဝင်ဆောင်ရွက်ပေးခြင်းများကို နမ့်ခမ်းမြို့ မြို့နယ်ခန်းမနှင့် မန်အောင်ကျေးရွာတွင် သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းနှင့် အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝေမွန်(ရွှေရေမြေ)**

# ဒီပြဿနာကို တစ်ခါမဟုတ်ရင် နှစ်ခါ၊ နှစ်ခါ မဟုတ်ရင် သုံးခါ ဖြေကိုဖြေရှင်းပေးနိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျွန်တော်တို့အားလုံးဆောင်ရွက်ရင်တော့ ဒီလုပ်ငန်းအောင်မြင်မှာပါလို့ ပြောချင်ပါတယ်

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း

**နိုင်ငံတော်အစိုးရ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် အောက်တိုဘာ ၁၃ ရက်တွင် ရောက်ရှိလာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**ခွန်ဥက္ကာ(နာယက)**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PLNO)**

NCA အပေါ်မှာ ယုံကြည်မှုအပြည့်ရှိပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ ၁၀ ဖွဲ့က NCA စာချုပ်အပေါ်မှာ လွဲမှားပြီးတော့၊ ချွတ်ချော်ပြီးတော့ မယုံကြည်တာမရှိဘူး။ ပြဿနာက NCA စာချုပ်မှာပါတဲ့ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ အားနည်းချွတ်ယွင်းမှုရှိတယ်ဆိုတာကို ပြုပြင်ဖို့ပဲ။ NCA အပေါ်မှာတော့ အယုံအကြည်မရှိတာတို့၊ သို့တည်းမဟုတ် အခက်အခဲဖြစ်တာတို့ မရှိပါဘူး။ NCA အပေါ်မှာ ရပ်တည်ချက်ကတော့ ခိုင်မာပါတယ်။

NCA အပေါ်မှာ အခိုင်အမာ ရပ်တည်မယ်၊ NCA လမ်းကြောင်းအတိုင်း လျှောက်မယ်၊ သို့သော် အကောင်အထည်ဖော်ရေးမှာ ပြုပြင်ပြောင်းလဲဖို့လိုမယ်။ တွေ့ဆုံပွဲအတွက်ကတော့ အများကြီးမမျှော်လင့်သေးဘူး။ ဒီလိုတွေ့ဆုံဖို့အတွက် တောင်းဆိုနေတာကြာပြီဆိုတော့ ဒီလိုတွေ့ခွင့်ရတာကိုက ပထမရလဒ်ကောင်းပဲ၊ ပြီးတော့ ကျွန်တော်တို့ဆီက ခေါင်းဆောင်တချို့က နောက်ဆုံးမှာ မျက်နှာစုံညီတွေ့ဖို့ လိုအပ်တယ်ဆိုပြီး PPST ခေါင်းဆောင်တွေကလည်း သဘောထားတညီတညွတ်တည်း ဖြစ်လာတာလည်း အောင်မြင်မှုတစ်ခုပါပဲ။ ဒီအောင်မြင်မှုနှစ်ခုကို ကြည့်ပြီးတော့ ရလဒ်ကတော့အများကြီး မရတောင်မှ ရလဒ်ကောင်းတွေ ထွက်နိုင်တယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ဒုတိယဥက္ကဋ္ဌ) ချင်းအမျိုးသားတပ်ဦး(CNF)**

ပြီးခဲ့တဲ့ ညီလာခံနှစ်ခါတုန်းက ကျွန်တော်တို့ ပိတ်ဆို့နေတဲ့ အချက်တွေရှိပါတယ်။ ၂၀၁၇ ခုနှစ် မေလ ညီလာခံမှာတုန်းက ပိတ်ဆို့မှုတွေကို ဖယ်ရှားမယ်ဆိုပြီးတော့ ညီလာခံတစ်ခါ ပြန်လုပ်တယ်။ အဲဒီတစ်ဆို့မှုတွေကို အဓိကထားပြီးဖြေရှင်းဖို့ ထိပ်သီးတွေကို ခေါ်တာပါ။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မှာလည်း ကျွန်တော်တို့ အခုလုပ်နေကျပုံစံအတိုင်း ဆက်လုပ်ရင်တော့ သိပ်အဆင်မပြေဘူး။ ဒီနေ့ NRPC မှာလုပ်တဲ့ အစည်းအဝေးကတော့ ပြင်ဆင်ရေးအစည်းအဝေးပဲ ဖြစ်ပါတယ်။ အစည်းအဝေး ပြင်ဆင်ရေးအဖွဲ့ဆိုတော့ Agenda တွေ၊ ဆွေးနွေးမယ့် အကြောင်းအရာတွေနဲ့ အခင်းအကျင်းတွေကို ပြင်ဆင်ပေးပါတယ်။ တကယ်အစည်းအဝေး ဆုံးဖြတ်ချက်ချမယ့်သူတွေက ခေါင်းဆောင်ကြီးတွေပဲဖြစ်ပါတယ်။

ဒီတိုင်းပြည်မှာ တကယ့်ထိပ်ဆုံး အရေးကြီးဆုံးပုဂ္ဂိုလ်တွေထိုင်မယ့် အစည်းအဝေး အခင်းအကျင်းအသေးစိတ်ကို ပြောဖို့တော့ မကောင်းသေးပါဘူး။ သို့သော် ဒီတိုင်းပြည်မှာ မရှိမဖြစ်လိုအပ်တဲ့ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို အခက်အခဲဖြစ်စေတဲ့ တစ်ဆို့မှုတွေကို UPDJC၊ လုပ်ငန်းကော်မတီ၊ အတွင်းရေးမှူးအဆင့်တို့နဲ့တော့ ကျွန်တော်တို့ကျော်လွှားလို့ မရတော့ဘူး။ ဒီအခက်အခဲအားလုံး ကျော်လွှားနိုင်မယ့် ပုဂ္ဂိုလ်တွေက တကယ့်ပေါ်လစီ ချမှတ်နိုင်မယ့် ဒီတိုင်းပြည်က တကယ့်ထိပ်ဆုံး ခေါင်းဆောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေက NCA လက်မှတ်ရေးထိုးထားတဲ့ ဥက္ကဋ္ဌတွေ၊ တကယ့်ဆုံးဖြတ်ပေးနိုင်မယ့် ခေါင်းဆောင်တွေ တွေ့မှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့အနေနဲ့က မျှော်လင့်ချက်အများကြီးထားပါတယ်။ သို့သော် အဲဒီလိုအများကြီး မျှော်လင့်ချက်ထားတယ်ဆိုတဲ့နေရာမှာ တစ်ခါတည်းနဲ့ ပွဲပြီးမယ်ဆိုတာမျိုးကိုတော့ ပြည်သူလူထုကို မျှော်လင့်ချက်မပေးချင်ဘူး။ ဘာလို့လဲဆိုတော့ နှစ်ပေါင်း ၇၀ ကျော် ကြာပြီဖြစ်တဲ့ ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ကျွန်တော်တို့ နူးညံ့သိမ်မွေ့စွာ ကိုင်တွယ်ဖို့လိုတယ်။ တဖြည်းဖြည်းချင်း ဆောင်ရွက်ဖို့လိုတယ်။

ပိတ်ဆို့နေတာတွေကို ကျော်လွှားမယ်ဆိုတဲ့နေရာမှာ နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်ဖို့လိုတယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း စိတ်ရှည်လက်ရှည်နဲ့ လုပ်ဖို့လိုတယ်။ တစ်ခါတည်းနဲ့ တကယ့်ထိပ်သီးခေါင်းဆောင်ကြီးတွေကို ဒါလုပ်ပါ၊ ဖြေရှင်းပေးပါဆိုပြီးတော့ တစ်ခါတည်းနဲ့ အတင်းခိုင်းလို့ မကောင်းပါဘူး။ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့တွေအားလုံးက NCA လမ်းကြောင်းကလွဲလို့ တခြားလမ်းကြောင်း မရှိဘူးဆိုပြီး လက်မှတ်ရေးထိုးကြတာ ဖြစ်ပါတယ်။ NCA လမ်းကြောင်းကနေ ကျွန်တော်တို့ တခြားလမ်းကြောင်းရွေးမိလိုက်ပြီဆိုရင် ဒီတိုင်းပြည်ကို ပိုပြီးတော့ ဒုက္ခပေးသလိုဖြစ်မယ်။ ဒီတိုင်းပြည်ရဲ့ ပြည်တွင်းစစ်ကို ရှည်ကြာစေမယ့် နည်းလမ်းကို ရွေးမိတာဖြစ်သွားပါလိမ့်မယ်။

NCA ဆိုတာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ဖြစ်တယ်။ နိုင်ငံရေးပြဿနာကို စစ်ရေးနဲ့ ဖြေရှင်းဖို့ ကြိုးစားတာ နှစ်ပေါင်း ၇၀ ကြာပါပြီ။ အဖြေလည်းမရပါဘူး။ ကျွန်တော်တို့ တိုင်းပြည်ထူထောင်ခဲ့တုန်းက ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ ပင်လုံမှာတွေ့ပြီးတဲ့ နောက်ပိုင်း အခုလို တကယ့်နိုင်ငံရေးရဲ့ ပြဿနာ ဒီတိုင်းပြည်ရဲ့ အရေးကြီးဆုံးပြဿနာကို မျက်နှာချင်းဆိုင်တွေ့ဆုံကြမယ့်ပွဲမျိုးဟာ ကျွန်တော်တို့ တိုင်းပြည်သမိုင်းမှာ တစ်ခါမှ မရှိဘူး။ အဲဒီလိုအရေးကြီးတဲ့ ပွဲမျိုးဖြစ်တယ်။ အဲဒီအတွက်ကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့လည်း အားပေးဖို့ပါ။ ကျွန်တော်တို့ ဖြစ်အောင် ဆောင်ရွက်နိုင်တာကိုပဲ ဝမ်းသာရမှာဖြစ်တယ်။ ခေါင်းဆောင်ကြီးများကိုလည်း လေးစားဂုဏ်ပြုရမှာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ဒီပြဿနာကို တစ်ခါမဟုတ်ရင် နှစ်ခါ၊ နှစ်ခါ မဟုတ်ရင် သုံးခါ ဖြေကိုဖြေရှင်းပေးနိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျွန်တော်တို့ အားလုံးဆောင်ရွက်ရင်တော့ ဒီလုပ်ငန်း အောင်မြင်မှာပါလို့ ပြောချင်ပါတယ်။

**ဦးမျိုးဝင်း(ဒုတိယဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)**

ဒီတစ်ခေါက် တွေ့ဆုံမှုဖြစ်လာရတဲ့ အကြောင်းအရင်းက အားလုံးသိတဲ့အတိုင်းပဲ တတိယပင်လုံအစည်းအဝေးမှာ EAO ၁၀ ဖွဲ့ရဲ့ခေါင်းဆောင်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ကြတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့တွေ့တယ်။ အလုပ်သဘော တွေ့ဆုံမှုအခြေခံကနေပြီးတော့မှ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကို ပိုပြီးချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ဖို့အတွက်၊ နိုင်ငံရေးသဘောတူညီချက်တွေ ချောချောမွေ့မွေ့ ချမှတ်နိုင်ဖို့အတွက် ထိပ်သီးခေါင်းဆောင်တွေ ဆွေးနွေးညှိနှိုင်းဖြေရှင်းဖို့လိုအပ်တဲ့ အခြေခံပေါ်ကနေပြီးတော့ အခုလိုဆွေးနွေးပွဲ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။

ညှိနှိုင်းဖို့လိုအပ်နေတဲ့ အကြောင်းအရာတွေက လုပ်ငန်းစဉ်အပိုင်းမှာလည်း ရှိတယ်။ မူဘောင်ပိုင်းဆိုင်ရာမှာလည်း ရှိတယ်။ နိုင်ငံရေးဆွေးနွေးမှုကိစ္စမှာလည်း ရှိတယ်။ အခြေခံအားဖြင့်၊ လုပ်ငန်းစဉ်အားဖြင့် ပြောမယ်ဆိုရင် Proposal ပေါ့။ Proposal အရ ပြောမယ်ဆိုရင် ရည်မှန်းထားတာကတော့ လာမယ့် ၂၀၂၀ မတိုင်ခင်မှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံမူတွေရအောင် သဘောထားကို ထုတ်ပြန်ထားတာရှိပါတယ်။ အဲဒါကို လက်တွေ့အကောင်အထည်ဖော်ဖို့၊ မူတွေရအောင် ဘယ်လိုနည်းလမ်းတွေနဲ့ ဘယ်လိုအဆင့်ဆင့် အကောင်အထည်ဖော်ဖို့ မူဝါဒသဘောထားတွေချပေးဖို့လိုတယ်။ မူဝါဒသဘောထားတွေ ချပေးလိုက်တယ်ဆိုရင် ချပေးလိုက်တဲ့ မူဝါဒသဘောထားပေါ်မှာ အခြေခံပြီး UPDJC က အသေးစိတ်အကောင်အထည် ဖော်ရမှာပါ။ အဲဒါလည်း Proposal အရ ပြောမယ်ဆိုရင် ဒါတွေ လိုအပ်နေတဲ့ အပိုင်း ဖြစ်ပါတယ်။

အခု နိုင်ငံရေးဆွေးနွေးမှုမူဘောင်အပိုင်းမှာလည်း ရှုပ်ထွေးနေတဲ့အပိုင်းတွေ နည်းနည်းရှိတယ်။ ဆိုလိုတာက နိုင်ငံရေးဆွေးနွေးမှုပုံသဏ္ဌာန်အဆင့်ဆင့်ကို ပြဋ္ဌာန်းထားတယ်။ သတ်မှတ်ထားတယ်။ နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်ကိုလည်း ရှင်းလင်းလွယ်ကူအောင် လုပ်ဖို့လိုအပ်တယ်ဆိုတဲ့ဟာတွေ တွေ့ရှိရပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သုံးနှစ်လောက် အကောင်အထည်ဖော်ပြီးတဲ့ နောက်ပိုင်းမှာ တွေ့ရှိရတဲ့ မူဘောင်ဆိုင်ရာ အားနည်းချက် အဲဒါကိုလည်း လူကြီးတွေကနေ လိုအပ်တဲ့ လမ်းညွှန်မှုတွေ ချပေးဖို့လိုတယ်။ အရေးကြီးဆုံးက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ခွဲမထွက်ရေးကိစ္စ၊ တစ်ခုတည်းသော တပ်မတော်ကိစ္စ အဲဒီမူပိုင်းဆိုင်ရာကိစ္စမှာလည်း ညှိနှိုင်းဖို့ လိုအပ်နေတဲ့ အချက်တွေရှိတယ်။ အဲဒါတွေကို ညှိနှိုင်းဆွေးနွေးသွားဖို့၊ မူဝါဒတွေ ခံယူသွားဖို့နဲ့ ရယူသွားဖို့အတွက်ကို ပြင်ဆင်ထားတာရှိတယ်။ ဒါတွေကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံမူရရှိနိုင်ဖို့အတွက် အများကြီး လမ်းပွင့်သွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ထိပ်သီးဆွေးနွေးပွဲဆိုတာက နှစ်ဖက်သဘောတူထားတဲ့ အကြောင်းအရင်းတွေ အပေါ်မှာမူတည်ပြီးတော့ နှစ်ဖက်ဆွေးနွေးနိုင်ဖို့ကို ပြင်ထားတာပါ။ အခုဆွေးနွေးပွဲ ဖြစ်လာရတာလည်း ABSDF က တင်ပြလို့ဖြစ်လာတာ။ အားလုံးတင်ပြတဲ့အတိုင်းပဲ အကြောင်းအရာငါးခုကို ဆွေးနွေးမယ်ဆိုတာ တော်တော်များများ သိနေကြပြီဖြစ်ပါတယ်။ အကြောင်းအရာ ငါးခုဆိုတာလည်း နေပြည်တော်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့မှာတင်ပြခဲ့တဲ့ အကြောင်းအရာငါးခုကိုပဲ အခြေခံပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

နည်းနည်းလေးကွဲပြားစေချင်တာကတော့ အခုထိပ်သီးဆွေးနွေးပွဲအဆင့်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ အခြေခံမူတွေချသလိုမျိုးအဆင့်မဟုတ်ဘူး။ မူတွေချမှတ်နိုင်ဖို့အတွက်ကို လမ်းညွှန်လောက်ပဲ ဒီအစည်းအဝေးက ချမှာဖြစ်ပါတယ်။ လမ်းညွှန်မှုတွေ ရှင်းရှင်းလင်းလင်းချပြီးရင် ရှင်းရှင်းလင်းလင်း အကောင်အထည်ဖော်ရမှာက UPDJC က အဲဒီအပေါ်ကနေ အသေးစိတ်အခြေခံမူ ဘယ်နှစ်ချက်၊ ဖက်ဒရယ် Principle ဆိုရင် ဘယ်နှစ်ချက်လဲ။ ဒီမိုကရေစီ Principle ဆိုရင် ဘယ်နှစ်ချက်လဲ။ အဲဒါက အဆင့်ဆင့် အရင်မူဘောင်ကို နိုင်ငံတော်သမ္မတကလည်း ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီထိပ်သီးအစည်းဝေးမှာ အဲဒီမူတွေအသေးစိတ် ညှိမှာမဟုတ်ပါဘူး။ အဲဒီမူတွေကို ညှိနှိုင်းတဲ့လမ်းညွှန်တွေကို ရှင်းလင်းအောင်ချပေးဖို့အတွက် ဖြစ်ပါတယ်။

NCA သုံးနှစ်မြောက် အခြေအနေကို ကြည့်မယ်ဆိုရင်၊ ရလဒ်အရပြောမယ်ဆိုရင် နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်တိုက်ကျင်းပနေတယ်။ အဲဒီနိုင်ငံရေးဆွေးနွေးပွဲတွေက တစ်ဆင့် ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်ပိုင်း ၁ အနေနဲ့ပြောမယ်ဆိုရင် ၃၇ ချက်၊ အစိတ်အပိုင်း ၂ က ၁၄ ချက် အားလုံး ၅၁ ချက်ရရှိပြီးပြီ။ ဒါပေမယ့် ရလဒ်တွေကို အားရသလားဆိုရင် ကိုယ့်ကိုယ်ကိုအားမရပါဘူး။ ဆက်လက်ပြီး အများကြီး ကြိုးပမ်းရမှာပါ။

ဒါပေမယ့် တိုင်းပြည်မှာနိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရနိုင်တယ်ဆိုတဲ့ အခြေအနေတစ်ခု ဖန်တီးနိုင်တယ်။ NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေကြားထဲမှာဆိုရင် အပစ်အခတ် တိုက်ခိုက်မှုတွေကို ၉၀ ရာခိုင်နှုန်းလောက် လျှော့ချနိုင်တယ်။ ၉၀ ရာခိုင်နှုန်း လျှော့ချနိုင်ခြင်းအားဖြင့် စစ်ပွဲကြောင့်ဖြစ်တဲ့ ပဋိပက္ခတော်တော်လေးကို ပြေလျော့သွားနိုင်တယ်။ ဒါက NCA စာချုပ်ချုပ်ဆိုခြင်းရဲ့ အပေါ်မှာအခြေခံပါတယ်။ ပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲတံခါးကို ဖွင့်နိုင်ခဲ့တယ်။ နိုင်ငံရေးဆွေးနွေးပွဲတံခါးကို NCA စာချုပ်အရ ဖွင့်နိုင်ခဲ့လို့ နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ အင်အားစုတွေ အားလုံး ပါဝင်လာနိုင်အောင် ဖန်တီးပေးနိုင်ခဲ့တယ်။ ဆိုလိုတာက တစ်ချိန်တုန်းက ဒီတိုင်းပြည်မှာ ဘယ်လိုမှ ပြောဖို့၊ ဆိုဖို့ မသင့်တဲ့ကိစ္စတစ်ခုဖြစ်နေတာမျိုး၊ ပြောပြီဆိုတာနဲ့ အရေးယူခံရတဲ့ အခြေအနေတွေ၊ အဲဒီအခြေအနေက အခု တစ်တိုင်းပြည်လုံးကိုကြည့်မယ်ဆိုရင် ဖက်ဒရယ်၊ဖက်ဒရယ်နဲ့ဆိုတဲ့ အခြေအနေဖြစ်နေပြီ။

နောက်တစ်ခုက လုံခြုံရေးကိစ္စပါ။ အခုဆိုရင် တစ်နိုင်ငံလုံးမှာ လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်လို့ ဆွေးနွေးကြတယ်။ ဖက်ဒရယ်နဲ့ ပတ်သက်လို့ ဆွေးနွေးနေကြတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြင်ဆင်နေကြတယ်။ ဒီလိုမျိုးနိုင်ငံရေးဝန်းကျင်တစ်ခုဖြစ်လာဖို့အတွက်ဆိုရင် လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး။ ဒါက NCA ရဲ့ ရလဒ်လို့ ပြောလို့ရပါတယ်။

**ဟန်မွှေးသန့်**
**ဓာတ်ပုံ-ထန်းဖုန်**




ခွန်ဥက္ကာ



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ဦးမျိုးဝင်း

## မြန်မာဂေါက်သီးရိုက်ကစားသမား ဟိန်းစည်သူ Web.com ပြိုင်ပွဲ ပထမအဆင့် လက်ရည်စစ်ပွဲအောင်မြင်

**ရန်ကုန် အောက်တိုဘာ ၁၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် Road to PGA ဖြစ်သည့် Web.com ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်ကစားသမား ဟိန်းစည်သူ ပထမအဆင့် လက်ရည်စစ်ပွဲအောင်မြင်ခဲ့သည်။

ဟိန်းစည်သူသည် ပထမနေ့တွင် ၇၁ ချက်၊ ဒုတိယနေ့တွင် အချက် ၇၀၊ တတိယနေ့တွင် ၆၉ ချက်၊ စတုတ္ထနေ့တွင် ၆၈ ချက်ဖြင့် ပြိုင်ပွဲအပြီးတွင် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အဆင့် ၁၀ နေရာတွင် ရပ်တည်ပြီး ပထမအဆင့်လက်ရည်စစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ပထမအဆင့် လက်ရည်စစ်ပွဲကို နေရာ ၁၀ ခု၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲတစ်ခုတွင် ကစားသမား ၈၀ ဖြင့် ကစားသမားစုစုပေါင်း ၈၀၀ ယှဉ်ပြိုင်ရာ ပြိုင်ပွဲတစ်ခုစီမှ ထိပ်ဆုံး ၂၀ စီဖြင့် စုစုပေါင်း ၂၀၀ မှာ ဒုတိယအဆင့်လက်ရည်စစ်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ဒုတိယအဆင့်လက်ရည်စစ်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ နေရာငါးနေရာ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတစ်ခုစီမှ ထိပ်ဆုံးကစားသမား ၂၀ ဖြင့် စုစုပေါင်း ၁၀၀ မှာ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိကျင်းပမည့် နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ဆုကြေးသတ်မှတ်ချက် အဆင့်(၁)မှ (၅၀)အထိရရှိသည့် ကစားသမား ၅၀ မှာ PGA ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ဟိန်းစည်သူသည် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ရလဒ်ကောင်းများရခဲ့သလို ကမ္ဘာ့အဆင့်၊ အာရှအဆင့်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုရခဲ့ကာ Phyo Si Thu Teak Plantation(Myanmar)နှင့် Bago Yoma Eco Resort (Myanmar)တို့မှ အဓိကပံ့ပိုးကူညီထားသူဖြစ်သည်။

**ဖိုးသော်ဇင်**

# (၉၈)နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ်နှင့် (၅၅)နှစ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

(၉၈)နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်နှင့် (၅၅)နှစ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ကျင်းပရာ အခမ်းအနားတွင် ကျော်ကျော်ဗိုလ်နှင့် စည်ဖြိုးတို့က ကွယ်လွန်သူ သရုပ်ဆောင်မင်းသွေးအား ရည်စူး၍ အလှူငွေပေးအပ်လှူဒါန်းကြောင်း သိရသည်။

ပူဇော်ပွဲတက်ရောက်လာသည့် ဟာသသရုပ်ဆောင် ဦးမိုးဒီက“အသက် ၇၁ နှစ်ရှိပြီ။ ဒီနှစ်က ပထမဆုံးအကြိမ် ကန်တော့ခံထဲမှာပါတာပါ။ အလွန်ဝမ်းသာစရာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာသမားတွေရော၊ ဘဝတူတွေရော၊ အင်မတန်တွေ့ချင်တဲ့သူတွေရော ဒီလိုတွေ့ရဖို့ မလွယ်ဘူး။ ဖန်တီးယူလို့မရဘူး။ အချိန်မတိုင်ခင် တဖြုတ်ဖြုတ် ကြွေလွင့်နေကြတာတွေလည်းရှိတယ်။ ကိုယ်တောင်မှ မနေ့က ည ၁၀ နာရီအထိ ဖြေရတယ်။ မသေပါဘူးဆိုတာ၊ သေတယ်ဆိုပြီး သတင်းတွေလှမ်းမေးကြတယ်။ နောက်နှစ် ဒီလိုဆုံဖို့ ဒီလူတွေအတိုင်း ဖြစ်ချင်မှလည်း ဖြစ်မယ်။ အဲဒါကြောင့် ကိုယ့်ထက်ကြီးတဲ့ပုဂ္ဂိုလ်တွေကို တဝကြီး လိုက်ကန်တော့လိုက်တယ်”ဟု ပြောကြားသည်။


ဦးညွန့်ဝင်း


ဦးမိုးဒီ


ဒေါ်ဝါဝါဝင်းရွှေ

အဆိုပါအခမ်းအနားတွင် ကန်တော့ခံ သက်ကြီးအနုပညာရှင်ကြီးများကို အနုပညာရှင်ညီအစ်ကိုမောင်နှမများက ကန်တော့ချီးဖြင့် သံပြိုင်ရွတ်ဆိုကန်တော့ကြပြီး လှူဖွယ်ဝတ္ထုများလှူဒါန်းရာ သက်ကြီးအနုပညာရှင်များကိုယ်စား ဘဘစည်သူဗိုလ်ကလေးတင့်အောင်က ဆုံးမဩဝါဒစကား ပြောကြားသည်။

ဆက်လက်၍ မင်းသားကြီး ဦးညွန့်ဝင်းက “အလွန်ကောင်းပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေ တွေ့လို့ဝမ်းသာတယ်။ မျိုးဆက်သစ်တွေက အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ ရုပ်ရှင်လောကကြီးက တို့ခေတ်နဲ့ယှဉ်ရင် လုံးဝတခြားစီဖြစ်သွားပြီ။ အခွင့်အရေးတွေ အများကြီးရလာပြီ။ အခွင့်အရေးတွေအသုံးချပြီးတော့ ကြိုးစားကြပါ။ ရုပ်ရှင်လောကကြီး ကြီးကျယ်ခမ်းနားသွားအောင်၊ ကမ္ဘာကသိသွားအောင်လုပ်ကြပါ။ အနုပညာရှင်နဲ့ ပရိသတ်တွေအားလုံး ကျန်းမာချမ်းသာကြပါစေ၊ ဒေါသခပ်သိမ်းကင်းငြိမ်းကြပါစေ၊ မြန်မာပြည်ကြီး ချမ်းသာပါစေ”ဟု ပြောကြားသည်။

ဆက်လက်၍ မင်းသမီးကြီး ဒေါ်ဝါဝါဝင်းရွှေက “အန်တီအသက် ၇၅ နှစ်ရှိပြီ။ ဒီနှစ်က ပထမဆုံးပါ၊ အန်တီ့အနုပညာသက်တမ်းက ၅၅ နှစ်ရှိပြီ၊ အသက် ၁၆ နှစ်ထဲက ရိုက်တာပါ။ အန်တီတို့ရဲ့ ရုပ်ရှင်လောကသားတွေ နှစ်စဉ်နှစ်တိုင်းပြုလုပ်နေတဲ့ သက်ကြီးအနုပညာရှင်၊ အတတ်ပညာရှင်တွေကို ဂါရဝထားပြီး ကန်တော့တာ မင်္ဂလာတစ်ပါးပါ”ဟု ပြောကြားသည်။

ယခုနှစ်တွင် ကန်တော့ခံသက်ကြီးအနုပညာရှင် ၁၆၅ ဦးအထိရှိပြီး ယခင်နှစ်ထက် အလှူငွေများရရှိကြောင်း၊ အနုပညာလောကသားများကလည်း စတုဒိသာမဏ္ဍပ်ပေါင်း ၆၀ ကျော်ဖြင့် တက်ရောက်လာသူများကို ကျွေးမွေးဧည့်ခံကြောင်း သိရသည်။ ယနေ့အခမ်းအနားသို့ ရဲအောင်၊ ဝေဠုကျော်၊ နေတိုး၊ ပြေတီဦး၊ နေမျိုးအောင်၊ ဟိန်းဝေယံ၊ သားညီ၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်၊ အေးမြတ်သူ၊ ဆုပန်ထွာ၊ မေကဗျာ စသည့်နာမည်ကြီးအနုပညာရှင်များ၊ လူကြမ်းသရုပ်ဆောင်များ၊ ထုတ်လုပ်ရေးနှင့် နည်းပညာရှင်များ၊ ကင်မရာဆရာများနှင့် တက်သစ်စအနုပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း- ဇာနည်မောင်၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# “တော်တော်ဖြစ်နေလား” ရုပ်ရှင်ဇာတ်ကား အောက်တိုဘာ ၂၆ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် အောက်တိုဘာ ၁၃

သတင်း- ဇော်ကြီး
ဓာတ်ပုံ- ဖေဇော်

**ဖိုးသူတော် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကျော်သားကြီး ရိုက်ကူးထားသည့် “တော်တော်ဖြစ်နေလား” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအဖြစ် အောက်တိုဘာ ၁၀ ရက် ည ၇ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။**



ဒါရိုက်တာ ကျော်သားကြီး


သရုပ်ဆောင် မြင့်မြတ်



သရုပ်ဆောင် ညီထွဋ်ခေါင်



သရုပ်ဆောင် ဝါဝါအောင်



သရုပ်ဆောင် ရွှေသမီး



သရုပ်ဆောင် ခေးဆက်သွင်

ဒါရိုက်တာ ကျော်သားကြီးက“မိသားစု ညီအစ်ကိုတွေကြားထဲ၊ သူငယ်ချင်းတွေကြားထဲမှာ ဖြစ်ပျက်နေတဲ့ပုံစံမျိုး ဟာသဇာတ်ကားလေးပါ။ တော်တော်ဖြစ်နေလားဆိုတဲ့ နာမည်ကတော့ သူငယ်ချင်းတွေ တစ်ယောက်နဲ့တစ်ယောက် အချင်းချင်းတွေပြောနေကြတဲ့ စကားလေးရဲ့ အဓိပ္ပာယ်ကို ယူလိုက်တာပါ။ ပထမကတော့ ဒီဇာတ်ကားရဲ့နာမည်က အဲဒီနာမည် မဟုတ်ပါဘူး။ ဒီဇာတ်ကားလေးကိုရိုက်နေရင်းနဲ့မှ မြင့်မြတ်က တော်တော်ဖြစ်နေလားဆိုတဲ့ စကားကို ခဏခဏပြောရင်းနဲ့ အဲဒီစကားလုံးကို ယူသုံးလိုက်တာပါ”ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် ကျော်ရဲအောင်၊ မြင့်မြတ်၊ ညီထွဋ်ခေါင်၊ ရွှေသမီး၊ ခေးဆက်သွင်၊ အောင်ခိုင်၊ ဇော်ဝင်းနိုင်၊ ငှက်ပျောကြော်၊ ဝါဝါအောင်၊ ကေညီ၊ နေလင်း၊ သိန်းဇံ၊ ဖိုးသဲ၊ စံလင်း၊စိုးကြီး၊ တင်မောင်၊ ကိုစိုင်းနှင့် အနုပညာရှင်များစွာပါဝင်ကာ တစ်ဦးနှင့်တစ်ဦး အလိုမ့်အပတ်ကလေးများဖြင့် ရယ်မောပျော်ရွှင်ဖွယ်ဖြစ်အောင် ရိုက်ကူးထားသည့် အချစ်ဟာသ ဇာတ်ကားမျိုး ဖြစ်သည်။

သရုပ်ဆောင် မြင့်မြတ်က “ဇာတ်ကားနာမည်က ‘တော်တော် ဖြစ်နေလား’ ဆိုတော့ အဓိပ္ပာယ်ရယ်လို့တော့ မရှိပါဘူး။ ဥပမာ- ဗိုက်ဆာတယ်လို့ပြောရင်ဩော် မင်းက တော်တော်ဖြစ်နေတာလားလို့ပြောကြတယ်။ အဲဒီအဓိပ္ပာယ်မျိုးပါ။ ပုံမှန်ထက်ပိုနေတဲ့သဘောပါ။ ဒီဇာတ်ကားထဲမှာ နည်းနည်းရှုပ်ပြီး ပွေးတတ်တဲ့ ဇာတ်ကောင်စရိုက်မျိုးပါ။ မာန်ပါပါလက်ဟန်နဲ့ပြောတတ်တဲ့ ထူးခြားတဲ့ပုံစံမျိုးလေးလုပ်ထားတယ်။ အားလုံးကြိုးစားထားတဲ့ကားပါ”ဟု ပြောသည်။

သရုပ်ဆောင် ရွှေသမီးက“ဒီဇာတ်ကားက ရိုက်ထားတာကြာပါပြီ။ ကိုမြင့်မြတ်ရဲ့ ဇနီးအဖြစ် လူငယ်စုံတွဲအနေနဲ့ ပါဝင်ထားတာပါ။ အိမ်တွင်းမှာဖြစ်တတ်တဲ့ ဟာသအလွဲလေးတွေကို ရိုက်ပြထားတာပါ။ ဇာတ်လမ်းသဘောအရ အလွဲလေးတွေ အချီးအကွေ့လေးတွေတော့ ရှိပါတယ်။ အိမ်ထောင်ရေးဇာတ်လမ်းမျိုးတော့ မပါပါဘူး။ တစ်ကားလုံး ဟာသအလွဲလေးတွေပါ”ဟု ပြောသည်။

သရုပ်ဆောင် ဝါဝါအောင်ကလည်း ယင်းဇာတ်ကားတွင် အိမ်ထိန်းကြီးတစ်ဦးအဖြစ် ပါဝင်ထားပြီး အဓိကဇာတ်ဆောင် မင်းသားများနှင့်အတူ လိမ်လည်မှုများတွင် ပူးပေါင်းကြံစည်သည့် ဇာတ်ဝင်ခန်းများတွင် ပါဝင်ရကြောင်း ပြောသည်။

သရုပ်ဆောင် ညီထွဋ်ခေါင်က “ကိုမြင့်မြတ်နဲ့ အလွန်ချစ်တဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ ပါဝင်ထားတာပါ။ သူကတော့ ဒီကားထဲမှာ လူလည်တစ်ယောက်ပေါ့။ သူ့ရဲ့ဦးဆောင်မှုအောက်မှာ ပြောတဲ့အတိုင်း လိုက်လုပ်ရတဲ့ ခပ်နုံနုံတစ်ယောက်ပုံစံ ဇာတ်ကောင်စရိုက်မျိုးပါ။ သူပြောတဲ့အတိုင်း လိုက်လုပ်ရင်းနဲ့ ဘောလုံးပွဲတွေလောင်းပြီး ငွေတွေကျွံကုန်တယ်။ ဘယ်လိုမှ ပြန်လုပ်လို့မရတော့ ငွေချေးထားတဲ့သူက ကျွန်တော်တို့ကိုပြန်ပြီးတော့ ပုံစံပေးတဲ့ ဇာတ်လမ်းမျိုးပါ။ အခွင့်အရေးအပေါ်မှာ အကောင်းဆုံးကြိုးစားထားပါတယ်”ဟု ပြောသည်။

သရုပ်ဆောင် ခေးဆက်သွင်က“ဒီကားထဲမှာ သွက်သွက်လက်လက်နဲ့ ပျော်ပျော်နေတတ်တဲ့ ဒီနေ့ခေတ်ကောင်မလေးတစ်ယောက်ပုံစံမျိုး သရုပ်ဆောင်ထားပါတယ်။ အဓိကကတော့ ကိုမြင့်မြတ်နဲ့ ကိုညီထွဋ်ခေါင်တို့ရဲ့ဇာတ်ပါ။ တော်တော်ဖြစ်နေလားဆိုတာ သူတို့ရဲ့လက်သုံးစကားလေးပါ။ ဒီကားကတော့ ကိုယ့်ထက်ဝါရင့်တဲ့သူတွေနဲ့အတူ ပထမဆုံးပါဝင်သရုပ်ဆောင်ရတဲ့ ရုပ်ရှင်ဇာတ်ကားကြီးပါ”ဟု ပြောသည်။

အဆိုပါဇာတ်ကားကို လွန်ခဲ့သော နှစ်နှစ်ခန့်က ရန်ကုန်မြို့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ဝတ်စားဆင်ယင်မှု၊ စကားလုံးသုံးနှုန်းမှုတို့မှာ လက်ရှိကာလနှင့် ကွာခြားမှုမရှိကြောင်း၊ မူလရည်ရွယ်ရိုက်ကူးသည့် အမည်မှာ “ဝေစားမျှစား” ဖြစ်သော်လည်း ရိုက်ကူးနေစဉ်အတွင်း ဇာတ်ကား၏ အမည်အား ပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်း ဒါရိုက်တာ ကျော်သားကြီးက ပြောသည်။



# နေပြည်တော် ခုတင် ၁၀၀ တိုင်းရင်းဆေးရုံကြီးမှ ဝန်ထမ်းများ ကွင်းဆင်းဆေးကုသ

**နေပြည်တော် အောက်တိုဘာ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး(နေပြည်တော်)မှ ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်း၍ အခမဲ့ဆေးဝါးကုသ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး၏ ဒုတိယဆေးရုံအုပ် ဦးနေအောင်က လေငန်းရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းရင်းဆေးမှူး ဒေါ်အေးမြသီရိက ခါးနာရောဂါနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုင်းရင်းဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်း ၁၅ ဦးက ဇဝနဒီပရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် အုပ်ချုပ်ရေးဝန်ထမ်းများ၏ ပံ့ပိုးမှုဖြင့် ဒေသခံများတွင် ဖြစ်ပေါ်ခံစားလျက်ရှိသော အနာပေါက်၊ အကြောရောဂါအမျိုးမျိုး၊ ခါးနာ၊ ဒူးနာ၊ လေငန်း၊ အမူးအမောရောဂါများကို အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရောက်ရမည့် လူနာများအား ဆေးရုံသို့ ညွှန်ပို့ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ခုတင် ၁၀၀ တိုင်းရင်းဆေးရုံကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇသင်္ဂဟအိမ်ရာ အမှတ်(၂)ရှိ ပတ္တာနယ်မြေရဲစခန်းအနီးတွင်ရှိပြီး မည်သူမဆို အခမဲ့ တက်ရောက်ကုသနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# အပိုပစ္စည်းတွေက အပြင်မှာ လွယ်လွယ်ကူကူ ဝယ်လို့မရရင် အခက်အခဲရှိတဲ့အတွက် သက်ဆိုင်ရာကုမ္ပဏီတွေနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်

## မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာ စကားဝိုင်းကျင်းပ

**မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာ စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးနှင့် စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်တို့ ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-**

ရှင်မင်း၊ မွေးကြူ
ဓာတ်ပုံ - အေးသန်း



**ယမန်နေ့မှအဆက်**

**ဦးခွန်အေးနိုင်**။ ။ မိတ္ထီလာမှာဆိုရင် အထက်မြန်မာပြည်သင်တန်းကျောင်း၊ ပဲခူးမှာဆိုရင် အောက်မြန်မာပြည်သင်တန်းကျောင်း၊ နေပြည်တော် ရေဆင်းမှာဆိုရင် စက်မှုလယ်ယာသင်တန်းကျောင်း တစ်ကျောင်းရှိပါတယ်။ ဒီသုံးကျောင်းမှာလည်း တောင်သူလယ်သမားတွေအနေနဲ့ သင်ကြားချင်တယ်ဆိုရင်၊ လေ့လာချင်တယ်ဆိုရင် မျိုးဆက်သစ်လူငယ်တွေကိုရော လက်ခံသင်ကြားပေးနေပါတယ်။ သင်တန်းကျောင်းမှာ ရက်ရှည်တွေ မတက်နိုင်ဘူးဆိုရင် သူတို့သိချင်တာတွေကို မြို့နယ်တွေမှာ နှစ်ပတ်သင်တန်း၊ အဲဒီလိုသင်တန်းတွေလည်း လက်ခံပြီးတော့မှ သိသင့်သိထိုက်တဲ့ စက်မှုလယ်ယာကဏ္ဍနဲ့ပတ်သက်တဲ့ ဗဟုသုတလေးတွေကို ပို့ချပေးပါတယ်။ ဒါက နည်းပညာပိုင်းအရဌာနကနေ တောင်သူလယ်သမားတွေကို ဦးဆောင်ပေးသွားတဲ့အပိုင်း ဖြစ်ပါတယ်။

နောက်တစ်ခုက လယ်ယာဝန်ဆောင်မှုလုပ်ငန်း၊ စက်ကိရိယာဝယ်တာ ကျွန်တော်တို့နိုင်ငံမှာ တစ်ပိုင်တစ်နိုင်သုံးဖို့ထက် ကိုယ့်လယ်လည်းသုံးမယ်၊ စီးပွားဖြစ်လည်းသုံးမယ်ဆိုသူတွေ ပိုများတယ်။ တချို့ကျတော့ စက်ကို အစီးရေတိုးဝယ်ပြီးတော့မှ အဖွဲ့ပုံသဏ္ဌာန်လေးနဲ့လည်းလုပ်မယ်ဆိုတဲ့ စီးပွားရေးလုပ်ငန်းလေးတွေက ထွန်းကားလာတယ်။ ဒါကို အားပေးချင်တယ်။ ကျွန်တော်တို့ ဌာနက ဘယ်လိုအားပေးရမလဲဆိုပြီး လေ့လာတဲ့အခါ သူတို့ကို စုဖွဲ့လိုက်တာ အကောင်းဆုံးပဲ။ တစ်ဦးချင်း၊ တစ်ယောက်ချင်း လယ်ယာလုပ်ငန်းတွေလုပ်နေမယ့်အစား စုစုဝေးဝေး တိုင်တိုင်ပင်ပင်လေးလုပ်ကြရင် လယ်ယာဖွံ့ဖြိုးရေးကဏ္ဍမှာ အရှိန်အဟုန်ရမယ်။ ဒါကြောင့်မြို့နယ်အသီးသီးမှာ ပုဂ္ဂလိကစက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းလုပ်မယ့် စက်ပိုင်တောင်သူအသင်းများ ဖွဲ့ပေးလိုက်တယ်။

အခုဆိုရင် နိုင်ငံတစ်ဝန်းမှာ လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်တဲ့ အသင်းပေါင်း ၁၀၇ သင်း လက်ရှိမှာဖွဲ့ပြီးပါပြီ။ တောင်သူလယ်သမားတွေကို သတင်းအချက်အလက်ပေးချင်ရင် တစ်ဦးချင်းလိုက်ပြောနေစရာမလိုတော့ဘူး၊ အဖွဲ့ကိုပြောလိုက်ရုံပဲ။ အဖွဲ့က သူတို့ရဲ့အခက်အခဲရှိရင် ကျွန်တော်တို့ကို ပြန်ပြီးတော့ တင်ပြတဲ့အခါ ကျွန်တော်တို့ဘက်ကနေ ဖြေရှင်းပေးရတာ အရင်ထက် လွယ်ကူလာတာတွေ့ရပါတယ်။ စက်ရောင်းချတဲ့ ကုမ္ပဏီနဲ့ ဝယ်ယူချင်တဲ့ အစုအဖွဲ့တွေအကြားမှာ အကြောင်းတစ်စုံတစ်ရာရှိရင် ကျွန်တော်တို့ဌာနကကြားက ညှိနှိုင်းဆောင်ရွက်ပေးလို့ရတာတွေကို တိုးတက်မှုတစ်ရပ်အနေနဲ့ တွေ့လာပါတယ်။

စက်ဝယ်တဲ့သူကလည်း ပိုက်ဆံအများကြီး ချမ်းသာလို့ ဝယ်တာမဟုတ်ဘူး။ ချေးရင်း၊ ငှားရင်း ဒီစက်ကို ထူထောင်ဖို့ ဝယ်လိုက်ရတာဖြစ်ပါတယ်။ ဝယ်လိုက်ရတော့ တကယ်လက်တွေ့မှာ သူတို့က တခြားတောင်သူကို ဝန်ဆောင်မှုပေးမယ်ဆိုရင် တခြားတောင်သူတွေကလည်း လက်ငင်းပေးတာရှိတယ်။ သီးနှံပေါ်ပေးတာလည်းရှိတယ်။ စက်ထူထောင်ထားတဲ့ တောင်သူအနေနဲ့ကျတော့ တစ်ဖက်က စက်ကို အကြွေးဝယ်ထောင်ထားရတယ်။ တစ်ဖက်ကလည်း ဝန်ဆောင်မှုလုပ်ငန်းက သီးနှံပေါ်ပေး အကြွေးဆိုရင် အခက်အခဲရှိနိုင်တယ်။ ပြီးတော့ စက်ဆိုတာမျိုးက စက်သုံးဆီလည်း ဝယ်ထည့်ရသေးတယ်။ အပိုပစ္စည်းကလည်း လိုရင်ဝယ်ထည့်ရဦးမယ်ဆိုတော့ ငွေကြေးလိုအပ်ချက်တွေ ဖြစ်လာတယ်။

ငွေကြေးထောက်ပံ့မယ့်သူတွေပေါ်လာတော့ ဒီအစုအဖွဲ့တွေအနေနဲ့ စုစုစည်းစည်းနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တောင်သူတွေကို ကူညီဖို့ ငွေကြေးအရင်းအနှီး ရလာနိုင်တယ်။ အခုကျတော့ operation cost ဖြစ်သွားပြီ။ ဝယ်တဲ့အရင်းအနှီးမဟုတ်တော့ဘဲ လုပ်ငန်းအရင်းအနှီး လိုလာတာ။ တစ်ဦးချင်းဆိုရင် သိန်း ၅၀၀ နဲ့ အဖွဲ့လိုက်ဆိုရင် သိန်း ၅၀၀၀ အထိ ချေးမယ်ဆိုတော့ ဝမ်းသာပါတယ်။

ကျွန်တော်တို့အနေနဲ့ လယ်ယာမြေအဆင့်မြှင့်တင်တဲ့ လုပ်ငန်းကိုလည်း တစ်ပြိုင်တည်း လုပ်ပေးနေတာပါ။ ကျွန်တော်တို့ဆီက လယ်ကွင်းတွေက irregular shape တွေပါ။ မြေမျက်နှာသွင်ပြင်ကိုလိုက်ပြီးတော့ ကန်သင်းတွေဖွဲ့ခဲ့ကြရတယ်။ စက်ယန္တရားအသုံးပြုရင် လှည့်ပတ်မောင်းနေရရင် မထိရောက်တော့ဘူး။ လယ်ယာမြေက လေးထောင့်ပုံစံမျိုးလို၊ အလျား၊ အနံ အချိုးပြေတာမျိုးဆိုရင် ထိထိရောက်ရောက် စက်ကိရိယာကို အသုံးချနိုင်တာပေါ့။ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးကူညီမှုနဲ့ ဆောင်ရွက်ပေးနေတာရှိသလို ပြည်ပအထောက်အပံ့ရရင်လည်း လယ်ယာမြေအဆင့်မြှင့်တင်ရေးကို တွဲပြီးဆောင်ရွက်နေတာ ရှိပါတယ်။

စက်မှုလယ်ယာဖွံ့ဖြိုးသွားတဲ့ နိုင်ငံတွေကိုလည်း ကျွန်တော်တို့က အတုယူပါတယ်။ ဥပမာ ဂျပန်တို့၊ ကိုရီးယားတို့မှာဆိုရင် စပါးစိုက်ချင်တဲ့သူက ပျိုးမထောင်တော့ဘူး။ အော်ဒါမှာတယ်။ အော်ဒါမှာရင် ကုမ္ပဏီကကားနဲ့ လာပို့ပေးတယ်။ ကုမ္ပဏီက စပါးပျိုးပင်ကို အလွယ်တကူဝယ်စိုက်ရုံပဲ။ ဒါတွေကိုလည်း သူတို့အစိုးရက လုပ်ပေးနေတာမဟုတ်ပါဘူး။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတစ်ရပ်အနေနဲ့ လုပ်နေကြတာပါ။ ကျွန်တော်တို့ကလည်း ဒီထက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားမယ်ဆိုရင် လယ်သမားတွေက ပျိုးထောင်၊ ပျိုးနုတ်၊ စိုက်ပျိုးတာအစား ပျိုးထုတ်လုပ်ရောင်းချတဲ့ကုမ္ပဏီတွေ ထူထောင်လာနိုင်မယ်ဆိုရင် စိုက်ရတာ ပိုပြီးအဆင်ပြေလာမှာပါ။ တောင်သူရော၊ ထုတ်လုပ်ရောင်းချသူရော နှစ်ဖက်စလုံး win-win အခြေအနေပါပဲ။ ပိုပြီး ထုတ်လုပ်နိုင်တဲ့အတွက် နိုင်ငံတော်ဘက်ကလည်း အကျိုးရှိတာပါပဲ။ တောင်သူ၊ ထုတ်လုပ်ရောင်းချသူနဲ့ နိုင်ငံတော် သုံးဦးသုံးဖက် အကျိုးရှိလာမယ့်စနစ် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ထုတ်လုပ်လိုက်တဲ့ လယ်ယာထုတ်ကုန်အရည်အသွေးက ကောင်းလည်း ကောင်းဖို့လိုပါတယ်။ ထုတ်လုပ်လိုက်တဲ့ပစ္စည်းဟာ အရည်အသွေးတူညီဖို့ဆိုတာ စက်ကိရိယာအသုံးပြုတဲ့ စက်မှုလယ်ယာစနစ်ကို သွားမှဖြစ်ပါမယ်။ တစ်ဖက်မှာတော့ ငွေကြေးအရင်းအနှီးကတော့ လိုလာမှာဖြစ်ပါတယ်။ အဲဒီအတွက် လုပ်ချင်ကိုင်ချင်လာအောင် စက်မှုလယ်ယာဦးစီးဌာနက လိုက်ပြီးစည်းရုံးပါတယ်။ ဆွေးနွေးပါတယ်။

**ဦးမင်းသူ**။ ။ ဦးခွန်အေးနိုင်ကို ဆွေးနွေးပေးစေလိုတာရှိပါတယ်။ ကျွန်တော်တို့ရဲ့ JICA Two Step Loan က အရှိန်ရလာပြီ။ ချေးငွေထုတ်ချေးပေးတာ ထွန်စက်ကြီးက ၅၀၀ နီးပါးအထိ ရှိလာပြီ။ ရိတ်သိမ်းခြွေလှေ့စက်ဆိုရင်လည်း ၂၆၀ ကျော်ရှိလာပြီ။ စက်ဆိုတာကတော့ သုံးတာကြာလာရင် ပျက်မှာပဲ။ ဒါကြောင့် စက်ကုမ္ပဏီတွေကိုလည်း ပြောထားတယ်။ after sale sevice ကို အကောင်းဆုံးပေးနိုင်ရမယ်။ စက်ရဲ့အရည်အသွေးကောင်းတဲ့အပြင် သုံးပြီး ကြာလာလို့ ပျက်ရင် ချက်ချင်းပြင်ဆင်ပေးနိုင်ရမယ်။ after sale sevice ပေးနိုင်ရမယ်။ အပိုပစ္စည်းလိုရင်လည်း ချက်ချင်းဖြည့်နိုင်ရမယ်။ ဒီမှာ သူတို့က ဘာတောင်းဆိုလာလဲဆိုတော့ JICA Loan က နှစ် ၄၀ ကြာမယ့်ချေးငွေပါ။ အခုဆိုရင် ကားဝပ်ရှော့တွေတော့ အများကြီးပေါ်လာတယ်။ ဒီလို ထွန်စက်ပြင်တာမျိုးကျတော့ မရှိသလောက်ရှားတယ်။ ဒါတွေကို သူတို့ကလည်း လိုလားတယ်။ ဒါမျိုးပြင်နိုင်တဲ့ စက်ပြင်ဆရာတွေ မွေးထုတ်ချင်တယ်။

ဒါကိုဘယ်မှာ Train ရမယ်ဆိုတာ မသိဘူးဖြစ်နေတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်း သင်တန်းပေးနေတယ်လို့ ပြောပါတယ်။ စက်ပြင်ဆရာ (mechanist) အဆင့်လောက်အထိ မွေးထုတ်ချင်ရင် ကုမ္ပဏီတွေက သူတို့ရဲ့ စရိတ်နဲ့ တောင်သူတွေရဲ့ သားသမီးတွေကို သင်ကြားပေးချင်တဲ့ ဆန္ဒလေးတွေရှိပါတယ်။ ဒီအပေါ်မှာ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ဘယ်လိုများ အကူအညီပေးနိုင်မလဲဆိုတာ ဆက်ပြီး ဆွေးနွေးပေးပါခင်ဗျာ။

**ဦးခွန်အေးနိုင်**။ ။ ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်တို့ဘက်ကလည်း လယ်ယာကဏ္ဍမှာ စက်ကိရိယာပြင်ဆင်တတ်တဲ့ mechanist တွေ မွေးထုတ်ပေးနိုင်ဖို့ အစီအစဉ်တွေ ချမှတ်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ မိတ္ထီလာဗဟိုသင်တန်းကျောင်းမှာဆိုရင် လယ်ယာသုံးစက်ကိရိယာ အဆင့်အလိုက် စံသတ်မှတ်ထားတဲ့ NSSA ရဲ့စံနှုန်းအတိုင်း လေ့ကျင့်သင်ကြားပေးတယ်။ အသိအမှတ်ပြုလက်မှတ်လည်း ထုတ်ပေးနေပါတယ်။ ကျေးရွာတွေမှာ ဝပ်ရှော့ထူထောင်ဖို့ကျတော့ နေရာတိုင်းတော့ ထူထောင်ဖို့မလွယ်ဘူး။

နောက်တစ်ခုက လယ်ယာသုံးစက်ကိရိယာတွေက မော်တော်ကားလို မဟုတ်ဘူး။ မော်တော်ကားက ပျက်ရင် ဝပ်ရှော့အထိ တခြားကားနဲ့ ဆွဲလို့ရတယ်။ လယ်ယာသုံးစက်တွေကျတော့ ပျက်သွားရင် ဝပ်ရှော့အထိ ယူလာဖို့ခဲယဉ်းတယ်။ ခဲယဉ်းတော့ လတ်တလောအခြေအနေအရတော့ mobile mechanist တွေ များပါတယ်။ မြို့နယ်တော်တော်များများမှာ ကျွန်တော်တို့ဌာနက သင်တန်းဆင်းသွားလို့ ပြင်တတ်တဲ့သူတွေရှိသလို ကျွန်တော်တို့ ဌာနက စက်ပြင်တွေလည်း ရှိပါတယ်။

ကျွန်တော်တို့ ဌာနက စက်ပြင်ဖို့ လာရောက်အကြောင်းကြားရင် မှတ်တမ်းလုပ်ပြီးတော့ on duty တစ်ရပ်အနေနဲ့ ရွာတွေကို လွှတ်ပေးပါတယ်။ ကျွန်တော်တို့ဌာနမှာ စက်ကိရိယာတွေပြင်နိုင်ဖို့ လက်သုံးကိရိယာတွေကိုလည်း ဖြည့်တင်းပေးလျက်ရှိပါတယ်။ ဖြည့်တင်းပြီးတော့ လာခေါ်တဲ့ရွာတွေကို သွားရောက်ပြီး ပြင်ပေးနေပါတယ်။ ဒါကတော့ လတ်တလော ဖြေရှင်းဆောင်ရွက်ပေးနေတဲ့အပိုင်းပါ။ ရေရှည်မှာ လယ်ယာသုံးစက်ကိရိယာတွေကို ပြုပြင်နိုင်ဖို့အတွက် မြို့နယ်အသီးသီးမှာ ဖွင့်လှစ်ပြီးသားစခန်း ၁၁၇ ခု ရှိပါတယ်။ ဒီစက်မှုလယ်ယာစခန်းတွေကိုလည်း ဝပ်ရှော့အသွင်သဏ္ဌာန် ကူးပြောင်းသွားမှာ ဖြစ်ပါတယ်။

Training for Trainers ဆိုတဲ့ အစီအစဉ်တွေရှိပါတယ်။ စက်မှုလယ်ယာမှာ ကုမ္ပဏီတွေက လာပြီး သင်တန်းပေးကြပါတယ်။ ကျွန်တော်တို့ဆီကနေတစ်ဆင့်ဆင့်ပွားသင်တန်းပြန်ပေးပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ဆီမှာ လာရောက်ပြင်ချင်တယ်ဆိုရင်လည်း စက်မှုလယ်ယာစခန်းတွေမှာ လက်ခံပြီးတော့ ပြင်ဆင်နိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။

ပြင်ဆင်တဲ့အခါမှာလည်း အဓိကလိုအပ်တာက အပိုပစ္စည်းတွေဖြစ်ပါတယ်။ အပိုပစ္စည်းတွေက အပြင်မှာ လွယ်လွယ်ကူကူ ဝယ်လို့မရရင် အခက်အခဲရှိတဲ့အတွက် သက်ဆိုင်ရာကုမ္ပဏီတွေနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ပြင်ပေးရတဲ့အပိုင်းမှာ တချို့ကုမ္ပဏီတွေက အပိုပစ္စည်းတွေ ကြိုတင်ထားရှိပေးထားတဲ့အတွက် အဆင်ပြေပါတယ်။

**ဒုတိယဝန်ကြီး**။ ။ နိုင်ငံတော်အတွက် တကယ်လိုအပ်နေတဲ့ ကဏ္ဍတွေဖြစ်တဲ့အတွက် ကောင်းပါတယ်။ လယ်ယာကဏ္ဍနဲ့ SME ကဏ္ဍတွေက တကယ်လည်း ကျယ်ပြန့်ပါတယ်။ ကျယ်ပြန့်တဲ့အတွက် လုပ်ငန်းတွေကိုတိုးချဲ့ပြီး financing တွေကို တိုးချဲ့ပေးနိုင်အောင် လုပ်တဲ့အခါ အခုကာလမှာတော့ အလုံအလောက်၊ အပြည့်အစုံ ဖြည့်တင်းပေးနိုင်မှာ မဟုတ်သေးပါဘူး။ ဒါကိုလည်း ပြည်သူ့အသံတွေ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေဆီက ဆွေးနွေးချက်တွေကနေ ကြားသိရပါတယ်။ SME ရော၊ လယ်ယာကဏ္ဍအတွက်ရော မလုံလောက်သေးပါဘူး။ အများကြီးလိုပါသေးတယ်။ အခု JICA Two Step Loan ဆိုရင် ရည်ရွယ်ချက်က စက်မှုလယ်ယာကို ကူးပြောင်းစေချင်တဲ့အတွက် စက်ဝယ်ဖို့၊ စက်ထောင်ဖို့ အားပေးတယ်။ ဆန်စက်၊ ဆီစက် ထောင်ချင်လည်းရတယ်ဆိုပြီး ဝင်ရောက်လာတာပါ။

ဒါကို ကျွန်တော်တို့က MEB Two Step Loan နဲ့ ထပ်ပြီး ပံ့ပိုးပေးတာက အဲဒီစက်တွေမဟုတ်ဘဲ တခြားလယ်ယာကဏ္ဍက လိုအပ်တဲ့ချေးငွေတွေကို ဖြည့်ဆည်းပေးနိုင်အောင် လုပ်ပေးတာပါ။ SME မှာလည်း JICA က သတ်မှတ်ချက်တွေက မြင့်ပါတယ်။ မြင့်တဲ့အခါ မရတဲ့သူတွေအတွက် MEB ကပေးတဲ့ SME Loan ကို ရနိုင်အောင် လုပ်ပေးထားပါတယ်။ ဒါပေမယ့် မလုံလောက်ရင် ကျွန်တော်တို့လည်း ဒီဘက်ကတိုးချဲ့ပေးဖို့ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းရှင်တွေအနေနဲ့လည်း ချေးငွေကသတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေနဲ့ ညီညွတ်ပြီး ရရှိလာတဲ့အခွင့်အရေးကို အသုံးချနိုင်တဲ့လုပ်ငန်းတွေဖြစ်အောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆွေးနွေးချက်တွေအရဆိုရင် အရေးကြီးတာက လုပ်ငန်းတစ်ခုခုကို ဖောက်ချပြီးလုပ်ဖို့၊ အစုအဖွဲ့နဲ့လုပ်တတ်တဲ့ အလေ့အကျင့်ထွန်းကားလာဖို့ လိုပါတယ်။ အဲဒီဟာတွေ ထွန်းကားလာရင် တိုင်းပြည်ရဲ့စီးပွားရေးက ပိုပြီးလျင်မြန်လာမှာပါ။ ဒါကို ကျွန်တော်တို့ကလည်း ကြိုးပမ်းသွားမှာပါ။ အားလုံးလည်း ဝိုင်းပြီးဆောင်ရွက်ပေးကြပါလို့ နိဂုံးချုပ်အနေနဲ့ ပြောကြားလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# ဖမ်းဆီးခံ အမေရိကန် သင်းအုပ်ဆရာတစ်ဦးအား တူရကီတရားရုံးက ပြန်လည်လွှတ်ပေး



**ဝါရှင်တန် အောက်တိုဘာ ၁၃**

တူရကီအာဏာပိုင်များက ဖမ်းဆီးထားသော အမေရိကန် သင်းအုပ်ဆရာတစ်ဦးအား ပြန်လည်လွှတ်ပေးမှုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကြိုဆိုပါကြောင်းနှင့် ၎င်းအား အောက်တိုဘာ ၁၃ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဧဝံဂေလိအသင်းတော်ဝင် သင်းအုပ်ဆရာတော် အန်းဒရူးဘရူဆန်အား ၂၀၁၆ ခုနှစ်က တူရကီနိုင်ငံတွင် အောင်မြင်မှုမရှိခဲ့သော အာဏာသိမ်းပွဲတစ်ခုနှင့် ပတ်သက်မှုရှိသည်ဟု စွပ်စွဲကာ တူရကီအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တူရကီတရားရုံးတစ်ရုံးက သင်းအုပ်ဆရာတော် အန်းဒရူးဘရူဆန်အား ထောင်ဒဏ်သုံးနှစ်နှင့် တစ်လ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ သို့သော် သူ့အား တရားရုံးက ပြစ်ဒဏ်မချမှတ်မီ နှစ်နှစ်တိုင်တိုင် အကျဉ်းကျနေခဲ့ရခြင်းကြောင့် ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု တရားရုံးက ဆိုသည်။

သင်းအုပ်ဆရာတော် ဘရူဆန် ပြန်လည်လွှတ်မြောက်လာခဲ့ခြင်းအတွက် လွန်စွာဝမ်းသာမိပါကြောင်းနှင့် သူ့အား အိမ်ဖြူတော်၌ တွေ့ဆုံမည်ဖြစ်သည်ဟု သမ္မတထရန့်က မီဒီယာသို့ ပြောကြားခဲ့သည်။

သင်းအုပ်ဆရာတော် ပြန်လည်လွှတ်မြောက်လာရန် အမေရိကန်အစိုးရအနေဖြင့် တူရကီအစိုးရအပေါ် မည်သည့်ဖိအားပေးမှုမျှ ပြုလုပ်ခဲ့ခြင်းမရှိပါကြောင်း သမ္မတထရန့်က ဆက်လက်ပြောကြားခဲ့သည်။

သင်းအုပ်ဆရာတော် ပြန်လည်လွှတ်မြောက်မှုသည် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် သမ္မတထရန့်အတွက် ကောင်းမွန်သောရလဒ်များထွက်ပေါ်စေနိုင်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# နီပေါတွင် ဆီးနှင်းမုန်တိုင်းကျရောက်မှုကြောင့် တောင်တက်သမားကိုးဦး သေဆုံး

**ခတ္တမန္ဒူ အောက်တိုဘာ ၁၃**

နီပေါနိုင်ငံရှိ ဂါဂျီယာတောင်တွင် ပြင်းထန်သော ဆီးနှင်းမုန်တိုင်းကျရောက်မှုကြောင့် တောင်ကိုရီးယားနိုင်ငံသားများ ပါဝင်သော တောင်တက်စူးစမ်းလေ့လာရေးအဖွဲ့မှ တောင်တက်သမားကိုးဦးတို့ သေဆုံးခဲ့ရကြောင်း၊ ယင်းဖြစ်ရပ်မှာ ဟိမဝန္တာတောင်တန်းဒေသတွင် တည်ရှိသော နီပေါနိုင်ငံ၏တောင်တက်လုပ်ငန်းတွင် မကြာသေးမီနှစ်များအတွင်း ဖြစ်ပွားခဲ့သည့် လူအသေအပျောက်အများဆုံး မတော်တဆမှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။



ရှာဖွေကယ်ဆယ်ရေးသမားများက အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံသား တောင်တက်သမားလေးဦးနှင့် နီပေါလူမျိုး တောင်တက်လမ်းညွှန်လေးဦးတို့၏ ရုပ်အလောင်းများကို ၎င်းတို့စခန်း၏ အပျက်အစီးများအနီးတွင် ပြန့်ကျဲလျက် တွေ့ရှိရကြောင်း၊ သို့သော် လေပြင်းထန်စွာ တိုက်ခတ်မှုများကြောင့် ၎င်းတို့၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် အဟန့်အတားဖြစ်ရကြောင်း သတင်းတွင် ဖော်ပြသည်။

ပဉ္စမမြောက် ကိုရီးယားနိုင်ငံသား တောင်တက်သမားမှာ ပျောက်ဆုံးနေကြောင်း ကနဦးသတင်းများထွက်ပေါ်ခဲ့သော်လည်း ၎င်းသည် လူသေစေလောက်သည့် နှင်းမုန်တိုင်းတိုက်ခတ်သည့် အောက်တိုဘာ ၁၂ ရက်တွင် အဆိုပါစခန်းတွင် ရှိနေခဲ့ပြီး ၎င်းသည်လည်း အခြားတောင်တက်သမားများနည်းတူ သေဆုံးခဲ့ပြီး ဖြစ်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသား တောင်တက်သမားအဖွဲ့ဝင်ငါးဦးနှင့် နိုင်ငံခြားသားလေးဦးပါဝင်သောအဖွဲ့သည် ၎င်းတို့၏ အခြေစိုက်စခန်းမှ ဂါဂျီယာတောင်သို့ တက်ရောက်စဉ်အတွင်း ပြင်းထန်သည့်နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တောင်နံရံမှ ၎င်းတို့အားလုံးလွင့်စဉ်ကျကာ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

၂၀၁၅ ခုနှစ်အတွင်းက အင်အားပြင်းထန်သည့် မြေလျှင်လှုပ်ခတ်မှုကြောင့် ဧဝရက်တောင်ခြေအခြေစိုက်စခန်းတွင် မြေပြိုမှုဖြစ်ပွားခြင်းကြောင့် လူ ၁၈ ဦးသေဆုံးမှုဖြစ်ပွားပြီးနောက် နီပေါနိုင်ငံ၏ တောင်တက်လုပ်ငန်းတွင် ယခုနှင်းမုန်တိုင်းကြောင့် လူသေဆုံးမှုသည် လူအသေအပျောက်အများဆုံး မတော်တဆမှုဖြစ်သည်။

**အေအက်ဖ်ပီ**

## ဖေ့စ်ဘွတ်အသုံးပြုသူ ၂၉ သန်း၏ အကောင့်များ ခိုးခံရဟုဆို

**ကယ်လီဖိုးနီးယား အောက်တိုဘာ ၁၃**

ဖေ့စ်ဘွတ်အသုံးပြုသူ ၂၉ သန်းခန့်၏ အကောင့်များကို ဟက်ကာများက မကြာသေးမီအချိန်အတွင်းက ခိုးယူသွားခဲ့ကြောင်း ဖေ့စ်ဘွတ်လူမှုကွန်ရက်ဌာနချုပ်က ပြောကြားခဲ့သည်။

ဟက်ကာများက ဖေ့စ်ဘွတ်အသုံးပြုသူများ၏ နာမည်များ၊ ဖုန်းနံပါတ်များအပါအဝင် အခြားအရေးကြီးသော အချက်အလက်များ ခိုးယူသွားခဲ့သည်ဟု ဖေ့စ်ဘွတ်လူမှုကွန်ရက်ဌာနချုပ်က ဆိုသည်။

အကောင့်ခိုးခြင်းခံခဲ့ရသူများအနက် အကောင့်ပိုင်ရှင် ၁၄ သန်း၏ ကိုယ်ရေးအချက်အလက်များကို ဟက်ကာများက ရယူသွားခဲ့ကြောင်းနှင့် အချက်အလက်များခိုးခြင်းခံခဲ့ရသူများကို ဌာနချုပ်က မှတ်သားထားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါဟက်ကာများ ခိုးယူခဲ့ခြင်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေး ဖက်ဒရယ်ဗျူရိုက လိုက်လံစုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဖေ့စ်ဘွတ်လူမှုကွန်ရက်ဌာနချုပ် တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လွန်ခဲ့သောလက ဖေ့စ်ဘွတ်လူမှုကွန်ရက် အသုံးပြုသူများအား လျှို့ဝှက်ကုတ် ပြန်လည်ရိုက်နှိပ်ထည့်စရာမလိုဘဲ ၎င်းတို့၏အကောင့်များကို အတည်ပြုလက်ခံစေရန် ဒစ်ဂျစ်တယ်အချက်အလက်များကို ခိုးယူကာ အသုံးချခဲ့သည်ဟု ဖေ့စ်ဘွတ်လူမှုကွန်ရက်ဌာနချုပ်က ဆိုသည်။ သို့သော် ယင်းအားနည်းချက်ကို ပြန်လည်ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

ဖေ့စ်ဘွတ်လူမှုကွန်ရက်အသုံးပြုသူ ကမ္ဘာတစ်ဝန်းတွင် ၂ ဒသမ ၂ ဘီလီယံရှိသည်။ ယခုဖြစ်ပွားခဲ့သော ဟက်ကာများ၏ အချက်အလက်ခိုးယူမှုတွင် မည်သည့်နိုင်ငံမှ အသုံးပြုသူများ ပါဝင်သလဲဆိုသည်ကိုမူ ဖေ့စ်ဘွတ်ဌာနချုပ်က ပြောကြားခဲ့ခြင်းမရှိပေ။ **အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသတွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် လူ ၂၁ ဦး သေဆုံး

**နယူးဒေလီ အောက်တိုဘာ ၁၃**

အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသတွင် တည်ရှိသော ဩရိဿပြည်နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း တစ်လီ တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် လူ ၂၁ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားကြသည်။



အောက်တိုဘာ ၁၁ ရက်ကတည်းကစတင်၍ ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဩရိဿပြည်နယ်တွင်းရှိ ဂါဂျာပါတီ၊ နာရာဂရပ်ချ်၊ ကန်ဟာမယ်၊ ကတ်ကက်ခ်၊ ကီအွန်ဂျာနှင့် အန်ဂေါခရိုင်များတွင် လူသေဆုံးမှုသတင်းများ ထွက်ပေါ်ခဲ့သည်။

ဂါဂျာပါတီခရိုင်သည် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံး ခံစားရသည့်ခရိုင်ဖြစ်ပြီး လူ ၁၅ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းသေဆုံးသူ ၁၅ ဦးထဲတွင် ၁၂ ဦးမှာ ၎င်းတို့ မုန်တိုင်းဒဏ်မှ ပုန်းခိုရာ ဂူ၏ကျောက်သားများ ပြိုကျရွေ့ဆင်းမှုကြောင့် သေဆုံးရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဖြစ်ရပ်ဖြစ်ပွားသည့် နေရာမှာ ဂါဂျာပါတီခရိုင်အတွင်းရှိ ဘာရက်ဟာရာ ကျေးရွာအနီးတွင် ဖြစ်ပြီး ယင်းလိုဏ်ဂူအတွင်း လူဦးရေ စုစုပေါင်း ၂၂ ဦးတို့က ဘေးလွတ်ရာအဖြစ် ခိုလှုံနေကြခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်အတွင်း လူလေးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း တစ်လီ တိုက်ခတ်မှုကြောင့် အခြားသေဆုံးရသူများမှာ နာရာဂရပ်ချ်ခရိုင်တွင် နှစ်ဦးနှင့် ကန်ဟာမယ်၊ ကက်တက်ခ်၊ ကီအွန်ဂျာနှင့် အန်ဂေါခရိုင်များတွင် တစ်ဦးစီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဆိုင်ကလုန်းမုန်တိုင်း တစ်လီသည် အောက်တိုဘာ ၁၂ ရက်တွင် ဩရိဿပြည်နယ်နှင့် အိမ်နီးချင်း အန်ဒရာပရာဒေ့ရှ် ပြည်နယ်များကို ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# အာဆင်နယ်တိုက်စစ်မှူးဟောင်း ဟင်နရီအား မိုနာကိုအသင်းက နည်းပြအဖြစ်ခန့်အပ်

မိုနာကိုအသင်းသည် အာဆင်နယ်တိုက်စစ်မှူးဟောင်း ဟင်နရီအား နည်းပြချုပ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ မိုနာကိုအသင်းက ဟင်နရီအား ၂၀၂၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

အသက် ၄၁ နှစ်အရွယ်ရှိ ပြင်သစ်နိုင်ငံသား ဟင်နရီသည် ဘယ်လ်ဂျီယံအသင်း၏ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး မိုနာကိုအသင်းတွင် ၎င်း၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို စတင်ခဲ့သူ ဖြစ်ကာ ၁၉၉၇ ခုနှစ်တွင် ပြင်သစ်ပထမတန်းဖလားကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။

မိုနာကိုအသင်းအနေဖြင့် နည်းပြ လီယိုနာဒိုဂျာဒင်အား အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြလက်မဲ့ဖြစ်ခဲ့ရပြီး အက်စ်တွန်ဗီလာအသင်းနည်းပြဖြစ်လာရန် ရေပန်းစားနေသည့် ဟင်နရီကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဟင်နရီသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်း၊ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းတို့တွင်လည်း ပါဝင်ကစားခဲ့သူဖြစ်ပြီး လွန်ခဲ့သည့် သီတင်းပတ်အတွင်းက အက်စ်တွန်ဗီလာအသင်းနည်းပြဖြစ်လာမည်ဟု သတင်းများထွက်ပေါ်နေခဲ့သူလည်း ဖြစ်သည်။

မိုနာကိုအသင်းသည် ယခင်က ပြိုင်ပွဲအရပ်ရပ်တွင် နိုင်ပွဲများ ရရှိခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင်မူ ချန်ပီယံလိဂ်တွင်လည်း နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့ကာ ပြင်သစ်ပထမတန်းပြိုင်ပွဲတွင်လည်း ကိုးပွဲ ကစားအပြီးတွင် ငါးပွဲအထိရှုံးနိမ့်ခဲ့သည့်အသင်းလည်းဖြစ်သည်။

လက်ရှိတွင် မိုနာကိုအသင်းသည် ဟင်နရီအား နည်းပြအဖြစ်ခန့်အပ်ခဲ့ပြီးဖြစ်သောကြောင့် ဟင်နရီအနေဖြင့် အောက်တိုဘာ ၂၀ ရက်တွင် စထရာဘော့အသင်းနှင့် ပွဲစဉ်တွင် စတင်တာဝန်ယူ ကိုင်တွယ်မည်ဖြစ်ကာ အဆိုပါပွဲစဉ်ပြီးနောက်လေးရက်အကြာတွင် ချန်ပီယံလိဂ်အုပ်စုအဆင့် တတိယပွဲစဉ်အဖြစ် ဘရူဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းလည်း သိရသည်။

မိုနာကိုအသင်းက လက်ရှိထုတ်ပယ်ခဲ့သည့် နည်းပြဂျာဒင်မှာ မိုနာကိုအသင်းသို့ ၂၀၁၄ ခုနှစ်က ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ နည်းပြဂျာဒင် မိုနာကိုအသင်းနည်းပြအဖြစ်ရှိနေစဉ်အတွင်း ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီ၊ အက်သလက်တီကိုမက်ဒရစ်ကစားသမား သောမက်လီမာ၊ မန်စီးတီးကစားသမားနှစ်ဦးဖြစ်သည့် ဘာနာဒိုဆေးလ်ဗား နှင့် ဘင်ဂျာမင်မန်ဒီတို့ကိုလည်း မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။


ဟင်နရီ




## တိုက်စစ်မှူး လူကာကူ နှစ်ဂိုးသွင်းယူပြီး ဘယ်လ်ဂျီယံအသင်း နိုင်ပွဲရရှိခဲ့

ဘယ်လ်ဂျီယံအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် နေးရှင်းလိဂ်ပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်တွင် တိုက်စစ်မှူး လူကာကူက သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဘယ်လ်ဂျီယံ အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နည်းပြရောဘတ်တိုမာတီနက်ဇ်၏ ဘယ်လ်ဂျီယံအသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲ၏ အစပွဲစဉ်တွင်လည်း အိုက်စလန်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အသင်းဖြစ်ပြီး ယခု ဆွစ်ဇာလန်အသင်းနှင့် ပွဲစဉ်တွင်လည်း လူကာကူ၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့၏ ပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို တိုက်စစ်မှူး လူကာကူက ပွဲကစားချိန် ၅၈ မိနစ်နှင့် ၈၄ မိနစ်တို့တွင် သွင်းယူပေးခဲ့ပြီး ဆွစ်ဇာလန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဂါဗရာနိုဗစ်က ပွဲကစားချိန် ၇၆ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်အသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် အောက်တိုဘာ ၁၅ ရက်တွင် အိုက်စလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ပြီးပါက နယ်သာလန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကစားရမည်ဖြစ်ကြောင်း သိရသည်။

## ဘရာဇီးအသင်းက ဆော်ဒီအသင်းကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိ

ဘရာဇီးအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ဘရာဇီးအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဘရာဇီးအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၄၃ မိနစ်တွင် ဂါဘရီယယ်ဂျီးဆပ်ကလည်းကောင်း၊ ပွဲကစားချိန် ၉၆ မိနစ်တွင် လိုဘိုဆေးလ်ဗားကလည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ဆော်ဒီအာရေဗျအသင်းသည် ဘရာဇီးအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အပြင် အယ်လ်အိုဝေးလ်သည်လည်း ပွဲကစားချိန် ၈၅ မိနစ်တွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

ဘရာဇီးအသင်းသည် တိုက်စစ်ပိုင်းတွင် ဂျီးဆပ်၊ နေမာ၊ ကော်တင်ဟိုတို့ ပါဝင်လာခဲ့သော်လည်း နေမာနှင့် ကော်တင်ဟိုတို့မှာ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂျီးဆပ်တစ်ဦးတည်းသာ ဂိုးသွင်းယူနိုင်ခဲ့သည်။

တိုက်စစ်မှူး ဂျီးဆပ်သည် ယခုဘောလုံးရာသီအတွက် တတိယမြောက်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဟက်ဒါဖီးလ်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်နှင့် အောက်စ်ဖို့ဒ်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပွဲစဉ်တို့တွင်လည်း ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။


ဂါဘရီယယ်ဂျီးဆပ်

ငွေကြယ် - ရေးသားသည်


ဘရန်ဒန်ရော့ဂျာ

## နယူးကာဆယ်အသင်းက ဘင်နီတက်ဇ်၏ နေရာတွင် ဘရန်ဒန်ရော့ဂျာနှင့် အစားထိုးရန် စီစဉ်

နယူးကာဆယ်အသင်းသည် လက်ရှိအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်၏ နေရာတွင် ဘရန်ဒန်ရော့ဂျာဖြင့် အစားထိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။


နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲကစားအပြီးတွင် အမှတ်ပေးဇယား၏ အဆင့် ၁၉ နေရာတွင် ရပ်တည်လျက်ရှိသော အသင်းဖြစ်သည်။

လက်ရှိအချိန်အထိ ရှစ်ပွဲကစားပြီးရာတွင် နယူးကာဆယ်အသင်းသည် ကာဒစ်ဖ်အသင်း၊ ခရစ္စတယ်ပဲလေ့အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်နှစ်ပွဲတွင်သာ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ရမှတ်နှစ်မှတ်ရယူနိုင်ခဲ့သည့်အသင်းဖြစ်ပြီး နိုင်ပွဲတစ်ပွဲမျှ ရရှိထားခြင်းမရှိသေးသည့်အသင်းလည်းဖြစ်သည်။

အီးအက်ဖ်အယ်လ် ဖလားပွဲစဉ်တွင်လည်း ချန်ပီယံရှစ်ကလပ် နော့တင်ဟမ်ဖောရက်စ်အသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ထို့ကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းအရ ဆိုးရွားနေခဲ့ခြင်းကြောင့် လက်ရှိနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်ကို အသင်းမှ ထုတ်ပယ်ကာ ဘရန်ဒန်ရော့ဂျာကို အစားထိုးခန့်အပ်ရန် စီစဉ်နေခဲ့ခြင်းဖြစ်သည်။ ဘရန်ဒန်ရော့ဂျာသည် လီဗာပူးအသင်းတွင် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး လက်ရှိတွင် ဆဲလ်တစ်အသင်းတွင် တာဝန်ယူလျက်ရှိသည်။

## ကော့ကရိတ်မြို့၌ လက်နက်နှင့် ကျည်တောင့်များအပါအဝင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ





**နေပြည်တော် အောက်တိုဘာ ၁၃**

ကော့ကရိတ်မြို့မ ရဲစခန်းမှူး ဒုရဲမှူး ထူးအောင်ရွှေ ဦးစီးသောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် သတင်းအရ ကော့ကရိတ်မြို့နယ် တံတားကျိုးကျေးရွာနေ ဒေါ်နန်းမိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဒေါ်နန်းမိုးအား မတွေ့ရှိဘဲ သမက်ဖြစ်သူ ဘိုဘိုငြိမ်းအားတွေ့ရှိပြီး အိပ်ခန်းအတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၃ ပြားနှင့် MA 3 သေနတ်တစ်လက်၊ ၅. ၅၆ ကျည် ၁၅ တောင့်၊ ကျည်ဘောက် တစ်ခုတို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သေနတ်အား လွန်ခဲ့သော သုံးနှစ်ခန့်က ကော့ကရိတ်မြို့ တံတားကျိုးကျေးရွာနေ အမည်မသိ ကရင်အမျိုးသားတစ်ဦးထံမှ ငွေကျပ် ၂၅ သိန်းဖြင့် ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ဘိုဘိုငြိမ်းနှင့် ဒေါ်နန်းမိုး (ဖမ်းမမိ)တို့ နှစ်ဦးအား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပျဉ်းမနားမြို့၌ မီးရှူးမီးပန်းနှင့် ပြောက်အိုးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

ပျဉ်းမနားမြို့မရဲစခန်းမှ ရဲအုပ် စိုင်းကျော်လွင် ဦးစီးအဖွဲ့သည် အောက်တိုဘာ ၁၁ ရက် ညနေပိုင်းက ပျဉ်းမနားမြို့ ပန်းခင်း(၁)ရပ်ရှိ ဒေါ်တင်တင်ဆွေ ကုန်စုံဆိုင်အား ဝင်ရောက်ရှာဖွေရာ ဆိုင်အတွင်းမှ တရုတ်နိုင်ငံလုပ် မီးရှူးမီးပန်းများနှင့် ပြောက်အိုးမျိုးစုံ သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာတွင် လေပြင်းတိုက်ခတ်

**စစ်ကိုင်း အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကျောက်ကာကျေးရွာတွင် ယနေ့မွန်းလွဲ ၂ နာရီခန့်က လေပြင်းတိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း သစ်ပင်လဲပြိုခြင်း၊ စာသင်ကျောင်းသွပ်မိုးများလန်ခြင်း၊ ရွာအတွင်း အိမ် ၁၂ လုံးခန့်နှင့် နွားတင်းကုပ်နှစ်လုံးသစ်ပင်ပိ၍ အမိုးများပျက်စီးခြင်း၊ အချို့ရက်ကန်းစင်များ ကျိုးပျက်ခဲ့ခြင်းနှင့် အဆိုပါ ကျေးရွာရှိကျောင်းမှ ဆရာမတစ်ဦးနှင့် ကျောင်းသားတစ်ဦးတို့ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံ/ဘဏ္ဍာဝန်ကြီး ဦးစိုးဦး၊ စစ်ကိုင်းတပ်နယ်နှင့် ရဲတပ်ဖွဲ့တို့မှအရာရှိ၊ စစ်သည်တပ်ဖွဲ့ဝင်များ၊ စစ်ကိုင်းမြို့ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ဝိုင်းဝန်းပူးပေါင်းကူညီ ရှင်းလင်းဖယ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၂၃၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၄၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၆၈၁ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လားရှိုးနှင့် ရေပူအကြား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရှောင်တခင်စစ်ဆေးမှုဆောင်ရွက်စဉ် ရေပူရွာအနီး မိုင်တိုင်အမှတ် ၁၉၈ မိုင် တစ်ဖာလုံခန့်တွင် ရပ်ထားသော Toyota Crown ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး အပိုင်းအစ၊ ဖြတ်စဆိုဒ်စုံ ၁၄၆ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၃ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါမြို့နယ် ရပ်ကွက်၊ ကျေးရွာအတွင်း တောင်ကျရေဝင်ရောက်

**သီပေါ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တုံစင့်ကျေးရွာနှင့် ဇာတ်စုရပ်ကွက်တို့တွင် တစ်ပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေဝင်ရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားရာ လမ်း၊ တံတား ရေကျော်ကာ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အခက်တွေ့ကြရသည်။

ထိုသို့ရေကြီးရေလျှံမှု ဖြစ်ပွားရာသို့ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ကွပ်ကဲသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည်။

**စိုင်း(သီပေါ)**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



**လွန်းဂျာအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီက မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်နေ ကိုထွန်း(ခ) သန့်ဇင်ထွန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ လှိုင်စိုးဦး၊ သီဝတင်တို့အား တွေ့ရှိရပြီး အိပ်ခန်းအတွင်းမှ ဘိန်းဖြူ ၄ ဒသမ ၁၀၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၇ ပြား၊ ဘိန်းမည်းနှစ်ဂရမ်၊ PRECIHONE SPORTS စာတန်းပါ အိန္ဒိယနိုင်ငံလုပ် လေသေနတ်တစ်လက်၊ မှန်ပြောင်းတစ်ခု၊ ခဲသီးလုံး ၁၀၀ နှင့် မြန်မာငွေကျပ် ၁၈၈၅၀၀၀ တို့ကိုလည်းကောင်း။

**ကျိုင်းတုံ**

အလားတူ ယင်းနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ က မူးယစ်တပ်ဖွဲ့စု ၂၈ ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဟွေပုံကျေးရွာထိပ်တွင် အားဖန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀ နှင့် မြန်မာငွေကျပ် ၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကိုလည်းကောင်း။

**မူဆယ်**

ထို့အတူ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ဝိန်းနန်းကျေးရွာ ရော်ဘာခြံရှိ လွန်းဂျာ၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၅၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀ တို့ကိုလည်းကောင်း။

**နောင်ချို**

အဆိုပါ ည ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟက်ရပ်ကွက်ရှိ လမ်းဆုံအနီးတွင် အောင်ကျော်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တွင် မီးလောင်မှုဖြစ်ပွား ခြောက်နှစ်အရွယ် ကလေးတစ်ဦး သေဆုံး

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြို့ လသာမြို့နယ် ၁၄ ရပ်ကွက်ရှိ တိုက်ခန်းလေးလွှာတွင် ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားရာ အထက(၁)လသာတွင် ပညာသင်ယူနေသည့် အသက် ခြောက်နှစ်ကျော် သူငယ်တန်းကျောင်းသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

"ကလေးနာမည်က အောင်ဟိန်းပိုင်ပါ။ ကလေးက နေအိမ်အပေါ်ထပ်ထပ်ခိုးမှာ အိပ်ပျော်နေတာပါ။ မီးခိုးငွေ့ကြောင့် အသက်ရှူကျပ်ပြီး သေသွားတာပါ။ ကလေးရဲ့အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပို့ထားတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားခြင်းမှာ မီးပလတ်ခုံတွင် တီဗီဖွင့်ရင်း ဖုန်းအားသွင်းရာမှ အပူလွန်ကဲ၍ မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အင်အား ၉၀၊ မီးသတ်ယာဉ် ၁၇ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ အခန်းပိုင်ရှင် ဦးဇင်မိုးအောင် (သေဆုံးသွားသော ကလေးငယ်၏ဖခင်)အား လသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇာနည်မောင်**

## တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှု စွပ်စွဲခံရသူများအား ရုံးထုတ်စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၈၃ ချိန်းမြောက်အဖြစ် အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ပြီး လူသတ်မှုနှင့် ပတ်သက်၍တင်ပြထားသော တရားခံပြသက်သေများအနက် နှစ်ဦးကို စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့ အထူးတရားခုံရုံးက စစ်ဆေးနေတဲ့ ရာဇဝတ်အမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုကနေ ပြစ်မှုကျူးလွန်သူတစ်ဦးဖြစ်တဲ့ အောင်ဝင်းဇော်ဘက်ကပြတဲ့ တရားခံပြသက်သေ ဦးသိန်းလွင်အေးနဲ့ ကိုဇော်နိုး(ခ)မှန်ကြီးတို့နှစ်ဦးကို အဲဒီနေ့မှာပဲ ပြစ်မှုကျူးလွန်သူရဲ့ဆန္ဒအရ ပယ်လိုက်ပါတယ်။ ဒါကြောင့် အောင်ဝင်းဇော်ရဲ့ဇနီး ဒေါ်မင်းမင်းထိုက်ကို အောက်တိုဘာ ၁၁ ရက်က ရုံးချိန်း ၈၂ ချိန်းမှာ စစ်ဆေးခဲ့တာပါ။ ဒီကနေ့မှာတော့ ခံပြသက်သေ သုံးဦးစစ်မယ့်အထဲမှာ နှစ်ဦးပဲလာပါတယ်။ တစ်ဦးက အောင်ဝင်းဇော်ရဲ့ သက်သေ ဦးလှိုင်ငွေထွန်း၊ တစ်ဦးက အောင်ဝင်းထွန်းရဲ့သက်သေ ဦးအောင်မျိုးလွင်ပါ။ တရားခံပြသက်သေနှစ်ဦး စစ်ဖြစ်ပါတယ်။ နောက်ရုံးချိန်းမှာ တရားခံပြသုံးဦးစစ်မယ်လို့ အောက်တိုဘာ ၁၈ ရက် ကြာသပတေးနေ့ကို ပြန်လည်ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## လယ်ဝေးမြို့နယ်တွင် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး

**နေပြည်တော် အောက်တိုဘာ ၁၃။** ။နေပြည်တော် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဆွေက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းက ပင်ငါးမြောင် အထက(ခွဲ)၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်းနှင့် ရဲအုပ်မြင့်ဆွေနှင့် တပ်ဖွဲ့ဝင်များက အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

## အတ္တရံမြစ်အတွင်း သစ်တန်ချိန် ၅၀ သိမ်းဆည်းရမိ

**ကျိုက်မရော အောက်တိုဘာ ၁၃**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် အောက်တိုဘာ ၁၂ ရက် ညက အတ္တရံမြစ်အတွင်း ပျားတောင်အနီး၌ မလေးရှားဘက်သို့တင်ပို့ရန် လှေဖြင့်သယ်ဆောင်လာသော ပိတောက်သစ်နှင့် ရောင်စုံသစ်တန်ချိန် ၅၀ ခန့်ကို သတင်းအရ တပ်မတော်စစ်ရေယာဉ်မှ ဖမ်းဆီးခဲ့ပြီး လှေပေါ်၌ပါလာသူ ၁၃ ဦးအား ကျိုက်မရောမြို့မရဲစခန်း၌ ဆက်လက်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(စ) ယုံမှတ်အပ်နှံခြင်းခံရသူ။

**အခန်း (၂)**

**လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအဖြစ် မှတ်ပုံတင်ခြင်း လိုက်နာရမည့်ကျင့်ဝတ်များ**

၈။ လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် -

(က) ဤဥပဒေအရမှတ်ပုံတင်ထားသူဖြစ်ရမည်၊

(ခ) ၎င်း၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းနှင့် တာဝန်များကို ထမ်းဆောင်ရာတွင်-

(၁) ဤဥပဒေပါ ရည်ရွယ်ချက်များအတိုင်း လျော်ကန်သင့်မြတ်စွာဆောင်ရွက်ရမည်၊

(၂) ထိုက်သင့်သည့် သတိဝီရိယဖြင့် ဆောင်ရွက်ရမည်၊

(၃) သဘောရိုးဖြင့် ဖြောင့်မတ်စွာဆောင်ရွက်ရမည်။

(ဂ) မိမိကိုယ်ကျိုးအတွက်ဖြစ်စေ၊ တစ်စုံတစ်ဦး၏အကျိုးအတွက်ဖြစ်စေ မိမိရာထူးတာဝန်ကို မလျော်မကန်အသုံးမပြုရ။

(ဃ) နည်းဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော ကျင့်ဝတ်များကို လိုက်နာရမည်။

**အခန်း(၃)**

**အရည်အချင်းမပြည့်ဝသူများက လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ်ဆောင်ရွက်ခြင်းအပေါ် ကန့်သတ်ချက်များ သတ်မှတ်အရည်အချင်းမပြည့်မီဘဲဆောင်ရွက်ခြင်း**

၉။ (က) လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူဖြစ်မှသာလျှင် ပုဒ်မ ၇ တွင် ဖော်ပြထားသော ရာထူးတစ်ရပ်ရပ်ကို တာဝန်ယူ လက်ခံဆောင်ရွက်နိုင်သည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းမရှိသည့် အချိန်တွင် ထိုသို့လက်ခံဆောင်ရွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်သိန်းငါးဆယ်ထက်မပိုသော ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

**လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန်အရည်အချင်း မရှိသည့် ပုဂ္ဂိုလ်များ**

၁၀။ (က) အဖွဲ့အစည်းမဟုတ်သော လူပုဂ္ဂိုလ်ကသာလျှင် လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) လူတစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့် မရှိစေရ။

(၁) လူမှုအဖြစ်မှ ရပ်စဲခြင်းမရှိသေးသူဖြစ်လျှင်၊ သို့မဟုတ်

(၂) ဤဥပဒေပါ မြန်မာနိုင်ငံ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီက လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆက်လက်ဆောင်ရွက်ရန်မသင့်ဟု ယူဆသော အကျင့်စာရိတ္တနှင့် ပတ်သက်သည့် ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်လျှင်၊ သို့မဟုတ်

(၃) နည်းဥပဒေအရ သတ်မှတ်ထားသည့် အာမခံတစ်ရပ်ရပ်ကိုထားရှိခြင်း မရှိလျှင်၊ သို့မဟုတ်

(၄) မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီမှ ထုတ်ပေးထားသော လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်မှာ သက်တမ်းကုန်ဆုံးနေလျှင်၊ သို့မဟုတ်

(၅) ဤဥပဒေနှင့်အညီ လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ထားခြင်းမရှိလျှင်။

**လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း**

၁၁။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိရမည်။

**မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း**

၁၂။ (က) အောက်ပါအချက်များနှင့်ကိုက်ညီကြောင်း ယုံကြည်ကျေနပ်လျှင် မြန်မာနိုင်ငံ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီသည် လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်-

(၁) ပုဒ်မ ၁၀ အရ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိသူများ စာရင်းမှထုတ်ပယ်ခြင်း ခံရသူမဟုတ်ခြင်း၊

(၂) ကောင်စီက သတ်မှတ်ထားသော ပညာရေးလိုအပ်ချက်၊ လက်တွေ့သင်တန်းနှင့် အတွေ့အကြုံဆိုင်ရာ သတ်မှတ်ချက်များဖြင့် ပြည့်စုံသူဖြစ်ခြင်း၊

(၃) ဤဥပဒေအရ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှန်ကန်စွာဆောင်ရွက်နိုင်သူဖြစ်ခြင်း။

(ခ) ကောင်စီသည် ဤဥပဒေစတင်အာဏာတည်သောနေ့မှစ၍ (၁) နှစ်အတွင်း ပုဒ်မခွဲ(က)ပုဒ်မခွဲငယ် (၂) ပါ လိုအပ်ချက်များကို ပြည့်မီခြင်းမရှိသော်လည်း တစ်စုံတစ်ဦးသည် လူမှုမှုခင်းကိစ္စရပ်များတွင် လုံလောက်သော အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများရှိသည်ဟု ကျေနပ်ပါက ထိုကာလအတွက်သာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

(ဂ) ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိရန်အတွက် ကောင်စီသို့ တင်ပြလျှောက်ထားရမည်။

(ဃ) ကောင်စီသည် လျှောက်ထားသူအား ထုချေခွင့်ပေးခြင်း သို့မဟုတ် စာဖြင့် ရေးသားတင်ပြစေခြင်းမပြုဘဲ ၎င်း၏ လျှောက်လွှာကိုငြင်းပယ်ခြင်း သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းမပြုရ။

**ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်များကိုနှစ်စဉ်သက်တမ်းတိုးခြင်း**

၁၃။ လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် (၁) နှစ်ဖြစ်သည်။ သတ်မှတ်ကာလမကုန်ဆုံးမီ သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းမရှိပါက သက်တမ်းကုန်ဆုံးသည့်နေ့တွင် ရပ်စဲပြီးဖြစ်စေရမည်။

**မမှန်မကန်တင်ပြခြင်း**

၁၄။ မည်သူမဆို ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ အရ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ရရှိရန်ဖြစ်စေ၊ သက်တမ်းတိုးရန်ဖြစ်စေ တင်ပြဆောင်ရွက်ရာတွင် မမှန်မကန်တင်ပြလျှင် သို့မဟုတ် တစ်စုံတစ်ရာကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ပြုလုပ်လျှင် သို့မဟုတ် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်မည်။

**အခန်း (၄)**

**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဖွဲ့စည်းခြင်း**

၁၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုစာရင်းစစ်ချုပ်၊

(၂) မြန်မာနိုင်ငံရှေ့နေများကောင်စီဥက္ကဋ္ဌ၊

(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊

(၄) မှတ်ပုံတင်အရာရှိ၊

(၅) ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊

(၆) ဥက္ကဋ္ဌ၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊

(၇) အခန်း (၅) အရ ဖွဲ့စည်းသည့် လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၏ ဥက္ကဋ္ဌနှင့် ၎င်းမှ အမည်စာရင်းတင်သွင်းသည့် အသင်းဝင်ကိုယ်စားလှယ်(၅) ဦး၊

(၈) ပုဒ်မခွဲငယ် (၇) ပါ အသင်းမပေါ်ပေါက်မီ ကြားကာလ အတွင်း မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဥက္ကဋ္ဌနှင့် ၎င်းမှ အမည်စာရင်းတင်သွင်းသည့် အသင်းဝင် ကိုယ်စားလှယ် (၅) ဦး။

(ခ) ကောင်စီသည် ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်သည့် လွတ်လပ်သော အဖွဲ့အစည်းဖြစ်သည်။

(ဂ) ကောင်စီသည် စဉ်ဆက်မပြတ်သော ဆက်ခံခွင့်၊ ယင်း၏ ကိုယ်ပိုင်တံဆိပ်ကို သုံးစွဲခွင့်၊ တရားစွဲခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။

(ဃ) ကောင်စီသည် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ပုံမှန်အစည်းအဝေး ကျင်းပပြုလုပ်ရမည်။ လိုအပ်ပါက အစည်းအဝေးခေါ်ယူကျင်းပနိုင်သည်။

(င) ကောင်စီဝင်များသည် ယင်းတို့အနက်တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ရမည်။ ကောင်စီဥက္ကဋ္ဌသည် သတ်မှတ်ထားသော အစည်းအဝေးများနှင့် လိုအပ်သည့် အစည်းအဝေးတို့ကို ခေါ်ယူခြင်း၊ အဖွဲ့ဝင်များအား အစည်းအဝေးများအတွက် သင့်လျော်သည့် အကြောင်းကြားစာပေးပို့ခြင်း၊ အစည်းအဝေးကျင်းပပါက သဘာပတိအဖြစ်ဆောင်ရွက်ခြင်း အပါအဝင် အထွေထွေ ကြီးကြပ်ပိုင်ခွင့်နှင့် ကောင်စီ၏ လုပ်ငန်းကိစ္စရပ်များကို လမ်းညွှန်ပိုင်ခွင့်ရှိသည်။

(စ) ဥက္ကဋ္ဌသည် ၎င်းထမ်းဆောင်ရမည့်တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်နိုင်ခြင်း မရှိလျှင် မည်သည့်အချိန်တွင်မဆို ၎င်း၏ တာဝန်ဝတ္တရားများကို အခြားအဖွဲ့ဝင်တစ်ဦးဦးထံသို့ ယာယီလွှဲအပ်နိုင်သည်။

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိစေရမည်။

**ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၆။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီသည်ပုဒ်မ ၁၂ အရ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လျှောက်ထားလာသူကို သင့်လျော်သည်ဟု ဆုံးဖြတ်လျှင် ထိုသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ ပုဒ်မ ၁၁ အရ ထားရှိသော မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းမှတ်တမ်းတင်ခြင်း၊

(ခ) ပုဒ်မ ၁၃ အရ လျှောက်ထားလာပါက မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်နှင့် ပတ်သက်၍ သင့်လျော်မည်ဟု ယူဆသော စည်းကမ်း သို့မဟုတ် ကန့်သတ်ချက်များ သတ်မှတ်ခြင်း၊

(ဃ) လူမှုခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကျင့်သုံးရမည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ အစီအစဉ်များ၊ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများ၊ လက်စွဲများနှင့် အရည်အသွေး ထိန်းသိမ်းရေး အစီအစဉ်များကို သတ်မှတ်ခြင်း၊

(င) ဤဥပဒေအရ တာဝန်နှင့် ဝတ္တရားများကို ချိုးဖောက်ကြောင်း သို့မဟုတ် တာဝန်များဆောင်ရွက်ရာတွင် ပေါ့ဆစွာပြုမူကြောင်း သို့မဟုတ် ကျင့်ဝတ်မညီကြောင်း လူမှုခံခြင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးအပေါ် တိုင်ကြားချက်ကို ကြားနာဆုံးဖြတ်ခြင်း၊

(စ) လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ လုပ်ငန်းဆောင်ရွက်မှုကြောင့် လျော်ကြေးတစ်စုံတစ်ရာပေးရန် တာဝန်ရှိလာပါက အောက်ပါအာမခံစနစ် နှစ်ရပ်အနက် မည်သည့်စနစ်ဖြင့် အာမခံထားရှိမည်ကို ဆုံးဖြတ်ရန်နှင့် အနည်းဆုံး အာမခံတန်ဖိုးကို ဆုံးဖြတ်ခြင်း-

(၁) ကျွမ်းကျင်သူအနေဖြင့် ဆောင်ရွက်ချက်များအပေါ် လျော်ကြေးပေးရန် တာဝန်မှ ကင်းလွတ်ခွင့်အာမခံ၊

(၂) သမာဓိအာမခံ။

(ဆ) ကောင်စီသည် ဤဥပဒေပြဋ္ဌာန်းသည့်အချိန်မှစ၍ ယင်း၏ တာဝန်များကို အရည်အသွေးပြည့်မီစွာ ထမ်းဆောင်နိုင်သည်အထိ အသွင်ကူးပြောင်းရေးကာလအတွင်း ဖြစ်ပေါ်လာသည့် အခက်အခဲများကိုဖြေရှင်းပေးခြင်း၊

(ဇ) နည်းဥပဒေနှင့်အညီ သတ်မှတ်သော အောက်ပါတာဝန်များကို ထမ်းဆောင်ခြင်း-

(၁) အခြားဆက်စပ်သောလုပ်ငန်းတာဝန်များဆောင်ရွက်ခြင်းနှင့်

(၂) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း။

**ကော်မတီများဖွဲ့စည်းခြင်းနှင့်တာဝန်ပေးအပ်ခြင်း**

၁၇။ (က) ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ လိုအပ်ပါကလူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရေးကော်မတီနှင့် လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့ကိုလည်းကောင်း၊ အကြံပေး သို့မဟုတ် အမှုဆောင် ကော်မတီများကိုလည်းကောင်း ဖွဲ့စည်းနိုင်သည်။

(ခ) ကောင်စီသည် ဤအပိုင်းတွင်ဖော်ပြထားသည့် တာဝန်များ၊ လုပ်ပိုင်ခွင့်များ သို့မဟုတ် လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အသင်းအဖွဲ့ထံသို့ လွှဲအပ်နိုင်သည်။

**လူမှုခံယူခြင်းဆိုင်ရာနိုင်ငံခြားသားကျွမ်းကျင်သူများ**

၁၈။ (က) ကောင်စီသည် ၎င်း၏ဆင်ခြင်တုံတရားဖြင့် အခြားနိုင်ငံတစ်ခု၏စီရင်ပိုင်ခွင့်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအဖြစ် ဆောင်ရွက်ခွင့်ရှိသော သို့မဟုတ်မှတ်ပုံတင်ထားသော လူမှုခံယူခြင်းဆိုင်ရာ နိုင်ငံခြားသားကျွမ်းကျင်သူတစ်ဦးကို အပိုင်း (၁၀) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ မြန်မာနိုင်ငံရှိ နိုင်ငံခြားလူမှုမှုခင်းတွင် လိုက်ပါဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်။


(ခ) ကောင်စီသည်ပုဒ်မခွဲ (က) အရ ခွင့်ပြုနိုင်ရန်အတွက် စဉ်းစားဆုံးဖြတ်ရာတွင် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် လူမှုခံယူခြင်းဆိုင်ရာ နိုင်ငံခြားသား ကျွမ်းကျင်သူတွင် အနည်းဆုံးရှိရမည့် အရည်အချင်းများကိုလည်း သတ်မှတ်နိုင်သည်။


**အခန်း (၅)**

**လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း အသင်းအားအသိအမှတ်ပြုခြင်း**


၁၉။ (က) မှတ်ပုံတင်ထားသူများသည် အသင်းဖွဲ့စည်းလိုပါက မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီသို့ လျှောက်ထားနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)














ကိုရင်ဩ

# ကုန်သွယ်စစ်ဂယက် အကျိုးထွက်သည့် နိုင်ငံ

အမေရိကန်နှင့် တရုတ်အကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမှုသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ထိခိုက်စေနိုင်ခြင်းကြောင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က လာမည့်နှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုဆိုင်ရာ ခန့်မှန်းချက်ကို လျှော့ချလိုက်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ အောက်တိုဘာ ၁၁ ရက်တွင် စတင်သည့် ဂျီ-၂၀ အုပ်စု ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌတို့၏ အစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုဆိုင်ရာ ခန့်မှန်းချက်နှင့် ပတ်သက်၍ အိုင်အမ်အက်ဖ်က တင်ပြရာ၌ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပြီး ယင်းမှာ လွန်ခဲ့သည့် ခန့်မှန်းချက်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၂ ရာခိုင်နှုန်း ပိုမို လျော့နည်းသွားကြောင်း ဖော်ပြထားသည့် သတင်းတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုရသောအခါ ကုန်သွယ်ရေးစစ်ပွဲက အာရှနိုင်ငံများ၏ စီးပွားရေးအပေါ် မည်ကဲ့သို့ ရိုက်ခတ်လာနိုင်အံ့နည်းဟု စေ့ငုလေ့လာမိလေ၏။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်တို့အကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားခြင်းကြောင့် အန္တရာယ်ရှိနိုင်ခြေ ပိုမိုများပြားလာကြောင်း အိုင်အမ်အက်ဖ် ဘောဂဗေဒ ပညာရှင်ချုပ် မောရစ်အော့ဖီးက သတင်းထောက်များအား ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုအတွက် စီးပွားရေးအလားအလာကို ၂ ဒသမ ၅ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံအတွက် ၆ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး လျှော့ချပြင်ဆင်ခဲ့ကြသည်။ အဆိုပါ နှစ်နိုင်ငံစလုံးသည် ဇူလိုင်လ ခန့်မှန်းချက်နှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုလျော့ကျသွားမည်ဆို၏။

ပစ္စက္ခ ကုန်သွယ်ရေးစစ်ပွဲကြီးသည်ကား မြောက်အမေရိကနှင့် အာရှဒေသတို့ရှိ နိုင်ငံကြီးနှစ်နိုင်ငံတို့အကြား ကြိတ်ကြိတ်ခဲခဲ သဲသဲမဲမဲ တစ်ပွဲတစ်လမ်း အကဲစမ်းသည့် ပွဲကြီးဖြစ်ပေရာ အာရှနိုင်ငံများ တစ်မျိုးတစ်ဖုံ အကျိုးသက်ရောက်လာမည်ဟု ထွေထွေလည်လည် ချင့်တွက်ရ၏။

## ဗီယက်နမ်

အကျယ်အကျယ် မငြိမ်းဖွယ် ကုန်သွယ်ရေးစစ်ပွဲကြီးအတွင်း 'ပျားလည်းစွဲသာ၊ ရှဉ့်လည်းလျှောက်သာ' အနေအထားကို ဖန်တီးနိုင်သော နိုင်ငံမှာ ၂၁ ရာစုခေတ်၏ 'အာရှကျား' သစ် ဗီယက်နမ်ပါပေတည်း။

မိမိ၏နိုင်ငံသည် ကုန်သွယ်ရေးစစ်ပွဲအတွင်း မည်သည့်နိုင်ငံဘက်ကိုမျှ ဘက်လိုက်မည်မဟုတ်ကြောင်း၊ မိမိ၏ ကုန်သွယ်ရေး မိတ်ဖက်များအားလုံးနှင့် ကုန်သွယ်ရေးဆက်ဆံမှု ဆက်လက်တိုးတက်နေစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုက လွန်ခဲ့သည့်လတွင် ပြောကြားခဲ့ရာ ယင်းမှာ ကုန်သွယ်ရေး စစ်ပွဲကြီးကြောင့် မိမိ၏နိုင်ငံ ကတိမ်းကယိမ်းမဖြစ်စေရေးအတွက် ဟန်ချက်ညီထိန်းညှိခြင်းအဖြစ် ရှုမြင်ရ၏။

အရေးကြုံလျှင် သက်လုံကောင်းရမည်ဟူဘိသို့ပင် အကျပ်အတည်းကာလနှင့် ရင်ဆိုင်လာရချိန်တွင် မိမိ၏ နိုင်ငံ အပွန်းအပဲ့၊ အထိအခိုက်နည်းနိုင်သမျှ နည်းအောင် လုပ်ဆောင်ရမည်မှာ အမြော်အမြင်တရားဖြစ်၏။

အာရှဒေသ၌ ကုန်သွယ်ရေးလုပ်ငန်းအပေါ် အများဆုံး မှီခိုအားထားနေရသော နိုင်ငံများတွင် ဗီယက်နမ်နိုင်ငံပါဝင်ပြီး ကုန်သွယ်မှုမပျက် စီးပွားဆက်ဖို့ အရေးကြီးလှသည်။

အမေရိကန်က တရုတ်နိုင်ငံအပေါ် ကုန်စည်နှင့် ဝန်ဆောင်မှု လုပ်ငန်းများအပေါ် ကုန်သွယ်စည်းကြပ်ခွန်များကို တိုးမြှင့် ကောက်ခံမှုကြောင့် တရုတ်နိုင်ငံ၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) မှာ ကာလရှည်အားဖြင့် ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ဆုံးရှုံးနစ်နာလာရဖွယ်ရှိနေပေရာ ကုန်သွယ်ရေးစစ်ပွဲ အကျိုးဆက်တွေ့ထိခံစားရမှု နည်းနိုင်သမျှနည်းစေရန်အတွက် တရုတ်နိုင်ငံအခြေစိုက် ပြည်ပပို့ကုန်လုပ်ငန်းရှင်များက အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် အခြားနိုင်ငံများဘက်သို့ ဦးလှည့်ရန် ကြံဆောင်လာကြသည်ဟု ယူဆရလေသည်။

ပင်လယ်ရပ်ခြားမှ လာရောက်လုပ်ကိုင်လျက်ရှိသော ထုတ်လုပ်ရေးကုမ္ပဏီများ အပါအဝင် တရုတ်နိုင်ငံ အခြေစိုက် ထုတ်လုပ်ရေးလုပ်ငန်းများသည် ဗီယက်နမ်နိုင်ငံသို့ စက်ရုံများ ရွှေ့ပြောင်းမှုကို အစပျိုးလုပ်ဆောင်ခဲ့ကြပြီးဖြစ်သည်။

အထူးအားဖြင့် အီလက်ထရွန်းနစ်ပစ္စည်း ထုတ်လုပ်ရေးကဏ္ဍတွင် ထုတ်လုပ်ရေးစက်ရုံများ အရွှေ့အပြောင်း၊ အနုတ်အသိမ်းရှိလာသည်ကို တွေ့မြင်ရသည်။ အင်တဲလ်၊ ဖောက်ကွန်း၊ အယ်လ်ဂျီနှင့် ဆမ်ဆောင်းတို့ကဲ့သို့ နာမည်ကြီး ထုတ်လုပ်ရေး ကုမ္ပဏီကြီးများသည် မကြာသေးမီမှစ၍ ဗီယက်နမ်နိုင်ငံသို့ စက်ရုံများ ရွှေ့ပြောင်းခဲ့ကြသည်။ အမေရိကန်၏ ကုန်သွယ်စည်းကြပ်ခွန် တနင့်တပိုး မြင့်တက်လာမှုမှ ရှောင်လွှဲနိုင်ရေးအတွက် စက်ရုံများမှာ မရှုနိုင်မကယ်နိုင်ဘဝမှ ရုန်းထွက်ကြရပေလိမ့်မည်။

ဗီယက်နမ်နိုင်ငံသည် လုပ်အားခ ဈေးချိုခြင်းကြောင့် တရုတ်အခြေစိုက် ထုတ်လုပ်ရေးစက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်နိုင်သည်။ ကုန်သွယ်ရေးစစ်ပွဲကြီးဖြစ်ပေါ်လာခြင်း မရှိမီမှာပင် တရုတ်နိုင်ငံမှသည် ဗီယက်နမ်နိုင်ငံသို့ စက်ရုံများ ရွှေ့ပြောင်းသည့် လက္ခဏာက ပေါ်လွင်ထင်ရှားလာခဲ့ပြီး ကုန်သွယ်ရေးစစ်ပွဲနှင့်အတူ စက်ရုံများ ရွှေ့ပြောင်းရန် တွန်းအားတစ်ရပ်ဖြစ်လာရသည်။

ကုန်သွယ်ရေးစစ်ပွဲ၏ ရလဒ်တစ်ခုအဖြစ် ဗီယက်နမ်နိုင်ငံသည် သားရေထုတ်ကုန်ပစ္စည်းများ၊ ဖိနပ်နှင့် လက်ပွေ့အိတ်တို့ကို ပြည်ပသို့ ပိုမိုတင်ပို့လာနိုင်မည်ဟု မျှော်လင့်ရကြောင်း စီးပွားရေးပညာရှင်များက ဟောကိန်းထုတ်ထားသည်။

တရုတ်နိုင်ငံမှ ထုတ်လုပ်ရေးလုပ်ငန်းများ ဗီယက်နမ်သို့ ဝင်ရောက်လာခြင်းနှင့်အတူ ပြည်တွင်း၌ အလုပ်အကိုင်နေရာများ ဖန်တီးပေးလာနိုင်မည်ဟုလည်း မျှော်လင့်ရသည်။ သို့ရာတွင် တရုတ်နိုင်ငံမှ စက်ရုံများ ဗီယက်နမ်နိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာခြင်းဖြင့် ကျွမ်းကျင်အလုပ်သမားများ ရရှိနိုင်မှု နည်းပါးသွားနိုင်သည်ကိုလည်း သတိမူရလိမ့်မည်။

ဗီယက်နမ်နိုင်ငံသည် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် ၁၂ ရပ် အပါအဝင် ကုန်သွယ်ရေး သဘောတူညီချက်ပေါင်း ၁၇ ရပ်တွင် ပါဝင်သဖြင့် ကုန်သွယ်ရေးအရ ယှဉ်ပြိုင်နိုင်မှုတွင် အားသာချက်များ ရရှိထားလေသည်။

## အခွင့်အလမ်းကောင်း

တရုတ်နိုင်ငံမှ ဟွာဝေးနှင့် ဇက်တီအီး ကုမ္ပဏီများ၏ ထုတ်ကုန်များအပေါ် အမေရိကန် ထိန်းချုပ်ကန့်သတ်လိုက်ခြင်းကြောင့် မျှော်လင့်မထားဘဲ အခွင့်အလမ်းကောင်းများရရှိလိုက်သော ကုမ္ပဏီများတွင် တောင်ကိုရီးယားနိုင်ငံမှ ဆမ်ဆောင်း အီလက်ထရွန်းနစ် ကုမ္ပဏီကြီးပါဝင်သည်။

အလားတူပင် တရုတ်တိုင်ပေမှ ဂလိုဘယ်ယူနီချစ်ကော်ပိုရေးရှင်းကဲ့သို့ တစ်ပိုင်းလျှပ်ကူး ဆီမီးကွန်ဒပ်တာထုတ်လုပ်ရေး လုပ်ငန်းများတွင် တရုတ်ကုမ္ပဏီများ ပါဝင်ရင်းနှီးမြှုပ်နှံရန် အကြောင်းဖန်လာသည်။

ထိုနည်းနှင်နှင်ပင် တရုတ်တိုင်ပေမှ အက်ခလက် အထည်အလိပ်လုပ်ငန်း ကုမ္ပဏီကဲ့သို့ ကုမ္ပဏီများမှာလည်း ဈေးကွက်သစ်များရရှိလာရန် အကြောင်းဖြစ်တည်လာသည်။

အမေရိကန် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များအပေါ် တရုတ်နိုင်ငံက ကုန်သွယ်စည်းကြပ်ခွန် တိုးမြှင့်လိုက်ပြီးနောက် စီးပွားရေးတိုးလာသည့် ကုမ္ပဏီတစ်ခုမှာ စင်ကာပူနိုင်ငံမှ အိုလမ်အင်တာနေရှင်နယ် (စားသောက်ကုန်လုပ်ငန်း) ကုမ္ပဏီဖြစ်၏။

အိန္ဒိယအခြေစိုက် ဟင်ဒယ်ကို စက်မှုလုပ်ငန်းများ ကုမ္ပဏီအမည်ရှိ အလူမီနီယမ် ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီသည် အမေရိကန် အလူမီနီယမ်ပစ္စည်းထုတ်လုပ်ရေး အယ်လာရစ်ကုမ္ပဏီကို ဇူလိုင်လတွင် ဝယ်ယူလိုက်ခြင်းဖြင့် အလူမီနီယမ်ပစ္စည်း ထုတ်လုပ်ရေးလောကတွင် ကမ္ဘာ့အကြီးဆုံးကုမ္ပဏီအဖြစ် ရပ်တည်လာနိုင်သည်။

အိန္ဒိယနိုင်ငံရှိ သံမဏိထုတ်လုပ်ရေးကုမ္ပဏီများအနက် အကြီးဆုံး ကုမ္ပဏီဖြစ်သော ဂျေအက်စ်ဒဗလျူစတီးလ်သည် ပြည်တွင်း၌ ထုတ်လုပ်မှု စွမ်းပကားကို မြှင့်တင်ခြင်းမပြုတော့ဘဲ ပြည်ပ၌ ထုတ်လုပ်မှုစွမ်းပကား မြှင့်တင်နိုင်ရန် အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်၌ သံမဏိစက်ရုံတစ်ရုံကို ထူထောင်နိုင်ရေးအတွက် ဒေါ်လာသန်း ၅၀၀ အထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

တရုတ်နိုင်ငံမှ ထုတ်လုပ်ရေးစခန်းများကို ရွှေ့ပြောင်းလာခြင်း၏ အကျိုးသက်ရောက်မှုမှ စီးပွားရေး အကျိုးအမြတ်ပွင့်လန်းလာသော ကုမ္ပဏီတစ်ခုမှာ ဟောင်ကောင်အခြေစိုက် ကယ်ရီ ကုန်စည်ပို့ဆောင်ရေးကွန်ရက်အမည်ရှိ ကုမ္ပဏီဖြစ်သည်။

ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးသက်ရောက်မှုများအရ လုပ်ငန်းတိုးတက်မှုနှုန်း နှေးကွေးသွားရမည့် အခြေအနေနှင့် ရင်ဆိုင်လာကြရသော ကုမ္ပဏီများတွင် တရုတ်နိုင်ငံမှ ကုန်တင်သင်္ဘောကုမ္ပဏီများ၊ တရုတ်တိုင်ပေမှ ကွန်ပျူတာထုတ်လုပ်ရေး ကုမ္ပဏီများ ပါဝင်သည်ဟု ဆိုသည်။

ကုန်သွယ်ရေးစစ်ပွဲကြောင့် လေကြောင်းသွားလာရေးလုပ်ငန်းများ ထိခိုက်လာနိုင်သည်ဟု ဟောင်ကောင် ကာသေ့ပစိဖိတ်ကုမ္ပဏီက ပြောကြားခဲ့ပြီး ကုန်သွယ်ရေးစစ်ပွဲကြောင့် ထွန်းသစ်စဈေးကွက်များ၌ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုမရှိခြင်း ဆိုးကျိုးသက်ရောက်မှုများကို တောင်ကိုရီးယားနိုင်ငံမှ ဟွန်ဒိုင်း မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၊ ဂျပန်နိုင်ငံမှ ဆူမစ်တိုမို ရော်ဘာ ထုတ်လုပ်ရေးလုပ်ငန်း၊ မလေးရှားနိုင်ငံမှ ပက်ထရိုးနတ် ဓာတုပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းအုပ်စုတို့ ခံစားရဖွယ်ရှိသည်ဟု စီးပွားရေးပညာရှင်များက ဆိုကြသည်။

ကမ္ဘာပေါ်တွင် စီးပွားရေးအရ အင်အားအကြီးဆုံး နိုင်ငံကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားခြင်းကြောင့် နှစ်နိုင်ငံစလုံး အထိနာကာ နှစ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ အနည်းနှင့်အများ ထိခိုက်ရမည်ကား သေချာလှသည်။ သို့ရာတွင် အကျယ်အကျယ် မငြိမ်းဖွယ် ကုန်သွယ်ရေးစစ်ပွဲကြီးအတွင်း 'ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ' အနေအထားကို မမျှော်လင့်ဘဲ ရရှိလာသည့် နိုင်ငံအဖြစ် ဗီယက်နမ်နိုင်ငံ ရပ်တည်လာသည်ကို အလေးမူမိရင်း "ကုန်သွယ်စစ်ဂယက် အကျိုးထွက်သည့် နိုင်ငံ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။


ဓာတ်ပုံ – qz.com

Ref:
US-China Trade War; Vietnam Stands to Benefit (Epoch Times)



## ကောင်းမှုတော်စေတီကြီး ထုံးသက်နီးကပ်လျှုရန် စီစဉ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် လိုအပ်ချက်များ ပံ့ပိုးကူညီမည်

**စစ်ကိုင်း အောက်တိုဘာ ၁၃**

ကောင်းမှုတော်စေတီကြီးအား ထုံးသက်န်းကပ်လှူရန် စီစဉ်ဆောင်ရွက်နေမှုများအပေါ် လွန်စွာအားရကျေနပ်မိသလို တိုင်းဒေသကြီး အစိုးရအနေဖြင့် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

"သီတဂူဆရာတော်ကြီး ဦးစီးပြီး ဆောင်ရွက်နေတာ အလွန်ပဲအားရကျေနပ်မိပါတယ်။ တိုင်းဒေသကြီး အစိုးရကလည်း လိုအပ်ချက်တွေကို မဆိုင်းမတွ ပံ့ပိုးကူညီပေးသွားမှာဖြစ်ပါတယ်။ ဘုရားဖူးတွေအတွက် အဆင့်မြင့် စားသောက်ဆိုင်တွေကိုလည်း ဖွင့်ကြဖို့လိုပါတယ်။ အဆင့်မြင့်သန့်စင်ခန်းတွေ တည်ဆောက်ထားရှိရင် ပြည်တွင်းသာမက ပြည်ပနိုင်ငံခြားသား ခရီးသွားလုပ်ငန်းတွေအတွက် အလွန်အထောက်အကူဖြစ်စေမယ့် Non Smoking Industrial Zone ဖြစ်လာမယ်ဆိုရင် ဒေသခံတွေအတွက် သာမက တစ်နယ်လုံး စီးပွားရေးအခွင့်အလမ်းတွေ ဖြစ်လာမယ်လို့ မြင်ပါတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

စစ်ကိုင်းမြို့ စူဠာမဏိကောင်းမှုတော်ဘုရားကြီးသို့ အောက်တိုဘာ ၁၂ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် စီမံ/ဘဏ္ဍာဝန်ကြီး ဦးစိုးဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း၊ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်နှင့်အတူ ရောက်ရှိလာပြီး ကောင်းမှုတော် စေတီတော်ကြီးကို အဖြူရောင်ဆေးသက်န်း ကပ်လှူပူဇော်ရန် သီတဂူဆရာတော်ကြီးက လမ်းညွှန်၍ ဆရာဒကာညီညွတ်စွာ ဆောင်ရွက်နေမှုများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလွင်က အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။ ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ကောင်းမှုတော်ဘုရားကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးခဲ့ပြီး ကောင်းမှုတော်ဘုရားကြီးကို လှည့်လည်ဖူးမြော်ရင်း လုပ်ငန်းစတင်ဆောင်ရွက်နေမှုများကို အားပေးကြည့်ရှုခဲ့သည်။

**မျိုးဝင်းထွန်း**

## အင်းစိန်မြို့နယ်၌ ပြည်သူ့နီတိစာအုပ်များ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၊ ကိုယ်ပိုင်စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေး စာသင်ကျောင်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်၊ ရပ်/ကျေး ရုံးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် မြို့နယ်အတွင်း ဖွင့်လှစ်ထားသော စာကြည့်တိုက်များသို့ ပြည်သူ့နီတိစာအုပ်များပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့နီတိစာအုပ်ပေါင်း ၅၃၂ အုပ်တို့ကို ILBC ကျောင်းမှအလှူရှင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူတို့က ခွဲဝေပေးအပ်လှူဒါန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြသည်။

**၆၈၄**

## ပြန်လည်စွန့်လွှတ်မြေများ တောင်သူသို့ပြန်အပ်နှံပွဲနှင့် သိမ်းဆည်းမြေများ လျော်ကြေးပေးအပ်

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ ပြန်လည်စွန့်လွှတ်သည့်မြေအား မူလတောင်သူသို့ ပြန်လည်အပ်နှံခြင်းနှင့် ပုသိမ်ကြီးမြို့နယ်ဆေးရုံဆောက်လုပ်ရန် သိမ်းဆည်းသည့်မြေများအား လျော်ကြေးပေးအပ်ပွဲကို အောက်တိုဘာ ၁၁ ရက် ညနေပိုင်းက ပုသိမ်ကြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မူလတောင်သူ ဦးအောင်ဝင်းအား မြို့နယ်ရဲတပ်ဖွဲ့မှ ပြန်လည်စွန့်လွှတ်မြေအတွက် ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃) ကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက မူလတောင်သူ ဦးကောင်းကြွယ်(ကွယ်လွန်)သား ဦးမျိုးချစ်အား မြို့နယ်ဆေးရုံဆောက်လုပ်ရန်သိမ်းဆည်းမြေအတွက် မြေယာလျော်ကြေးကျပ် ၅၀၆ သိန်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက မူလတောင်သူ ဦးဩဘာ၏သား ဦးမြတ်စိုးအား မြေယာလျော်ကြေးကျပ် ၁၄၄ သိန်းအားလည်းကောင်း ပေးအပ်ခဲ့ကြသည်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းဌာနက သိမ်းဆည်းထားသောမြေ၊ ပြန်လည်စွန့်လွှတ်မြေများအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အပြီး မူလတောင်သူများထံ အပ်နှံသွားမည်ဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**



## မိုးစပါးအောင်ရေဧက ၂၀၀၀ ကျော် တိုက်ရိုက်ရေပေးဝေနိုင်ပြီ

**နတ်တလင်း အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကုန်းသာအုပ်စု ပေါက်မှော်ရွာအောက်ဘက်တစ်မိုင်ခန့်အကွာ ဆင်လူးချောင်း တာပေါင်မြင့်တင်ခြင်းနှင့် တောင်ညိုဆည် ပိုလျှံရေများဖြင့် အောင်ရေပေးဝေနိုင်ရန် (၅ ပေ× ၈ ပေ) ငါးပေါက်ရေတံခါးတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်း ပြီးစီးသွားသည်ကို အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီက တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးမှူး ဦးသက်နိုင်နှင့် ဝန်ထမ်းများသည် ကုန်းသာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပေါက်မှော်ရွာ၊ မယင်းပြင်ရွာ၊ ဆင်သေကုန်းရွာ၊ ကုန်းသာရွာ၊ ကြို့လေးပင်ရွာ စသည့်ရွာများမှ တောင်သူများနှင့်အတူ အောင်ရေပေးဝေမှုအား ကြည့်ရှုကြသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးက ယခင်နှစ်များတွင် မိုးရာသီ ဆင်လူးချောင်းရေလျှံမှုကြောင့် စိုက်ပျိုးထားသည့် စပါးသီးနှံဧက ၂၅၀၀ ခန့်မှာ နှစ်စဉ်ပျက်စီးခြင်းနှင့် မိုးနှောင်းပိုင်းကာလတွင် မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် မိုးစပါးအောင်ရေ အခက်အခဲများကြုံတွေ့ရခြင်း၊ မြေအစိုဓာတ်မရှိ၍ ဆောင်းသီးနှံများ ဆက်လက်စိုက်ပျိုးရန် အဆင်မပြေတော့ကြောင်း၊ တောင်သူများ၏ နှစ်စဉ်ကြုံတွေ့နေရသော အခက်အခဲများကို သက်ဆိုင်ရာအား ဆွေးနွေးအကြံပြုတင်ပြရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သောကြောင့် ယခုနှစ်မိုးရာသီတွင် ရေကြီးရေလျှံမှုများကို ကာကွယ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါရေတံခါးမှ မိုးစပါးအောင်ရေဧက ၂၀၀၀ ကျော်ကို အောင်မြင်စွာ တိုက်ရိုက်ပေးဝေနိုင်ပြီဖြစ်သဖြင့် တောင်သူများ ဝမ်းသာကျေနပ်ပါကြောင်း ပြောပြသည်ကို သိရှိရသည်။

**ဝ၇၁**

## အိမ်ခြံမြေအရောင်းပြပွဲမှ အပေါင်ပစ္စည်းပေးစရာမလိုဘဲ အိမ်ရာပိုင်ဆိုင်နိုင်မည့် အခွင့်အရေး

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ဆောက်လုပ်ရေးကုမ္ပဏီ ၈၀ ကျော်ပါဝင်သည့် အိမ်ရာအရောင်းပြပွဲတစ်ခုကို ကျင်းပမည်ဖြစ်ရာ အရောင်းပြပွဲရှိအိမ်ခန်းများကို ဘဏ်များနှင့်ချိတ်ဆက်ပြီး အပေါင်ပစ္စည်းပေးစရာမလိုဘဲ မိမိလိုချင်သည့်တိုက်ခန်းများ၊ ကွန်ဒိုမီနီယမ်များကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း Shwe Property.com မှ ဦးကောင်းဝင်းသူက အောက်တိုဘာ ၁၀ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အိမ်ဝယ်ယူနိုင်ဖို့အတွက် မိမိဝယ်ယူလိုသည့်အိမ်ခန်း၏ ကနဦးပေးသွင်းရမည့် ၃၀ ရာခိုင်နှုန်း ပေးသွင်းပြီးလျှင် အပေါင်ပစ္စည်းပေးစရာမလိုဘဲ အနည်းဆုံး ဝင်ငွေကျပ်လေးသိန်းဝန်းကျင်ရှိရုံဖြင့် ဧရာဝတီဘဏ်၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက်ပြီး အိမ်ရာပိုင်ဆိုင်နိုင်မည့် အခွင့်အရေးများလည်း ပါရှိမည်ဖြစ်ကြောင်း Shwe Property.com မှ သိရသည်။

အဆိုပါ အိမ်ခြံမြေပြပွဲ၌ ရန်ကုန်မြို့တွင် တည်ဆောက်ထားသည့် အိမ်ခန်းတွေအပြင် မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာမြို့များတွင် တည်ဆောက်ထားသော အိမ်ရာပရိုဂျက်များကိုလည်း ယင်းပြပွဲတွင် ပြသရောင်းချမည်ဖြစ်သည်။ အိမ်ရာအရောင်းပြပွဲတွင် ကုမ္ပဏီပေါင်း ၈၀ ကျော်၊ အိမ်ခြံမြေပရိုဂျက်ပေါင်း ၁၂၀၀ ကျော်နှင့် အိမ်ခန်းပေါင်း ၅၀၀၀ ကျော် ပါဝင်ပြသရောင်းချမည့်အပြင် အနည်းဆုံးငွေကျပ် သိန်း ၁၆၀ အခန်းများမှ စတင်ပါဝင်မည်ဖြစ်သည်။

SMW

## မရမ်းကုန်းမြို့ အထက(၁)ကျောင်းတွင် မြေငလျင်ဆိုင်ရာဇာတ်တိုက်လေ့ကျင့်




**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ် ၂ ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ မြေငလျင်ဇာတ်တိုက်သရုပ်ပြမှုအား အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြေငလျင်သရုပ်ပြမှုအား ပညာရေးဌာနမှ ဆရာမကြီးများ၊ အ-ထ-က(၁) မရမ်းကုန်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် ရွှေရောင်သမိုင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်း (ERSSDO) မှ ဒုတိယဥက္ကဋ္ဌနှင့် အသင်းဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြို့အတွင်းရှိ အခြေခံပညာကျောင်းများတွင် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု ပညာပေးဆောင်ရွက်ခြင်းများ၊ လူနာတင်ယာဉ်၊ ရေသယ်ယာဉ်၊ အရေးပေါ်လိုအပ်မှုများအား မရမ်းကုန်းမြို့နယ် အမှတ် ၂ ရပ်ကွက် (သမိုင်း) မုဒိတာအိမ်ရာအနီး အမှတ် ၈ ရွှေရောင်သမိုင်းအရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းမှ ၂၄ နာရီ အခမဲ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**
**ဓာတ်ပုံ–မျိုးကြီး**

## ရွှေဆံတော်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပမည်

**တွံတေး အောက်တိုဘာ ၁၃**

ဗုဒ္ဓဘုရားရှင်၏ ဆံတော်အစစ်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရန်ကုန် (တောင်ပိုင်း) ခရိုင် တွံတေးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ် လဆန်း ၁၃ ရက်မှ လပြည့်ကျော် ၁ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ ညစဉ် ဆီမီးတစ်ထောင်ပူဇော်ပွဲများ၊ လပြည့်နေ့ မွန်းတည့် ၁၂ နာရီတွင် တွံတေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၇၃ ကျောင်းမှ သံဃာ အပါး ၇၀၀ နီးပါးအားအနယ်နယ်အရပ်ရပ် မှ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ သွားမည်ဖြစ်သဖြင့် မည်သူမဆို ဘုရားလည်း ဖူး ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

“တွံတေးမြို့ရွှေဆံတော်ဘုရားပွဲက နှစ်စဉ် နှစ်တိုင်းစည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တွံတေး-လှိုင်သာယာ-ကွမ်းခြံကုန်း၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ဆက်သွယ်နေတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းလာတာ ကြောင့် ဘုရားဖူးသူတွေ၊ ဒေသခံရွာတွေက ဘုရားဖူးတွေ၊ ဈေးသည်တွေနဲ့ အငြိမ့်၊ ဇာတ်၊ ရုပ်ရှင်နှင့်ရိုးရာလက်ဝှေ့စတဲ့ ဖျော်ဖြေပွဲတွေ ကြောင့် စည်ကားမှာပါ” ဟု ဘုရားဈေးရောင်း သူတစ်ဦးက ပြောသည်။ **မျိုးလှိုင် (တွံတေး)**



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

**ဝက်လက် အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက် မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့သည် လူမှောင်ခို၊ လူကုန်ကူးမှုတိုက် ဖျက်ရေး အသိပညာပေးဟောပြောပွဲ အခမ်း အနားကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက လှတောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးမြင့်သိန်းက အဖွင့်အမှာစကားကို လည်းကောင်း၊ မြို့နယ်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေး မှူး ဦးစိုးလှိုင်မောင်က လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းက အမျိုး သမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေ အရာရှိ ဦးကျော်စိုးငြိမ်းက လူမှောင်ခို၊ လူကုန် ကူးမှုဆိုင်ရာဥပဒေများအကြောင်းကိုလည်း ကောင်း ဟောပြောခဲ့ကြသည်။

ဝက်လက်မြို့နယ် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးအဖွဲ့အနေဖြင့် အသိပညာပေး ဟောပြောပွဲကို ပထမဦးဆုံး ကွင်းဆင်း ဆောင်ရွက်ခြင်းဖြစ်ပြီး တစ်လလျှင်တစ်ကြိမ် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **ဥမ္မာဝင်း**

## သစ်ပင်ပြိုလဲမှုများအား မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်း

**ရွှေဘို အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် အောက်တိုဘာ ၁၂ ရက်က မိုးရွာသွန်းမှု ကြောင့် အမှတ် ၃ ရပ်ကွက် ဘိုကုန်းရပ်ရှိ ဆောက်လုပ်ရေးဝင်းအတွင်း ဝန်ထမ်း နေအိမ်လိုင်းခန်းရှေ့ရှိ လုံးပတ် ၇ ပေ ၃ လက်မ ပတ်လည် အရှည်ပေ ၁၀၀ ခန့်ရှိ တမာပင် ပြိုလဲကျရာ လူထိခိုက်မှုမရှိသော်လည်း လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် ရွှေဘိုခရိုင်မီးသတ်စခန်းမှ ဒု-မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းထွန်းနှင့် တပ်ဖွဲ့ ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းရှင်းလင်း ခဲ့သဖြင့် ညနေ ၄ နာရီတွင် ပြီးစီးသွားကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

## အော်ဂဲနစ်မြေဆီလွှာပြုပြင်ခြင်းနှင့် လယ်ထွန်စက်ပေးအပ်ပွဲကျင်းပ

**လှည်းကူး အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ် သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) အဖွဲ့ဝင် မြန်မာနိုင်ငံ တောင်သူလယ် သမားနှင့် စိုက်ပျိုးရေးအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (AFFM) နှင့် NPO အာရှလူမှုရေးနှင့် ယဉ်ကျေးမှု ဖလှယ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပ သည့် အော်ဂဲနစ်မြေဆီလွှာပြုပြင် ထိန်းသိမ်းခြင်းနှင့် ဂျပန်-အီစယ့်ကီ လယ်ထွန်စက်ပေးအပ်ပွဲကို အောက် တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူး မြို့နယ် ကလီထော်အနောက်အုပ်စု နှုတ်ခမ်းမွှေးသိုက်ကျေးရွာ၌ ကျင်းပခဲ့ သည်။



ရှေးဦးစွာ နှစ်ပေါင်းများစွာ လုပ် ကိုင်လာသော ဂျပန်လယ်သမားကြီး မာစတာနာရိုရှီးမားက အဖွင့်အမှာ စကားပြောကြားပြီး မာစတာနာ ကာချီးမားက အီစယ့်ကီ လယ်ထွန်စက် နှစ်မျိုးဖြင့် စံပြစိုက်ကွင်းများ မြေသား တိုးတက်စေရေး အသုံးပြုပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဂျပန်လယ်သမားကြီး မာစတာဆူဇူကီက “လွန်ခဲ့သော လေးနှစ်ကျော်က ဂျပန်နိုင်ငံရှိ လယ် သမားပညာရှင်နဲ့ နည်းပညာများ သင်ယူခဲ့ပြီး အော်ဂဲနစ်မြေဖြစ်အောင် မြေပြုပြင်၍ သီးနှံအမျိုး ၃၀ စိုက် ပျိုးခဲ့သဖြင့် ဂျပန်ဧက္ကရာဇ်ကပင် ကွင်းဆင်းအားပေး ချီးမြှောက်ခြင်း ခံရပါတယ်၊ ဒါကြောင့် မြန်မာနိုင်ငံ က တောင်သူတွေအနေနဲ့ အော်ဂဲနစ် မြေပြုပြင်ခြင်း လုပ်ငန်းများကို လုပ် ဆောင်စေချင်ပါတယ်၊ ကျွန်တော့ အတွေ့အကြုံများကို (AFFM) အား သင်ကြားပေးခဲ့ပြီး နည်းပညာ ပျံ့နှံ့အောင် ဆောင်ရွက်သွားမယ်” ဟု ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဒေသခံ တောင်သူလယ်သမား ၁၀၀ ကျော်တို့ကို ဂျပန် လယ်သမားကြီး မာစတာဆူဇူကီက အော်ဂဲနစ်မြေ ပြုလုပ်နည်းများကို လက်တွေ့ပြသခဲ့ ပြီး (NPO) အရှေ့လူမှုရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအဖွဲ့မှ မြန်မာ နိုင်ငံတောင်သူလယ်သမားနှင့် စိုက် ပျိုးရေးအလုပ်သမားသမဂ္ဂများ အဖွဲ့ ချုပ် (AFFM) အား ဂျပန်-အီစယ့်ကီ လယ်ထွန်စက်ပေးအပ်ခဲ့ကြောင်း သိရ သည်။ **နိုင်လင်း(ပြန်/ဆက်)**

## အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန်နှင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျော့နည်းစေရန် အကောင်အထည်ဖော်

**ညောင်ဦး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန်နှင့် သဘာဝဘေးအန္တရာယ် ထိခိုက် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန် ၂၀၁၈ ဇွန်လ ဆန်းပိုင်းကစတင်၍ အရိပ်ရသစ်ပင် စိုက်ပျိုးခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း UNDP Adaptation Project မှ တာဝန်ရှိသူများထံ မှ သိရသည်။

“ကျွန်တော်တို့ UNDP Adaptation Project အနေနဲ့ မြန်မာနိုင်ငံ အပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲခြင်း ကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံမှုတို့အပေါ် ထိခိုက်နိုင်ခြေများအား စီမံဖြေရှင်းရေး စီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ရန်ပုံငွေဖြင့် မြန်မာ နိုင်ငံ အပူပိုင်းဒေသမှာပါဝင်တဲ့ ညောင်ဦး၊ ချောက်၊ မြင်းခြံ၊ မုံရွာ၊ ရွှေဘိုမြို့နယ်များအတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၂၈၀ ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှစတင်ပြီး ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ လေးနှစ်တာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ညောင်ဦးမြို့နယ်ကို ၂၀၁၈ ခုနှစ်မှာ စတင် ဆောင်ရွက်တာဖြစ်ပြီး ဆောင်ရွက်မှုလုပ်ငန်းအနေနဲ့ ညောင်ဦးမြို့နယ် ပျဉ်တိုင်းကျေးရွာမှာ ဒေသခံ ကျေးလက် နေပြည်သူတွေအတွက် သီးနှံစိုက်ပျိုးလို့မရတဲ့ မြေလွတ် မြေရိုင်း တောင်ကုန်းလျှိုမြောင်တွေဖြစ်တဲ့ မြေဧက ၁၂၀၀ ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတု ကောင်းမွန်ရေးအတွက် အရိပ်ရသစ်ပင် ၇၈၁၉၄ ပင်ကို စိုက်ပျိုးဆောင်ရွက်ပေးပါတယ်။ အရိပ်ရသစ်ပင် စိုက်ပျိုး ခြင်းလုပ်ငန်းကို မတ်လမှာ ကျင်းတူးခြင်းများ ဆောင်ရွက်ပြီး ဇွန်လဆန်းမှာ စတင်စိုက်ပျိုးပါတယ်။ ကျွန်တော်တို့ စီမံကိန်းက အရိပ်ရသစ်ပင်တွေ ထောက်ပံ့ပေးတဲ့အပြင် ဒေသခံပြည်သူတွေကို ပြုစုထိန်းသိမ်းခြင်း ဆောင်ရွက်ရန် အတွက် ပျိုးပင်တစ်ပင်ကို ငွေကျပ် ၄၈၀ နဲ့ အခြားလိုအပ် တဲ့ နည်းပညာများကို ထောက်ပံ့ပေးပါတယ်။ ရှား၊ ထနောင်း၊ ယူကလစ်၊ တမာ၊ ယင်းမာ၊ ပဲချယ်ရီ၊ ဆီး၊ ကွန်း၊ ဒဟက်၊ မဲဇလီ၊ လျှော်ဖြူ၊ ကုက္ကို၊ မန်ကျည်း၊ စန္ဒကူးစတဲ့ အရိပ်ရ သစ်ပင်များကို စိုက်ပျိုးတာဖြစ်ပါတယ်။

“ဒါ့အပြင် ညောင်ဦးမြို့နယ် သပွတ်စုကျေးရွာမှာလည်း သီးနှံစိုက်ပျိုးရန်အဆင်မပြေတဲ့ မြေဧက ၅၀၀ မှာလည်း အရိပ်ရသစ်ပင်များ စိုက်ပျိုးဆောင်ရွက်ပေးထားပါတယ်။ ယခုလို သီးနှံစိုက်ပျိုးလို့မရနိုင်တဲ့ မြေလွတ်မြေရိုင်းတွေမှာ အရိပ်ရသစ်ပင်များ စိုက်ပျိုးကာကွယ်ထိန်းသိမ်းပေးခြင်း ကြောင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေနိုင်ခြင်း၊ ရာသီ ဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်စေနိုင်သည့် သဘာဝ ဘေးအန္တရာယ် ထိခိုက်ပျက်စီးမှုများကို လျော့ကျစေနိုင်ခြင်း နှင့် ကျေးလက်ဒေသရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြ သည့် တောင်သူများအတွက် သီးနှံများ အဆင်ပြေစွာ စိုက်ပျိုးလာနိုင်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှုကို အကျိုး ပြုပေးနိုင်မှာဖြစ်ပါတယ်” ဟု ဝန်ထမ်းတစ်ဦး၏ ပြောပြချက် အရ သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



## ကျေးရွာ ၁၇၀ တွင် တစ်အိမ်သုံးဆိုလာမီးလင်းရေး လုပ်ငန်းများလုပ်ဆောင်ပေးမည်

**မုံရွာ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၁၇၀ တွင် လုပ်ဆောင်ပေးသွားမည်ဖြစ် ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုး၏ ပြောကြားချက် အရ သိရသည်။

“အခုလုပ်ဆောင်ပေးတဲ့ မီးလင်းရေးကို မဟာဓာတ် အားလိုင်းနဲ့ဝေးကွာတဲ့ ကျေးရွာတွေကို ဦးစားပေးပြီး ဆိုလာ၊ ရေအား၊ လေအား၊ ဇီဝဓာတ်ငွေ့၊ ဇီဝဒြပ်ထု စတဲ့နည်းလမ်းတွေနဲ့ လုပ်ဆောင်ပေးလျက်ရှိတဲ့အထဲက အခုကျေးရွာတွေကိုတော့ ၆၀ ဝပ်အားနဲ့ ၁၀၀ ဝပ်အား ဆိုပြီး စနစ်နှစ်မျိုးရှိတဲ့အနက် သူတို့ကြိုက်တဲ့ စနစ်ကို အသုံးပြုနိုင်တယ်။ နောက်ပြီး ကျေးရွာမှာရှိတဲ့ ဘာသာရေး အဆောက်အအုံ၊ စာသင်ကျောင်းနဲ့ ကျန်းမာရေး အဆောက်အအုံတွေမှာလည်း မီးလင်းရေးစနစ်တွေပါ တယ်”ဟု တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး က ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တပ်ဆင်ပေးမည့် တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေးအဖြစ် ကလေး ခရိုင်အတွင်းရှိ ကျေးရွာ ၃၁ ရွာတွင် ၆၀ ဝပ် ၈၉၅ စုံ၊ ၁၀၀ ဝပ် ၁၃၆၈ စုံ၊ ကသာခရိုင် အတွင်းရှိ ကျေးရွာ ၃၅ ရွာတွင် ၆၀ ဝပ် ၁၀၉၇ စုံ၊ ၁၀၀ ဝပ် အစုံ ၇၉၀၊ ကန့်ဘလူခရိုင် အတွင်းရှိကျေးရွာသုံးရွာတွင် ၆၀ ဝပ် ၅၂ စုံ၊ ၁၀၀ ဝပ် ၇၇ စုံ၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာ ၁၉ ရွာတွင် ၆၀ ဝပ် ၄၆၇ စုံ၊ ၁၀၀ ဝပ် ၂၇၄ စုံ၊ မုံရွာခရိုင်အတွင်းရှိ ကျေးရွာ သုံးရွာ တွင် ၆၀ ဝပ် ၂၀၃ စုံ၊ ၁၀၀ ဝပ် ၄၃ စုံ၊ မော်လိုက်ခရိုင်အတွင်း ရှိကျေးရွာ ၄၀ တွင် ၆၀ ဝပ် ၁၂၆၉ စုံ၊ ၁၀၀ ဝပ် အစုံ ၁၁၁၀၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတွင် ၆၀ ဝပ် ၄၄၂ စုံ၊ ၁၀၀ ဝပ် ၁၅၅ စုံ၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၃၂ ရွာတွင် ၆၀ ဝပ် ၁၁၈၂ စုံ၊ ၁၀၀ ဝပ် ၅၀၂ စုံတို့အား တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် လုပ်ဆောင်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဗေယျာတိုင်း)**

**“စိုင်းခွန်နောင်” ကုမ္ပဏီ**
အိမ်ခြံမြေဝယ်/ငှား ဉပဒေခန့်ဆောင်မှု လုပ်ငန်း
ဝယ်/ငှားသင့်သောနေရာကောင်းများ (ပွဲစားမလို)
01-860 4440 ~2
01-233 1172 ~4
09 44 310 4200
09 44 309 5285

| | | | |
|---|---|---|---|
| ▪ အလုံ၊ Hill Top Vista | (1881sqft) | Lift | 4800L |
| ▪ ဒဂုံ၊သဇင်ကွန်ဒို | (1820sqft) | Lift | 3500L |
| ▪ သဃ်္ဃန်း၊ဝေဇယန္တာလမ်းမ | (28'×58') | မြေညီ | 3500L |
| ▪ အလုံ၊ Orchid Condo | (2050sqft) | Lift | 3300L |
| ▪ ဗဟန်း၊Grand ဆရာစံကွန်ဒို | (1684sqft) | Lift | 2600L |
| ▪ ကမ္ဘာအေးဘုရားလမ်းမ | (17'×50')မြေညီ+1F | | 2300L |
| ▪ တက္ကသိုလ်ရိပ်မွန်ကွန်ဒို | (1650sqft) | Lift | 2200L |
| ▪ တမွေ၊ဗညားဒလလမ်းမ | (17'×70')မြေညီ+1F | | 1800L |
| ▪ ရန်ကင်း၊ပညာဝတီကွန်ဒို | (1500sqft) | Lift | $ 1300 |
| ▪ ကမ္ဘာအေးဟမ်းမွင့်ကွန်ဒို | (1650sqft) | Lift | $ 1200 |
| ▪ လသာ၊အနော်ရထာလမ်းမ | (15'×50')မြေညီ+1F | | 28L |
| ▪ စမ်း၊ Windsor Tower | (1987sqft) | Lift | 22L |
| ▪ တ/ဥ၊ရတနာလမ်းမ | (19½'×60')မြေညီ+မှန်စမ်း | | 17L |
| ▪ တမွေ၊ကျိုက္ကဆံလမ်းမ | (15'×82') | မြေညီ | 16L |
| ▪ ရန်ကင်း၊ရွှေအုန်းပင်အိမ်ရာ | (1020sqft) | 3F | 10L |

အခြားData အချက်အလက်များအား သိရှိလိုပါက Facebook နှင့် www.saikhungnoung.com/net တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**(ဝယ်လို / ငှားလိုသည်)**

* လှိုင် G.E.M.S Condo တွင် ဝယ်လို/ငှားလိုသော Customer ရှိပါသဖြင့် ပိုင်ရှင်များအပ်နှံနိုင်ပါသည်။
* ရန်ကင်း၊ ဗဟန်း၊ ကမာရွတ်၊ လှိုင်မြို့နယ်များတွင် (လုံးချင်းမြေကွက်)ဝယ်လိုသောCustomerရှိပါသည်။

Treasure Land Real Estate 09420139326 09402726983

**ရောင်းမည်၊ ငှားမည်၊ ဝယ်မည်**

၁။ အင်းလျားလမ်း၊ မြေ(၅၀'×၆၀') RC 2(ရောင်း)
၂။ ရွှေတောင်ကြား မြေ (၀. ၅ဧက) (ရောင်း)
၃။ ဘောက်ထော် မြေ (၀. ၂၃)ဧက RC 2(ရောင်း)
၄။ ကမ္ဘာအေးဘုရားလမ်းသွယ်၊ မြေ(၆၀'×၁၂၀') RC 1(ရောင်း)
၅။ ပြည်လမ်းသွယ် မြေ (၉၀'×၁၈၀') RC 2(ငှား)
S.K.M.Ph:09-400500684, 09-444555684

Since 1985
**ဧရာဝတီ နာဂ ရှင်း...မှ** အပတ်စဉ်သောကြာ နှင့် Oct 19,22,26

◆ကျိုက်ထီးရိုး(နေ့စဉ်) ◆ချောင်းသာ(နေ့စဉ်)
◆မြဝတီ၊မဲဆောက်(၃)ရက် ◆ကျိုက္ကမီ၊စက်စဲ၊ဘားအံ(၃)ရက်
◆ပုဂံ၊ညောင်ဦး၊ပုပ္ပါး(၃)ရက် ◆မန္တလေး၊ပြင်ဦးလွင်(၃)ရက်
◆မန္တလေး၊မိုးကုတ်(၃)ရက် ◆ထားဝယ်၊ရှင်ကိုးရှင်(၅)ရက်
◆တောင်ကြီး၊အင်းလေး(၄)ရက် ◆ဆက်၍-လွိုင်ကော်(၅)ရက်
◆မြစ်ကြီးနား၊အင်းတော်ကြီး၊ဇလွံတောင်(၆)ရက်၊မိုးကုတ်ပါ(၇)ရက်
01-8392704, 09 795066657, 09 785066657, 09 765066657

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် AA/3804 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**GW** 0973226006 0973133528 0973077569
**အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၇၅၊ မြေညီထပ်၊ မဟာလာလမ်း၊
09401505559 စမ်းချောင်း

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကို ဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၉၇**

၁။ ဒေါ်ညိုညိုဝင်း နှင့် ၁။ ဦးချစ်လွင်
၂။ မခိုင်ဇာသွယ် ၂။ ဦးတင်အောင်လတ်
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးမြင့်ထွန်း)
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅/၇)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၁၈၀(က)နေ (၁)တရားပြိုင် ဦးချစ်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၉ရက် (၁၃၈၀ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၇)ရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**




**AA ယာဉ်မောင်းသင်တန်း**
အလွယ်တကူကားမောင်းတတ်လိုလျှင် တစ်နေ့ (၁) နာရီသာ အချိန်ပေးပါ။ အိမ်အရောက်သင်ပေးသည်။
09-43158300, 09-254051326
09-782793551

**ရှမ်းဆရာကြီး (သမဆ)**
စီးပွားရေး အချစ် အိမ်ထောင်ရေးအတူ လက်ထပ်ဖော်ဒ် မနောစွမ်းအချစ်ရေး၊ အိမ်ထောင်ကွဲနေသူများပြန်လာစေရန် ထီကိန်းများတိကျရမည်၊ နာမည်ပေးအမျိုးမျိုး၊ တိုက်(21)၊ထီးတန်း(3)လမ်း၊ဒုထပ်၊ကြည့်မြင်တိုင်။
(09443120453, 0973127835)



**SAN PHYO Travels** အထူးရှိမြင့်ခရီးသွားလုပ်ငန်း
Oct 22, 24, 26
▲ ထားဝယ်၊ ရှင်ကိုရှင်၊ မောင်မကန်၊ မော်လမြိုင်၊ ကျိုက်ထီးရိုး (၅)ရက် 120000
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ မိန်းမရဲ့ လှိုင်ဂူ (၅)ရက် 70000
▲ ရွှေကျင်မီးမျှောပွဲ ရှင်သီဝလိဘုရားစင်လဲ ရေတံခွန် (၂)ရက် (Oct 24) 30000
▲ အင်းလေး ကလော ပင်းတယ မိန်းမရဲ့ သခင်မတောင် (၃)ရက် (Oct 26) 70000
09-251472989, 09-442723289

**ရွှေအလင်းတန်း**
သီတင်းကျွတ်ပွဲတော်
09-428028175, 09-799885389

**Asia Dragon** ဘာရှနဂါး
❖ ကျိုက်ထီးရိုး — တောင်ကြီး၊ အင်းလေး၊ ပင်းတယ — မန္တလေး၊ ပြင်ဦးလွင်
❖ ချောင်းသာ — ပုဂံ၊ ပုပ္ပါး — မန္တလေး၊ ဂေါ်ကိုင်း၊ အင်းဝ
❖ ငွေဆောင် — မြဝတီ၊ မဲဆောက်၊ ဘားအံ
01 707062, 09 799 100 100, 09 300 300 30

**KAUNG KAUNG FAMILY Travels**
Oct 22, 24
▲ ထားဝယ်၊ ရှင်ကိုရှင်၊ မောင်မကန်၊ မော်လမြိုင်၊ ကျိုက်ထီးရိုး (၅)ရက် 120000
▲ တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ မိန်းမရဲ့ လှိုင်ဂူ (၅)ရက် 80000
▲ ရွှေကျင်မီးမျှောပွဲ ရှင်သီဝလိဘုရားစင်လဲ ရေတံခွန် (၂)ရက် (Oct 24) 30000
09-777700472, 09-796116062

**FAME**
**Blueberry**
Proanthocyanidin
ဘလူးဘယ်ရီဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 012140 (0516)
Ph: 09-965559860

**FAME**
**Resveratrol**
Cellular Energy Booster
စပျစ်သီးဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 013019 (0118)
Ph: 09-73142216

**ရွှေမှုန်းမြောင်**
အမှတ်တံဆိပ်
**အကြောပြေ မျက်စိကြည်ဆေး**
TMR-007525(0620)
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်၊ ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါအမြစ်ပြတ်အနီးကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

**7th CORNER**
အထူးဆံပင်ဖြောင့်ဆိုင်
* ၅၀% အထူး Discount
* စက်ဆွဲရန်မလိုပါ၊
* ၂-နှစ် အာမခံ၊
* USA ဖြောင့်ဆေးစစ်စစ်၊
* ဖယောင်းလက်ဆောင်၊
မြေနီကုန်းမီးပွိုင့်၊ ဂမုန်းပွင့်ရှေ့ ပထမထပ်၊ ဘာဂရာလမ်းမပေါ်။
၀၉-၆၉၂၄၂၄၃၃၃

**SPECIAL PROMOTION**
**ပါကေးအစားထိုး ကြမ်းခင်း**
**Home** Since 1996
Think of House, Think of Home
လက်ဆောင် ၃ မျိုး (12.10.2018 မှ 31.10.2018) အထိ

* Grade A,B,C,D only *
80x60cm
ကြမ်းခင်း ၃ ကျင်း ဝယ် → MIRROR (* Stock Limit) + T&G SKIRTING + CORNER ACCESSORIES
မြန်မာတနိုင်ငံလုံးရှိရည်ဆိုင်ခွဲများ
☎ 09-950 950 950
☎ 09-79 700 70 70

**โรงพยาบาลสุขุมวิท**
**SUKUMVIT HOSPITAL**
ဘန်ကောက်မြို့ နိုင်ငံတကာအဆင့်မီ ဆေးရုံကြီး၏ ကျန်းမာရေးစစ်ဆေးမှု အထူးအစီအစဉ်

| | အမျိုးသား | အမျိုးသမီး |
| --- | --- | --- |
| မူလဈေးနှုန်း (ထိုင်းဘတ်ငွေ) | 23267 | 28363 |
| အထူးလျှော့ဈေးနှုန်း (ထိုင်းဘတ်ငွေ) | 14900 | |

၃၁ ဒီဇင်ဘာ ၂၀၁၈ အထိသာ
အမှတ် (၇၇,E)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Phone : 09-33844400, 09-33844411, 09-400967887
Website : www.sukumvithospital.com , E-mail : sukumvit.ygnoffice@gmail.com
Facebook: sukumvit hospital myanmar representative office yangon


**Master of Science in Engineering Management**
ပညာသင်ဆု **သိန်း ၅၀**
အင်္ဂလန်နိုင်ငံ Teesside University မှ ပေးအပ်ချီးမြှင့်မည့်
Master of Science in Engineering Management
ကို Kaplan Myanmar University College
တွင် တက်ရောက်ရယူနိုင်ပါပြီ
HOT LINE : 09 777 63 6000
09 777 68 6000
Teesside University
KAPLAN MYANMAR UNIVERSITY COLLEGE
APPLY NOW !

**MYANMAR IVY** College of Business and Technology
**MIAMI UNIVERSITY** U.S. RANKINGS #78
တက္ကသိုလ်ဝင်တန်း(၁၀တန်း) ဖြေဆိုအောင်မြင်ပြီးသော ကျောင်းသား/သူ များ နှင့် IGCSE ဖြေဆိုအောင်မြင်ပြီးသော ကျောင်းသား/သူ များ အတွက် USA က ဘွဲ့ကို ရန်ကုန်မှာ(၃)နှစ်တက်ပြီး USA မှာ နောက်ဆုံးနှစ်(၁)နှစ်သာ တက်ရောက်ကာ ဘွဲ့ရယူနိုင်မည့် အခွင့်အရေး ရှိနေပါပြီ…
တက္ကသိုလ်ဝင်တန်း(၁၀တန်း) ဖြေဆိုအောင်မြင်ပြီးသော ကျောင်းသား/သူ များသည် Myanmar Ivy College တွင် ပထမနှစ်မှ တတိယနှစ်အထိ တက်ရောက်ပြီး အမေရိကန် နိုင်ငံ တစ်နိုင်ငံလုံးတွင် အဆင့်(၇၈) ဖြင့်ရပ်တည်နေသော Miami University မှ စီးပွားရေးသိပ္ပံဘွဲ့တန်း (Bachelor of Science in Commerce) နောက်ဆုံးနှစ်(Final Year) ကိုတိုက်ရိုက်တက်ရောက် နိုင်ပြီဖြစ်ပါတယ်…
နိုင်ငံရပ်ခြားမှာကျောင်းသွားတားဖို့စိတ်မချသေးတဲ့ကျောင်းသားမိဘများ အတွက်လည်း အဆင်ပြေစေရန်စီစဉ်ပေး ထားခြင်းဖြစ်ပါတယ်…
နယ်မှ ကျောင်းသား/သူ များအတွက်လည်း ကျောင်းသားသီးသန့်အဆောင်နေရာများစီစဉ်ထား ရှိပါတယ်…

First 3 Years at Myanmar IVY
Early Bird Discount ၊ တက္ကသိုလ်ဝင်တန်း(၁၀တန်း)အောင်မြင်သည့် ဂုဏ်ထူးအရေအတွက်အလိုက် ရရှိမည့် Discount တွေနဲ့ ထူးချွန်ကျောင်းသားများအတွက်လည်း ကျောင်းလခ၏ ၅၀% အထိ ပညာသင်ဆု (Scholarships) များလည်း ခံစားခွင့်ရှိနေပါပြီ…

Final Year At Miami Get Your Miami Degree
Myanmar Ivy College of Business and Technology
09-251979779, 09-965081493 www.ivy.edu.mm
6(B), Level(6), Pansondan Business Tower, Corner of Anawrahta and Pansondan Road, Yangon.

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ




ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ိ /- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ


မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဘက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀)ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ ခေတ်မီ သောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်းဆောက်လုပ်ထားသည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့် အမြင့် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center,SPA,
Convenience Store,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133


PACIFIC
Group
ဝါကျွတ်ချိန်တန်
ကန်တော့ရန် လက်ဆောင်မွန်
အမြင့်မားဆုံးဂါရဝတရားကို အကောင်းဆုံးပြသနိုင်ဖို့
အမြတ်ဆုံးလှူဖွယ်ပစ္စည်း
Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
AA Medical Products Ltd.
(a member of Pacific-AA Group)
ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းဖို့ 'အော်ရာမင်-ဂျီ' ကိုသောက်ကြပါစို့ ...

ဆီးဝမ်းလေမှန် အပူငြိမ်း၍ ရုပ်ပေါ့လန်းဆန်းအံ့ဩလောက်တဲ့ဆေး

ဆီးချိုသွေးတိုးမျက်စိရောဂါ ကာကွယ်စေတဲ့ ဆေးစွမ်းထက်မြက်စိန်ဘယက်

အကြောပြေသောက်ဆေး

ထုံကျဉ်ကိုက်ခဲလျှင် လိမ်း မူးမောလျှင် ရှူ

ကောင်းသတင်းမွှေးကျော် ဆင်ဖြူတော်

အကြောပြေ ဒဏ်ကြေလိမ်းဆေး



နိုင်ငံတကာအဆင့်မီ ဝေဂျဒါနီဆေးရုံကြီး (ထိုင်းနိုင်ငံ ဘန်ကောက်မြို့) Vejthani - Victory for Life

| | ACTIVE PLUS | ADVANCE ၂၅ နှစ် + | | YOUNG EXECUTIVE ၃၀ နှစ် + | | EXECUTIVE ၃၅ နှစ် + | | PRESIDENT ၄၀နှစ် + | |
|---|---|---|---|---|---|---|---|---|---|
| | ၁၀နှစ် + | MALE | FEMALE | MALE | FEMALE | MALE | FEMALE | MALE | FEMALE |
| မူလဈေးနှုန်း | 13,380B | 21,390B | 26,546B | 27,140B | 32,296B | 37,990B | 43,146B | 45,850B | 51,806B |
| အထူးဈေးနှုန်း | 5800B | 7200B | 10,200B | 10,800B | 13,800B | 17,000B | 21,000B | 22,000B | 25,000B |

Promotion ကာလ (31.12.2018) အထိ

40% OFF

VEJTHANI

Zaw Maung Medical Service - ဒေါက်တာ နယ်လီဇော်သန်းဆေး

လူနာသစ်/ဟောင်းများကို လေဆိပ်ကြို/ပို့ - ဘာသာပြန် (အခမဲ့)

Email : zawmaungservices@gmail.com



"မွေးထွေးသော ဝန်ဆောင်မှုနှင့်အတူ"

မိသားစု အိမ်၊ ခြံ၊ မြေ ပွဲ

ကုမ္ပဏီလီမိတက်

"လုံးချင်း/မြေကွက်များ အမြန်ရောင်း/ငှားမည်"

| | | | |
|---|---|---|---|
| 1.ဗဟန်း၊ သံလွင်လမ်း | (12000Sqft) | မြေ | 1Sq-3L |
| 2.ကမာရွတ်၊ နာနတ်တောလမ်းမနီး | (6300Sqft) | RC2 | 10500L |
| 3.တ/ဥ၊ ဝေဇယန္တာလမ်းမ | (40×60) | မြေ | 9000L |
| 4.ရကန၊ ဘောက်ထော်လမ်းကျယ် | (4000Sqft) | မြေ | 6500L |
| 5.သုဝဏ္ဏ VIP-I (ထောင့်ကွက်) | (50×75) | RC2 | 5500L |
| 6.အင်းစိန်၊ ပြည်လမ်းမဂုတ် | (60×70) | RC2 | 4000L |
| 7.မရက၊ ကုန်းမြင့်ရိပ်သာ | (40×60) | မြေ | 3950L |
| 8.မရက၊ ရွှေနှင်းဆီလမ်း | (50×50) | RC2 | 3450L |
| 9.မ/ဒဂုံ၊ ပင်လုံလမ်းမအနီး | (40×60) | RC1 | 1200L |
| 10.တ/ဥ၊ ပါရမီလမ်းမအနီး | (20×60) | မြေ | 1150L |
| 11.ရကန၊ မိုးကောင်းလမ်းမ | (70×100) | RC2 | ငှား-65L |
| 12.တမ၊ လေးထောင့်ကန်လမ်းမ | (40×70) | RC2 | ငှား-30L |
| 13.ဗဟန်း၊ ပြည့်ထောင်စုလမ်း | (40×100) | RC2 | $-1800 |

☎-09775560071,09775560072





## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ အိမ်အမှတ်-၂/(၄-၅)၊မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်အဆောက်အအုံ၏ တတိယထပ်(၄)လွှာ ဧရိယာ(၂၃×၆၀)ပေ အကျယ်ရှိ တိုက်ခန်းနှင့် ရေ၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ညွန့်ရွှေ (ဘ)ဦးဟန်ထွန်း(AA-088623)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိခိုင် အထက်တန်းရှေ့နေ**
**(စဉ်-၄၉၇၀၇) (၂၇-၄-၂၀၁၈)**
**ဖုန်း-၀၉-၅၁၅၀၇၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ လူနေရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၄၃၊ သီဟလမ်း၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ(၀. ၀၅၅)ဧက၊ နှစ်(၆၀)မြေငှားဂရန် မြေကွက်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သီသီမြင့်[၁၂/လမန(နိုင်)၀၄၅၄၀၆]၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးကြိုင်[၁၂/ဥကတ(နိုင်)၀၀၇၁၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာစိုး(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၅၃၇)**
**အမှတ်-၅၅၊ အခန်း(၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၅၃၂၀**

**ဖခင်အမည်မှန်**

မှော်ဘီမြို့နယ်၊ ရွှေမြဝတီ အ. ထ. က၊ အထက်တန်းကျောင်း ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မခင်မြတ်နွယ်၏ ဖခင် ဦးအောင်ဇော်ဦး၏ အမည်မှန်မှာ ဦးအောင်ဇော် ၁၂/မဘန(နိုင်)၀၉၃၇၁၀ဖြစ်ပါသည်။

ဦးအောင်ဇော်

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/8408 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၁၈၉)၊ (၄)ခန်းတွဲ၊ (၈)ထပ်တိုက်အဆောက်အအုံ၏ (စတုတ္ထထပ်-5B) (၅)လွှာ၊ ယာဘက်အခြမ်းတိုက်ခန်းအားဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်။

အထက်ပါတိုက်ခန်းအားစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်တင်တင်မော်[၁၂/ဗဟန(နိုင်)၀၂၀၃၂၈]ထံမှ ဝယ်ယူရန်ကျွန်ုပ်မိတ်ဆွေ ဦးနေလင်းအောင်[၁၃/ကမန(နိုင်)၀၆၅၁၆၇]မှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အဆတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်ခင်ဌေး(LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၀၁၅(၁၄-၂-၂၀၁၇)**
**အမှတ်(၁၁၆၆/က)၊ အောင်ချမ်းသာ(၈)လမ်း၊**
**၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**

# နိုင်ငံတော်အစိုးရနှင့် NCA-S EAO အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်အစိုးရဘက်မှ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ်ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်ချုပ်စန်းမြင့်၊ ဦးအောင်စိုး၊ ဦးအောင်ကြည်ညွှန့်နှင့် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး တိုင်းရင်းသား

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❂



နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



၂၀၁၈ ရာသီ ချာရတီဖလားပြိုင်ပွဲတွင် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။

## ၂၀၁၉ ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ပထမပတ်တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၉ ရာသီကြိုပြိုင်ပွဲဖြစ်သည့် ချာရတီဖလားပြိုင်ပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီပထမပတ်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအဖြစ် အမှတ်ပေး၊ ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းနှင့် အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှာ အမှတ်ပေးချန်ပီယံနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့ ရာသီကြိုပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် ရန်ကုန်အသင်းက ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရသည့် ရှမ်းယူနိုက်တက်အသင်းက ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် ယင်းပြိုင်ပွဲတွင် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ကြိမ်စီအနိုင်ရထားသည်။ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း တရုတ်ခရီးစဉ်တွင် ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး အကြိုပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ Qingdao မြို့၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် Jimo International Futsal Cup 2018 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မူလက ခြေစမ်းပွဲကစားရန် စီစဉ်ထားသော်လည်း တရုတ်ဘောလုံးအဖွဲ့ချုပ်နှင့် ညှိနှိုင်းကာ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း၊ တရုတ်ကလပ်သုံးသင်းဖြင့် ကျင်းပမည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း၊ တရုတ်ကလပ်အသင်းများဖြစ်သည့် Shen Zhen အသင်း၊ Qingdao Chen Xi အသင်း၊ Qingdao Football Association အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး Qingdao မြို့ရှိ Zhonglain Lohas Part Sport Center ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၆ ရက်တွင် Shen Zhen အသင်း၊ အောက်တိုဘာ ၁၇ ရက်တွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❑

## ကုန်းတွင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ် တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်း

**နေပြည်တော် အောက်တိုဘာ ၁၃**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ကုန်းတွင်း၌ ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍




# မျိုးဆက်သစ်ရင်ပြင်


ကြေးမုံ

အထူးဂျာနယ်

အောက်တိုဘာ ၁၄၊ ၂၀၁၈ (တနင်္ဂနွေနေ့)


ဝတ္ထုတို

## အကောင်းဆုံးတန်ဖိုး



### ချစ်ညီ(ဘ၀ရသ)

ဆံသဆရာ ဦးကြည်၏ ဆိုင်ဘေးတွင် ဖိနပ်ချုပ်သော အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ မောင်စိုင်းဆိုသော လူငယ်လေးတစ်ဦးရှိ၏။ မောင်စိုင်းသည် ရှစ်တန်းဖြင့် ကျောင်းထွက်ကာ ခြေတစ်ဖက်ပြတ်နေသော ဖခင်စစ်ပြန်ကြီးနှင့် လူမမာမိခင်အပေါ် လုပ်ကျွေးနေသူတစ်ဦး ဖြစ်သည်။

တစ်နေ့တွင် မောင်စိုင်း၏ ဖိနပ်ချုပ်ဆိုင်ကို နိုင်ငံခြားသို့ လူပို့လူကြိုလုပ်သော ပွဲစားဝင်းမောင် ရောက်လာလေ၏။ ဝင်းမောင်သည် မောင်စိုင်းအား နိုင်ငံခြားသို့သွား၍ အလုပ်လုပ်စေရန် အဆွယ်တရား ဟောနေလေ၏။ ဤအချင်းအရာအား တစ်ဖက်ဆိုင်မှ ဆံသဆရာ ဦးကြည်က ကြားတစ်ချက် မကြားတစ်ချက် သဲ့သဲ့ကြားလိုက်လေသည်။ ဆံသဆရာမောင်ကြည်သည် ပွဲစားဝင်းမောင်၏ အမူအကျင့်အား သိထား၊ ကြားထားသည်ကတစ်မျိုး မောင်စိုင်း၏ မျက်နှာလေး ညှိုးငယ်သွားသည်အား တွေ့လိုက်ရခြင်းကြောင့် ညှပ်လက်စဆံပင်တစ်ခေါင်း အပြီးတွင် မောင်စိုင်း၏ ဖိနပ်ဆိုင်ဘက်သို့ ကူးခဲ့လေသည်။

မောင်စိုင်းမှာ ဦးကြည်အား မြင်သည်နှင့် အပြစ်လုပ်ထားသော ကလေးငယ်တစ်ဦးပမာ မျက်နှာအမူအရာ အနည်းငယ်ပျက်သွားလေ၏။

ထို့ကြောင့် ပျာပျာယာယာဖြင့် "ဦးကြည်ထိုင်လေ" ဟု မောင်စိုင်းမှ လောကွတ်ပြုလေ၏။ သို့သော် ဆံသဆရာ ဦးကြည်မှာ ဝင်ထိုင်ရက်သားပင် ဖြစ်နေ၏။ထို့နောက် ဦးကြည်မှ မောင်စိုင်းအား-

"စောစောက စကားပြောနေတာ ဘယ်သူတုံး" ဟု မေးလေရာ မောင်စိုင်းက "ပွဲစားကိုဝင်းမောင်ပါ ဦးကြည်ရဲ့ ဘာဖြစ်လို့လဲ"

"ဩော်. . . . . ဝင်းမောင်က မောင်စိုင်းနဲ့ စကားပြောတာ တော်တော်ကြာတယ်နော်၊ ပြီးတော့ မောင်စိုင်းမျက်နှာလေးလည်း ညှိုးသွားတာ တွေ့လိုက်လို့ မေးကြည့်တာပါ"

မောင်စိုင်း၏ ပုံစံမှာ ဆံသဆရာဦးကြည်အား ပြောသင့်မပြောသင့် စဉ်းစားနေပုံပေါက်၏။ ထို့ကြောင့် အခြေအနေအား အကဲခတ်နေသော ဦးကြည်က အလိုက်သိစွာပင်"အဆင်မပြေရင်လည်း မပြောနဲ့လေ မောင်စိုင်းရဲ့ ရပါတယ်ကွ"

ထိုအခါမှ မောင်စိုင်းက "မ မဟုတ်ပါဘူး ဦးကြည်ရယ် ပြောပြ လို့ရပါတယ်။ ဒီလိုပါ ပွဲစားကိုဝင်းမောင်က ကျွန်တော့်ကို ပြောလာတယ်။ မင်းဒီဖိနပ်ချုပ်တဲ့အလုပ်ကို စိတ်မပျက်ဘူးလားတဲ့။ ပြီးတော့ လူတွေက သူတို့ဖိနပ်စုတ်မှသာ မင်းကိုရှာဖွေကြတာပါတဲ့။ နောက်ပြီး သူတို့ ဖိနပ်လေးတွေကောင်းနေရင် လမ်းတွေ့ရင်တောင် ခေါ်ပြောနှုတ်ဆက်အသိအမှတ်ပြုလို့လားလို့မေးတယ်။ နောက်ပြီး နိုင်ငံခြားသွားချင်ရင် သူ့ကိုပြောပါတဲ့။ အစအဆုံး သူကူညီပေးနိုင်ပါတယ်တဲ့ ဦးကြည်၊ သွားမယ်ဆို ပိုက်ဆံကိုလည်း ဟိုရောက်လို့ အလုပ်လုပ်ပြီးမှ ဆပ်ရင်ရတယ်တဲ့"

မောင်စိုင်း၏စကားကို ကြားလိုက်ရကတည်းက ဦးကြည်မှာ ပွဲစားဝင်းမောင်၏ မြူဆွယ်ခြင်းအကြံကို ကောင်းကောင်း ရိပ်မိလိုက်ပါသည်။ သို့သော်လည်း မောင်စိုင်း၏ အခွင့်အရေးအား ကဖျက်ယဖျက်လုပ်သည်ဟု ထင်မှာလည်းစိုးသဖြင့် မိမိ၏အလုပ်တန်ဖိုးကို တန်ဖိုးထား နားလည်လာအောင် ဥပမာလေးတစ်ခုဖြင့် မြင်အောင်ပြောပြရန် ဆံသဆရာ ဦးကြည်တစ်ယောက် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် ဦးကြည်က မောင်စိုင်းအား "အချိန် နှစ်မိနစ်လောက်ရမလား မောင်စိုင်း" ဟု မေးလေရာ မောင်စိုင်းက "ရပါတယ် ဦးကြည်ရဲ့ နှစ်မိနစ်မဟုတ်ပါဘူးဗျာ ကြိုက်သလောက်ပြောပါ။အခုက လူလည်းပါးတယ်လေ"

ထိုအခါကျမှ ဦးကြည်က "တစ်ခါက ငှက်လေးတစ်ကောင်က ပျားလေးတစ်ကောင်ကို မေးခွန်းတစ်ခုမေးတယ်။

"ပျားလေးရေ မင်းရဲ့ပျားရည်တွေကို လူတွေ ခဏခဏလာယူသွားကြတာ မင်းလူတွေကို မမုန်းဘူးလားတဲ့"ဆိုတော့ ပျားလေးကလည်း

"မမုန်းပါဘူးကိုငှက်ရယ် သူတို့က သူတို့အလုပ်ကို သူတို့လုပ်ကြတာပါ၊ ကျွန်တော်ကလည်း ကျွန်တော့်အလုပ်ကို ကျွန်တော်လုပ်နေတာပါ။ အကောင်းဘက်ကကြည့်ရင် ကျွန်တော့်အကြောင်းပြုပြီး လူအချို့မှာ ကျန်းမာရေးတောင် ကောင်းသွားကြသေးတယ်မဟုတ်လား။ ပြီးတော့ သူတို့ကပျားရည်ကိုသာ ယူသွားနိုင်တာပါ။ ကျွန်တော့်ဆီက ပျားရည်လုပ်နည်းကို သူတို့သိမှမသိကြဘဲ" လို့ ငှက်လေးကိုပြန်ပြောသတဲ့။ ပုံပြင်လေးက ဒါပဲ မောင်စိုင်း၊ အခု မောင်စိုင်းကလည်း ပျားလေးလိုပဲပေါ့ကွာ မောင်စိုင်းတတ်ကျွမ်းတဲ့ အတတ်ပညာကို သူတို့ခိုးမယူနိုင်လို့ သူတို့ရဲ့ လိုအပ်ချိန်မှာ မောင်စိုင်းကို ရှာဖွေကြရတယ်မလား။ အဲ့တာဟာ မောင်စိုင်းရဲ့ အကောင်းဆုံး တန်ဖိုးလေကွာ" ဟု ဦးကြည်က ဆိုမှ မောင်စိုင်း၏ မျက်ဝန်းများသည် စောစောကကဲ့သို့ ညှိုးငယ်သောပုံရိပ်များ ကွယ်ပျောက်သွားပြီး မိမိကိုယ်မိမိ သူ့ရဲကောင်းတစ်ဦးပမာ ယုံကြည်မှုများ ပြည့်နှက်လာလေတော့သည်။ ။

# ယုံကြည်မှုနဲ့ ကြိုးစားပါ

### မောင်ငြိမ်းချမ်း(ခရမ်းမြေ)

ညီလေးတို့ရေ-

ဘယ်အလုပ်ကိုပဲလုပ်လုပ် အောင်မြင်မှုချက်ချင်းမရလို့ စိတ်ဓာတ်ကျမသွားရဘူးနော်။ အောင်မြင်မှုဆိုတာ အခုလုပ်၊ အခုရနိုင်တဲ့အရာမဟုတ်ဘူး။ ဒီလိုပြောလိုက်လို့ စိတ်ပျက်မသွားပါနဲ့။ မလုပ်ဘဲ ထိုင်နေသူထက်စာရင်တော့ လက်တွေ့လုပ်နေတဲ့သူက အောင်မြင်မှုရနိုင်ခြေ အများကြီးရှိပါတယ်။ မျှော်လင့်ဖို့ အခွင့်အရေးတွေ အများကြီးရှိပါတယ်။ တကယ်တော့ အောင်မြင်မှုဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုထားပြီး ဇွဲ လုံ့လ၊ ဝီရိယအပြည့်နဲ့ ကြိုးစားသူတို့ရတဲ့ ဆုလာဘ်ပဲ မဟုတ်လား။ ဒါကြောင့် ဘယ်အလုပ်ကိုပဲဖြစ်ဖြစ် အောင်မြင်ချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်နဲ့ အမြဲကြိုးစားနေရမယ်လို့ မှတ်ထားပါ။

အလုပ်တစ်ခုကို ကြိုးစားလုပ်နေတဲ့အချိန်မှာ ပတ်ဝန်းကျင်ကပြောတဲ့ ချီးမွမ်းစကားနဲ့ ပြစ်တင်ရှုတ်ချတဲ့ စကားသံတွေကို ကြားရတတ်ပါတယ်။ ချီးမွမ်းခံရလို့လည်း မာန်မတက်မိစေနဲ့၊ ပြစ်တင်ရှုတ်ချခံရလို့လည်း ဆက်မကြိုးစားချင် မဖြစ်စေနဲ့။ ယုံကြည်မှုကို အရင်းတည်ပြီး ရည်မှန်းချက်ပန်းတိုင်ကို တစ်ဖြောင့်တည်းဆက်လျှောက်။ မောရင် ခဏနားလိုက်ပေါ့။ အိပ်တော့ပျော်မသွားစေနဲ့ပေါ့နော်။

ပြီးတော့ အရေးကြီးတာတစ်ခု ပြောရဦးမယ်။ အလုပ်တစ်ခုကိုလုပ်တော့မယ်ဆိုရင် အဲဒီအလုပ်ပေါ်မှာ စိတ်နှစ်ပြီး တလေးတစားလုပ်ကိုင်ပါ။ အဲဒီလိုလုပ်ကိုင်တဲ့အခါ လိုချင်တဲ့အောင်မြင်မှုက ဘယ်အဝေးကိုမှ ထွက်ပြေးနိုင်တော့မှာမဟုတ်ဘူး။ အောင်မြင်မှုတွေကသာ ညီလေးတို့နောက် တကောက်ကောက်လိုက်နေတော့မှာပါ။

ညီလေးတို့ရှေ့ရေးအတွက် အကျိုးတစ်စုံတစ်ရာဖြစ်ထွန်းစေဖို့ အစ်ကိုဖတ်ဖူးတဲ့ ဆရာကြီးဦးအောင်သင်းရဲ့ "မျိုးဆက်သစ်တိုးတက်ရစ်ဖို့" ဆိုတဲ့စာအုပ်ထဲက "မျက်ခြည်ပြတ်ခြင်း"ဆိုတဲ့ ဆောင်းပါးအကြောင်း အနည်းငယ်ပြန်ပြောပြချင်တယ်။ ဆောင်းပါးရဲ့ အဓိကရည်ရွယ်ချက်က အသေးအဖွဲ့ကစပြီး မူလရည်ရွယ်ချက်ကို မျက်ခြည်မပြတ်အောင် သတိထားတတ်တဲ့ အကျင့်ကလေးပါသွားအောင် ရေးသားထားခြင်းဖြစ်ပါတယ်။

အသေးဖွဲ့ဆိုတာက အင်္ဂလိပ်စာကျက်နေရင်း မြန်မာစာကို သတိရလို့ မြန်မာစာကို ကောက်ကိုင်လိုက်တာမျိုး၊ တစ်ခါ သချ်ာကို ရောက်သွားလိုက်တာမျိုးကို ဆိုလိုတာပါလို့ ဆရာကြီးက ရေးသားထားပါတယ်။

နောက်ထပ် ဒီဆောင်းပါးထဲမှာပါတဲ့ ဗဟုသုတရစေမယ့် ကမ္ဘာကျော်တီထွင်သူ ပညာရှင်ကြီး "အက်ဒီဆင်" အကြောင်းကို တစ်ဆင့်ပြန်ပြောပြပေးဦးမယ်။ အက်ဒီဆင်ဟာ ပစ္စည်းတစ်ခုကို တီထွင်စမ်းသပ်နေရင်း ဘေးပေါက်စိတ်ဝင်စားစရာ တွေ့ရှိချက်ကို တွေ့လိုက်ရော၊ အဲဒါကို စိတ်ဝင်စားလို့ ဆက်ပြီးစမ်းသပ်နေရင်း နောက်ထပ်ဘေးပေါက်တွေ့ရှိချက်အသစ်ကို ရလိုက်ပြန်ရောတဲ့။ အဲဒီလိုနဲ့ ဘာမှမလုပ်ဖြစ်ဘဲ ယီးတီးယားတား ဖြစ်ကုန်တတ်တာကြောင့် ဘေးပေါက် စိတ်ဝင်စားစရာတစ်ခုကို တွေ့လိုက်တိုင်း စာနဲ့တေးပြီး မှတ်ထားလိုက်၊ မူလလုပ်ငန်းကို အပျက်မခံဘဲ ဆက်လုပ်။ အဲဒီလိုလုပ်တော့မှ တီထွင်မှုလုပ်ငန်းကို လက်စသတ်နိုင်တော့တယ်လို့ ရေးသားထားပါတယ်။

ပြောရမယ်ဆိုရင် ကမ္ဘာကျော်တီထွင်သူပညာရှင်ကြီး "အက်ဒီဆင်"တောင် တီထွင်မှုတစ်ခုလုပ်နေရင်းက တခြားလေ့လာတွေ့ရှိချက်အသစ်တစ်ခုကို ပြောင်းလုပ်မိလိုက်တာကြောင့် မူလတီထွင်မှု ကြန့်ကြာခဲ့တယ်မဟုတ်လား။ ညီလေးတို့ အစ်ကိုတို့ဆိုတာက ပညာရှင်အဆင့်တွေမဟုတ်တဲ့ ပညာရှင်အဆင့်ကို ရောက်ဖို့ ကြိုးစားနေကြတဲ့ သာမန်လူတွေပါ။ အဲဒါကြောင့် ပညာရှင်ကြီးအက်ဒီဆင်ရဲ့ အမှားကို သင်ခန်းစာယူစေချင်မိတယ်။ ဒါကို သတိပြုဆင်ခြင်မိရင် လက်ရှိအလုပ်ရဲ့ မူလရည်ရွယ်ချက်ပျက်စီးမသွားအောင် ထိန်းသိမ်းလို့ရပြီပေါ့။ တစိုက်မတ်မတ်နဲ့ အောင်မြင်အောင် ကြိုးစားလုပ်လို့ရပြီပေါ့။

ဘယ်လိုအခက်အခဲတွေနဲ့ ကြုံတွေ့ကြုံတွေ့ ဇွဲမလျှော့နဲ့၊ စိတ်ဓာတ်မကျပါနဲ့။ အခန့်မသင့်လို့ လဲကျခဲ့ရင် ပြန်ထနိုင်အောင်ကြိုးစားပါ။ ဇနကထုံးကို နှလုံးမူပြီး မရပ်မနားကြိုးစားကြပါ။ ကြိုးစားနေသူတို့အတွက် အောင်မြင်မှုက လက်တစ်ကမ်းအလိုမှာ ရှိတယ်ဆိုတာကို သိပြီးဖြစ်မှာပါ။ "အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဆိုတဲ့ ဆောင်ပုဒ်လေးကိုလည်း ကြားဖူးကြမှာပါပဲ။

ဒီနေရာမှာ တစ်ခုပြောချင်တာက"အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဆိုပေမယ့် ကောင်းမြတ်တဲ့အလုပ်ကို ရွေးချယ်လုပ်ကိုင်မှ ဂုဏ်ရှိမယ်ဆိုတာကို အထူးသတိပြုမိစေချင်တယ်။

ရွေးချယ်လုပ်ကိုင်တဲ့ နေရာမှာလည်း ကိုယ့်ဆန္ဒအရ ကိုယ်ဝါသနာပါတဲ့အလုပ်ကို ဦးစားပေးရွေးချယ်တတ်ဖို့လည်း လိုအပ်လှတယ်။ ဝါသနာပါတဲ့အလုပ်ကို ရွေးချယ်ဖို့ ဘာကြောင့်လိုအပ်သလဲဆိုတာ ညီလေးတို့မြင်သာအောင် ဆရာကြီး "လယ်တွင်းသားစောချစ်" ရဲ့ "ကလောင်သွေး၍ စာရေးလိုလျှင်" စာအုပ်ထဲမှာပါတဲ့ "ဝါသနာနှင့်ဆန္ဒ" ဆိုတဲ့ ခေါင်းစဉ်အောက်က စာပိုဒ်လေးတစ်ပိုဒ်ကို ပြောပြပေးပါမယ်။

"ဝါသနာနှင့် အလုပ်တစ်ထပ်တည်းကျလျှင် အလွန်ကံကောင်းသူဖြစ်သည်။ ပျော်ရွှင်မှုရော၊ အောင်မြင်မှုပါ နှစ်မျိုးလုံးရနိုင်သည်။ ကြိုးစားလျှင်လည်း ကြိုးစားသလောက် ထူးချွန်နိုင်သည်"တဲ့။ အလွန်တန်ဖိုးရှိတဲ့ စာပိုဒ်လေးမို့ စွဲမြဲစွာ မှတ်သားထားစေချင်တယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ညီလေးတို့ဘဝမှာ ဝါသနာပါရာအလုပ်တစ်ခုခုကို ကောင်းစွာရွေးချယ်နိုင်ကြပြီး ပျော်ရွှင်မှုများရနိုင်ကြပါစေ။ ယုံကြည်မှုအပြည့်နဲ့လည်း ကြိုးစားနိုင်ကြပါစေကွာ ။ ။

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**(စာတည်းအဖွဲ့)**

## ရောင်စုံလပြည့်ည

ကောင်းကင်မှာ စန္ဒာ။
ကန်ရေမှာ ကြာဖြူဝင်း
သင်းနံ့ထုံစွာ။
လပြည့်ည သာယာ။
မီးရောင်ဖြာ စီခြယ်မှုန်း
အဆင်းအလှမှာ
သင်းပစ္စာ ပူဇာမိရယ်နဲ့
ထွန်းညှိ ပျော်မဆုံး။ ။

ပိုင်(ဆေး-၁)

## သီတင်းကျွတ် မီးထွန်းပွဲတော်

ရိုးရာပွဲတော်
ပျော်စရာ ဆီမီးထွန်းလို့
ရည်ညွှန်းကာ မြတ်ဘုရားကို
ဝပ်တွားရှိခိုး။
မိုးလအလွန်
ဆောင်းကိုကျွဲ မြူနှင်းခလို့
ဆောင်းဦးလ သီတင်းကျွတ်မှာ
ဝင်းမွတ်ကြယ်တိုး။
မြန်မာတွေ ဒါနတန်ခိုးနဲ့
ဂါရဝမိုး လှိုင်လှိုင်ရွာ
ဝါကျွတ်ချိန်ခါ။
လပြည့်နေ့၌ ရဟန်းသံဃာ
မိဘဆရာ ကန်တော့ရင်း။
ကံသုံးလီ အပြစ်မှားကို
ဝပ်တွားကာ တောင်းပန်လျက်ကွယ်
ကြေပျက်စေခြင်း။
မီးရောင်စုံ ထိန်ထိန်လင်းလို့
ညပွဲခင်း ပျော်စရာ။
"ဆီမီးကိုးထောင် ပန်းကိုးထောင်"
လရောင်ဝါ ခြုံလွှာပါးကြောင့်
ဘုရားစေတီ ပရိဝုဏ်အတွင်းဝယ်
လင်းလက်သာယာ။
မိသားစု စုံညီစွာ
လည်ပတ်စရာ အချိန်ပဲ။
ဝါကျွတ်ချိန် သမယမို့
ပသာဒ စိတ်ကြည်နူးဖွယ်
နေ့ထူးတွင် အထွတ်မြတ်မို့
မပြတ်ဆင်နွှဲ။

လင်းဝင့်မြူ(ပြင်ဦးလွင်)

ဆောင်းပါး

# လူငယ်နှင့်ဆေးလိပ်အန္တရာယ်

## မောင်မြင့်ဝင်း

ခုတင်ပေါ်မှာ ပင်လက်လှန်ရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေတဲ့ အမေ့ကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေမိတယ်။ အမေဆို ဆေးလိပ်မသောက်တာကြာပြီ။ ဒါပေမယ့် ဆေးစစ်လို့ထွက်လာတဲ့ မှတ်တမ်းတွေအရ အဆုတ်မှာ မီးခိုးငွေ့တွေ တွေ့ရပါတယ်။ အမေဟာ ငယ်စဉ်က ဆေးလိပ်ကို အလွန်အကျွံ သောက်သုံးခဲ့ပါတယ်။ မပြေလည်တဲ့ဘဝရဲ့ မွန်းကျပ်တဲ့ ခံစားမှုတွေကို ဆေးလိပ်နဲ့ ထွက်ပေါက်ရှာခဲ့တဲ့ အမေဟာ နောင်တစ်ချိန်မှာ ဆိုးကျိုးတွေ ဖြစ်လာလိမ့်မယ်ဆိုတာ အဲဒီတုန်းက သိခဲ့မှာ မဟုတ်ပါဘူး။

ဒါပေမယ့် တစ်စတစ်စဆိုးရွားလာတဲ့ ကျန်းမာရေးကြောင့် အမေဟာ ဆေးလိပ်ကို ဖြတ်ခဲ့ပါတယ်။ အခုဆိုရင် အမေ ဆေးလိပ်မသောက်တာဟာ အနှစ်သုံးဆယ်လောက်တောင် ကြာခဲ့ပါပြီ။ ဒါပေမယ့် ဒီနေ့ဆေးစစ်ချက်တွေအရ အမေ့ရဲ့ အဆုတ်မှာ အခုတိုင် ဆေးလိပ်မီးခိုးငွေ့တွေ စွဲထင်နေတာကို အံ့ဩဖွယ်ကောင်းသလို ထိတ်လန့်ကြောက်ရွံ့ဖို့လည်း ကောင်းလှပါတယ်။

ဒီနေ့ခေတ်မှာ ဆေးလိပ်ရဲ့ ဆိုးကျိုးတွေကို လူတိုင်းသိနေကြပေမယ့် မဖြတ်နိုင်ကြဘဲ သောက်နေကြဆဲပါ။ ဆေးလိပ်ဘူးများမှာလည်း ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်မယ့် ကြောက်စရာပုံတွေကို ဖော်ပြနေကြပေမယ့် ကြောက်လန့်ရကောင်းမှန်းမသိကြသေးပါဘူး။ ရောဂါဆိုတဲ့ သဘာက ခုလုပ်ပြီး ခုချက်ချင်းကြီး ပေါ်လာတတ်တဲ့အရာမျိုး မဟုတ်ပါဘူး။ စုမိကာမှ ပေါ်ပေါ်ထင်ထင် ပေါ်ထွက်လာတတ်တာပါ။ စာရေးသူရဲ့ အမေဖြစ်တဲ့ ဆေးလိပ်ကြောင့်ဖြစ်တဲ့ ရောဂါဟာလည်း ချက်ချင်းမပေါ်ဘဲ အခြားရောဂါတွေဖြစ်ပြီး ကိုယ်ခံအားကျချိန်ရောက်မှသာ ပေါ်လာခဲ့တာပါ။

အခုခေတ်က ရောဂါတစ်ခုဖြစ်လာပြီဆိုရင် ဆေးရုံဆေးခန်းတွေကို သွားရတာ ကုန်ကျစရိတ်က မသက်သာလှပါဘူး။ ဆေးဝါးခ ကုသစရိတ်တွေက ငွေကြေးအမြောက်အမြားကုန်ကျမှာပါ။ ဒါပေမယ့် ရောဂါတွေဖြစ်ပြီး ငွေကြေးကုသလိုက်လို့ ကုသရရင် ပျောက်ကင်းပေမယ့် ကုန်ကျမယ့် ငွေကြေးက မသက်သာလှပါဘူး။ ကုသလိုက်ရင် ဘဝရှေ့ရေးအတွက် စုဆောင်းထားတဲ့ ငွေကြေးတွေဟာ ကုန်ကျသွားစေမှာပါ။

ဒီလိုအခြေနေဆိုးတွေ ဖြစ်လာပြီဆိုရင် ကိုယ်နဲ့ဆက်စပ် သူတွေမှာလည်း စိတ်ဆင်းရဲရပါပြီ။ အချို့ဆိုရင် ဖြစ်နေတဲ့ ရောဂါကို ကုသဖို့ ကိုယ်ပိုင်ငွေမရှိပေမယ့်လည်း ရောဂါပျောက်ကင်းဖို့အတွက် သူများဆီက ချေးငှားပြီး ကုသရပြန်တယ်။ အကြွေးဖြစ်လာပြီဆိုရင် ဘဝမှာ နာလန်ထူဖို့ တိုးတက်ဖို့အတော်လေးခက်သွားပါပြီ။ အတိုးပေါ် အတိုးဆင့်ရင်းနဲ့ ဘဝတစ်ခုလုံးလည်လိုက်နေတော့မှာပါပဲ။ အထူးသဖြင့် အခုခေတ်လူငယ်တွေရဲ့ လက်ထဲမှာ ဆေးလိပ်လေးတွေလက်ကြားညှပ်ပြီး သောက်နေတာကို အတွေ့ရများလာပါတယ်။ သူတို့တွေဟာ အခုချိန်မှာ ပညာတစ်ခုခုကို စနစ်တကျ သင်ကြရမယ့်အရွယ်ပါ။ မိဘကို မှီခိုခွင့်ရနေချိန်မှာ ဘဝအတွက် အာမခံချက်ရစေမယ့် ပညာတွေကို ကြိုးစားသင်ရမယ့်အရွယ်ပါ။

ပြီးတော့ ကိုယ့်ရဲ့ ပညာရေးအတွက် မိဘတွေရဲ့ ငွေကြေးတွေအသုံးပြုတာဟာ ဖြစ်သင့်ပေမယ့် ဆေးလိပ်သောက်၊ ကွမ်းစားနဲ့အရက်သောက်လို့ ငွေကြေးတွေကုန်ကျလာရင်တော့ မိဘကျေးဇူးကို ကန်းသူတစ်ဦးသာ ဖြစ်လာစေမှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ မိဘတွေရဲ့အသက်ဟာ ကိုယ့်အသက်ရဲ့ သုံးပုံတစ်ပုံသာ လောကကြီးထဲ နေခွင့်ရကြတော့မယ့်သူတွေပါ။ ဒီလိုအချိန်မှာ သူတို့တွေ စုဆောင်းထားတဲ့ ငွေကြေးဥစ္စာတွေကို သူတို့တွေရဲ့ နောင်ဘဝ ကောင်းဖို့ ကုသိုလ်အလုပ်တွေနဲ့ကျန်းမာရေးအတွက်တွေသာ သုံးသင့်ပါတယ်။ ဒါပေမယ့် ကိုယ်က မကျန်းမာတော့တဲ့အခါ သူတို့အတွက် သုံးမယ့်ငွေတွေကို ကိုယ့်အတွက် ဆေးကုသရင်း ကုန်သွားရင် မိဘတွေမှာ ကိုယ့်ကို ဆေးကုသနေရလို့ သူတို့အတွက် ကုသိုလ်ကောင်းမှုတွေ မပြုနိုင်တော့သလို ကျန်းမာရေးစောင့်ရှောက်မှုတွေလည်း လုပ်နိုင်တော့မှာ မဟုတ်တော့ပါဘူး။

ဒါကြောင့် ကိုယ့်ရဲ့ မိုက်ပြစ်တွေကြောင့် မိဘတွေရဲ့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေကို ဟန့်တားရာရောက်စေလို့ အပြစ်ဖြစ်စေသလို မွေးကျေးဇူးကန်းရာလည်း ရောက်စေပါတယ်။ ဒါတင်မဟုတ်ပါဘူး။ ကိုယ့်မှာ ရောဂါဖြစ်နေပြီဆိုရင် မိဘတွေမှာ စိုးရိမ်ပူပန်ရ၊ အလုပ်ရှုပ်ရနဲ့ အိမ်ရဲ့စီးပွားရေးတွေလည်း ကောင်းကောင်းလုပ်ကိုင်နိုင်မှာ မဟုတ်လို့ အိမ်ရဲ့ စီးပွားရေးတွေလည်း ကျဆင်းလာစေမှာပါ။ ဆက်စပ်စဉ်းစားကြည့်ရင် စိတ်ဆင်းရဲစရာ ဆိုးကျိုးတွေက အများကြီးပါ။

ကျန်းမာရေးဘက်ကကြည့်ကြည့်၊ စီးပွားရေးဘက်က ကြည့်ကြည့် ကောင်းကွက် မဖြစ်စေသလို လူမှုရေးရှုထောင့်က ကြည့်ရင်လည်း မကောင်းပြန်ပါဘူး။ ကိုယ်သောက်လိုက်တဲ့ ဆေးလိပ်မီးခိုးငွေ့တွေဟာ ဘေးပတ်ဝန်းကျင်မှာရှိကြတဲ့ သူတွေရဲ့ ကျန်းမာရေးကိုပါ ထိခိုက်စေပါတယ်။

အထူးသဖြင့် ကိုယ်ဝန်ရှိတဲ့ အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေရဲ့ ကျန်းမာရေးကို ထိခိုက်စေပါတယ်။ သောက်လိုက်တဲ့ ဆေးလိပ်ရဲ့မီးခိုးငွေ့ရှူရှိုက်မိသွားရင် ဆေးလိပ်သောက်သူထက် ရှူရှိုက်သူက ကျန်းမာရေးဆိုးကျိုးတွေပိုပြီး ခံစားရပါတယ်။ ဒါကြောင့် ကိုယ့်အတွက်ချည်း ဆိုးကျိုးဖြစ်စေတာမဟုတ်ဘဲ ပတ်ဝန်းကျင်အထိတိုင် ဆိုးကျိုးတွေလည်း ရစေပြန်ပါတယ်။

ပြီးတော့ အချို့လူငယ်တွေဟာ ဆေးလိပ်ကို စတိုင်ထုတ်ကာ သောက်သူရှိသလို အချို့ကျတော့ ဆေးလိပ်သောက်ရင် ဦးနှောက်ဉာဏ်ကို ပိုပြီးထက်မြက်စေတယ်ဆိုတဲ့ လွဲမှားတဲ့အထင်အမြင်တွေနဲ့ ဆေးလိပ်သောက်နေကြသူများကိုလည်း တွေ့နေကြားနေကြုံနေကြရပါသေးတယ်။ တကယ်ဆိုရင် ဆေးလိပ်သောက်လို့ ဦးနှောက်ဉာဏ် ထပ်မလာနိုင်ပါဘူး။ ဆေးလိပ်ငွေ့ဟာ လေပေါ်ပြန်တက်သွားသလို ကောင်းမွန်တဲ့ ကျန်းမာရေးတွေဟာလည်း ဆေးလိပ်ငွေ့နဲ့အတူ လေပေါ်ကို လွင့်ပျံသွားစေပါတယ်။ တကယ်တမ်း အသိဉာဏ်ပညာထက်မြင်စေတာက စာအုပ်စာပေဖတ်ခြင်းကသာ ဦးနှောက်ဉာဏ်ကိုထက်မြက်စေတာပါ။ ဆေးလိပ်သောက်လို့ အသိဉာဏ်ထက်မြက်စေတယ်ဆိုတာ ဘယ်သုတေသနပြုချက်ကမှ မဖော်ပြသလို ဘယ်ပညာရှင်ကမှလည်း ထုတ်ဖော်ညွှန်းဆို ပြမထားပါဘူး။

တကယ်ဆိုရင် ဆေးလိပ်သောက်ခြင်းက ကောင်းကျိုးလုံးဝ မဖြစ်ပေမယ့် ဆိုးကျိုးတွေတော့ အများကြီး ဖြစ်စေပါတယ်။ ရှူရှိုက်မိတဲ့ ဆေးလိပ်ငွေ့ထဲမှာ လူကို အန္တရာယ်ဖြစ်စေတဲ့ အမှုန်တွေ အများကြီးပါဝင်ပါတယ်။ အဲဒီအမှုန်တွေဟာ အဆုတ်ကိုပျက်စီးစေပြီး အသက်ရှူနိုင်ခွင့်ကို ပျက်စီးစေပါတယ်။ ပြီးတော့ ဆေးလိပ်ထဲမှာပါတဲ့ ဓာတုပစ္စည်းတွေဟာ အဆုတ်ထဲကတစ်ဆင့် သွေးနီဥ၊ သွေးဖြူဥတို့နဲ့အတူ သွေးထဲမှာ ပါသွားပါတယ်။ ဆေးလိပ်သောက်လိုက်တိုင်း ဆေးလိပ်ငွေ့တွေဟာ သွေးကြောတွေကို ကျုံ့စေပြီး အောက်စီဂျင်ရရှိမှုရနည်းစေပြီး နှလုံး အပါအဝင် ဦးနှောက်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း အတော်များများကို ပျက်စီးစေပါတယ်။ ဒီလိုဖြစ်ရတာတွေဟာ ဆေးလိပ်ငွေ့ထဲက ဓာတုပစ္စည်းတွေဟာ သွေးကြောမျက်နှာပြင်ကို ပျက်စီးစေပြီး သွေးကြောအတွင်း နံရံတွေကို ထူလာစေပါတယ်။ နောက်ဆုံးမှာ သွေးကြောတွေ ကျဉ်းလာပြီး သွေးလုံလုံလောက်လောက် မသွားနိုင်တော့ပါဘူး။ ဒ့ါအပြင် ဓာတုပစ္စည်းတွေကြောင့် သွေးဥတွေ စီးကပ်ပြီး သွေးခဲကြီးတွေ ဖြစ်လာစေပါတယ်။

ပြုတ်ထွက်သွားတဲ့ သွေးခဲတွေဟာ သွေးကြောတွေကို ပိတ်ဆို့စေပါတယ်။ အဲဒီအခါ နှလုံးသွေးကြောတွေကို ပိတ်ဆို့သွားပြီး နှလုံးပျက်စီးကာ သေဆုံးနိုင်ပါတယ်။ ဦးနှောက်သွေးကြောတွေကို ပိတ်ရင်တော့ လေဖြတ်စေပါတယ်။ အဲဒီလေဖြတ်တဲ့ လူနာသုံးယောက်မှာ တစ်ယောက်က အသက်ဆုံးရှုံးနိုင်ကြောင်း ဖေ့စ်ဘွတ်ပေါ်မှာ ပုံနဲ့တကွရှင်းပြထားတာကို ကြည့်ပြီး ကြောက်စရာ အလွန်ကောင်းတဲ့ဆေးလိပ်ရဲ့ဆိုးကျိုးတွေကို သိခွင့်ရခဲ့ပါတယ်။

ဒါကြောင့် အဘက်ဘက်က ဆိုးကျိုးတွေသာ ဖြစ်စေတဲ့ ဆေးလိပ်ကို လက်ရှိသောက်နေသူများလည်း အမြန်ဖြတ်ပြီး မသောက်ရသေးသူများလည်း စမ်းပြီးမသောက်ဖြစ်အောင် သတိထားဆင်ခြင်သင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

## မီးထွန်းပွဲတော်

သီတင်းကျွတ်ပြီ မိုးလေကင်းလို့
မီးထွန်းကြဖို့ မီးပုံးဝယ်။
ဖြူနီပြာဝါ ရောင်စုံလုလို့
စေတီမှာလည်း ပူဇော်ကွယ်။
ဘိုးဘွားမိဘ ကန်တော့ကြလို့
ဝန်ချအပြစ် တောင်းပန်မယ်။
ကြယ်ကလေးတွေ ပြိုးပြိုးပြက်လို့
လမင်းကြီးက ဝင်းပတယ်။
မြိုင်မြိုင်ဆိုင်ဆိုင် ဆင်နွှဲကြစို့
မီးပုံးပျံကြီး လွှတ်စို့ကွယ်။

နှင်းစက်(ရွှေကြို)

## ညီလေးစာဖတ်ပါ

အသိလိမ္မာတိုးဖို့ရာ
ညီလေးစာဖတ်ပါ
အမှားအမှန်ခွဲခြားသိ
တွေးဆ ဆင်ခြင်ကြည့်။
စာတွေများများဖတ်တဲ့အခါ
ဗဟုသုတကြွယ်ဝမှာ
လူတကာထက် ခြေတစ်လှမ်း
ညီလေးသာဖို့ မျှော်ရည်မှန်း။
လူတော်လူကောင်း ဖြစ်ဖို့ရာ
ညီလေးစာဖတ်ပါ
ဖုန်းသုံးတာတွေ လျှော့ပါမှ
စာဖတ်ချိန်တွေ တိုးမယ်ဗျ။
သုတ၊ရသ စုံစေကွယ်
ဗလငါးတန် ဖွံ့ဖြိုးကြွယ်
စာရိတ္တနဲ့ ကိုယ်ကျင့်တရား
မပျက်ယွင်းအောင် ထိန်းစို့လား။

နေဘုန်းညီ


## ယဉ်ကျေးစွာဝတ်ဆင်ပါ

ကိုယ့်ယဉ်ကျေးမှု ချစ်ခင်စွာ
စံပြဖြစ်ရမှာ။
ဇာတိဂုဏ်ကို အလေးထား
ထိန်းသိမ်းကြစို့လား။
အများမြင်မှာ ချစ်စရာ
ပျိုမေယဉ်ကျေးပါ။
မြန်မာ့ဂုဏ်ကို ထိန်းသိမ်းဖို့
ယဉ်ကျေးစွာဝတ်စို့။

ရွှေမန်း(ပညာရေး)

ဝတ္ထုတို

# ကျွန်မနှင့်မဟာ(စီ)



■ မသန္တာ(ပညာရေး)

“ဆရာမ ဆရာမ ”

“ဟဲ့. . ပလုတ်တုပ်” အလန့်တကြား အဆက်မပြတ်ခေါ်သံကြောင့် စားနေသောထမင်းလုတ်သည်ပင် ပြုတ်ကျ၏။ လှည့်ကြည့်လိုက်သောအခါ ကျွန်မအတန်းမှ အတန်းခေါင်းဆောင် မောင်အောင်သူ၊ သူ၏ပုံစံမှာ အမောတကောနှင့် အလျင်လိုနေသည်။ သင်းပုံစံကို ကြည့်လိုက်သည်နှင့် ကျွန်မအတန်း တစ်ခုခုဖြစ်ပြီဆိုတာ သိလိုက်၏။

“ကဲပြော ဆရာမကြီးရုံးခန်းလား၊ ဆေးခန်းလား” ကျွန်မတပည့်လေးအား ငေါ့၍ မေးလိုက်ခြင်းဖြစ်သည်။ ကျွန်မသည် အဋ္ဌမတန်း(စီ)ခန်း အတန်းပိုင်ဖြစ်သည်။ (စီ)ခန်းဆိုမှဖြင့် မဟာ့မဟာဆရာကြီးများနေသော အခန်းပင်ဖြစ်သည်။ ကျွန်မအတန်းကို နာမည်ပေးထားသည်။ မဟာ(စီ)ဟုသာ။ စာမလုပ်ချင်သော ကျောင်းသားများ၊ ထစ်ခနဲဆို ရန်ဖြစ်မည့် ကျောင်းသားများ၊ ကျောင်းသားလား၊ လူမိုက်တွေစုနေသည့်အတန်းလားဟုပင် အမေးခံရသည့် အတန်းဖြစ်သည်။ ရန်ဖြစ်ပြီဟေ့ဆိုလျှင် မမေးပါနှင့် ကျွန်မအတန်းပင်။ တခြားသောဆရာမများ၏ ချီးမွမ်းထောမနာပြုခြင်းကိုလည်း ခံရပါသည်။

“ဒေါ်သန္တာ့ အခန်းကိုဝင်ရင် သိပ်စိတ်ညစ်တာပဲ။ စာလည်းမရေး။ ပြောလည်းမရ။ ရိုက်လည်းမရ ။ ရိုက်တဲ့သူသာ မောလို့သေသွားမယ်။ သူတို့ကတော့ အပြုံးတောင်မပျက်ဘူး” အဲသည်လိုမျိုး ကျွန်မအတန်းပါ။ ဆရာမကြီးရုံးခန်းဆိုတာ ကျွန်မနှင့် ကျွန်မတပည့်များအတွက် တစ်နေ့တစ်ခါ ပုံမှန်ဝင်နေကျဖြစ်သည်။ စည်းကမ်းထိန်းသိမ်းရေးစာအုပ်မှာ ကျွန်မအတန်းက ကလေးများ၏ ဝန်ခံကတိလက်မှတ်များအပြည့်။ အနုပညာရှင်တွေပင် သူတို့လောက် လက်မှတ်ထိုးရမည်မထင်။

“ကဲပြော ဘာဖြစ်တာလဲ”

“ဆရာမ မျိုးကိုနဲ့ နိုင်မင်း ရန်ဖြစ်ကြတာ။ အဲတာ နိုင်မင်းက မျိုးကိုမျက်နှာကို လက်သီးနဲ့ ထိုးလိုက်တာ မျိုးကိုက ရှောင်လိုက်တော့ အရှိန်လွန်ပြီး အုတ်နံရံနဲ့ ဝင်ဆောင့်တာ မျက်ခုံးကွဲသွားလို့”

ကဲ. . ကျွန်မပြောသည်မလား။ မဟာ (စီ)ပါဟု။

ကျွန်မ စားလက်စထမင်းကိုရပ်၍ အတန်းဘက်ကို အပြေးလာရ၏။ မျိုးကိုနဖူးမှ သွေးများက စီးကျနေ၏။ သတ္တိကောင်းချက်က ဩချလောက်သည်။ တစ်ချက်မတွန့်။ နိုင်မင်းမျက်နှာမှာတော့ ပြုံတော့မည့်မိုးလို။

“ကဲ မျိုးကို မြန်မြန်လာ ဆေးခန်းသွားမယ်။ ပြန်လာမှ နင်တို့နှစ်ယောက်လုံး ငါနဲ့တွေ့မယ် နိုင်မင်း မင်းကြပ်ကြပ်သတိထား။ ဆေးခန်းသွားရလွန်းလို့ အဲဒီဆေးခန်းက ဆရာဝန်နဲ့ ငါညားတော့မယ်”

ကျွန်မရွဲ့ပြီးပြောသောစကားကြောင့် ဝါးခနဲ သဘောကျကုန်သည်။

ကျွန်မ အဋ္ဌမတန်း(အေ)ခန်း အတန်းပိုင် ဒေါ်ခင်မေရီကို သိပ်အားကျသည်။ သူ့အတန်းမှ ကျောင်းသားအားလုံးသည် ဘက်စုံထူးချွန်သော ကျောင်းသားများစုနေသော အခန်း။ ဒေါ်ခင်မေရီသည် သူ့တပည့်များကြောင့် ကျောင်းတွင် အမြဲတမ်း မျက်နှာပွင့်ရသည်။ ကျွန်မမှာ ခပ်ဆိုးဆိုး ကျောင်းသားများ၏ အတန်းပိုင်ဖြစ်သည့်အတွက် အမြဲပြဿနာ ဖြေရှင်းနေရသည်။ ကြာတော့ ကျွန်မလည်းစိတ်ကုန်လာသည်။ နောက်ပညာသင်နှစ်တွင် ကျွန်မလည်း ဆရာမကြီးကိုပြောမည်။ (အေ)ခန်း အတန်းပိုင် ကျွန်မကိုပေးပါပေါ့။ ကျွန်မလည်း ဒေါ်ခင်မေရီလို မော်ကြွားချင်သည်လေ။

အတန်းထဲဝင်လိုက်သည်နှင့် ပြေးလွှားကစားနေသော ကျောင်းသားများ။

“ဖြန်း ဖြန်း ဖြန်း”

စားပွဲကိုကြိမ်လုံးနှင့် ရိုက်လိုက်မှ အတန်းထဲတွင် ပြေးဆော့နေသော၊ စကားများနေသော ကျွန်မ၏ ချစ်ဆိုးလေးများ ငြိမ်သွားတော့သည်။

“ဆရာမ” ခေါ်သံလာရာဆီသို့ ကြည့်လိုက်သည်။ ချောငယ်။

“ပြော သမီး ”

“ဆရာမ. . . ဟိုလေ. . . ဟို”

“ချောငယ် မပြောနဲ့နော်”

ချောငယ်မပြောရဲ ဖြစ်နေစဉ် ဟန့်တားလိုက်သည့် အသံက မြင့်မြတ်အောင်။

“အဲဒါဘာဖြစ်နေတာလဲ။ ချောငယ် သမီးပြောစရာ ရှိတာပြော။ မြင့်မြတ်အောင် ဘာမဟုတ်တာလုပ်ထား ပြန်ပြီလဲ”

“ဆရာမ မြင့်မြတ်အောင် ဘောလုံးကန်လိုက်တာ မှန်ကွဲသွားတယ်”

“ဘာ. . ” ခုမှ အတန်းကို ကျွန်မ သေချာကြည့်လိုက်မိသည်။ အတန်း၏ အနောက်ဘက်ရှိ မှန်တစ်ချပ်ကွဲနေသည်။ ကျွန်မ အတော်လေးဒေါသထွက်သွားမိ၏။ ကျောင်းတက်ရုံရှိသေး စပြီ။

“အတန်းထဲမှာ ဘောလုံးမကန်ရဘူးပြောထားတာ မသိဘူးလား။ အပြင်မှာ ထွက်ဆော့ပါလား။ ဘာလို့ အတန်းထဲမှာ ကန်တာလဲပြော။ ဘောလုံးကန်တဲ့သူတွေ အကုန်မတ်တတ်ရပ်စမ်း”

ကျွန်မစိတ်ဆိုးနေမှန်းသိ၍ တစ်တန်းလုံးငြိမ်သွား၏။

“ဖြန်း” ကျွန်မစားပွဲကို ကြိမ်လုံးနှင့် တစ်ချက်ရိုက်လိုက်၏။

“ပြောနေတာ မကြားဘူးလား။ မင်းတို့ရဲ့ အတန်းပိုင်ဖြစ်ရတာ ငါသိပ်စိတ်ညစ်တယ်။ တစ်နေ့ တစ်နေ့ ပြဿနာမရှာဘဲနေလို့မရဘူးလား။ မင်းတို့ ကျောင်းကို ဘာလုပ်ဖို့လာတာလဲ။ (အေ)ခန်းကလေးတွေ ကြည့်လိုက်စမ်း သိပ်လိမ္မာတာ။ စာလည်းကြိုးစားတယ်။ ဘက်စုံလည်း ထူးချွန်တယ်။ သူတို့အတန်းပိုင်ဆို အမြဲ သူ့တပည့်တွေကြောင့် ဂုဏ်ယူရတယ်။ မင်းတို့ရဲ့အတန်းပိုင်ဖြစ်တဲ့ ငါ့မှာ အမြဲစိတ်ညစ်ရတယ်။ မရိုးနိုင်တဲ့ ပြဿနာပေါင်းစုံကို ရှင်းရတယ်။ မင်းတို့ရဲ့ အတန်းပိုင်ဖြစ်တာ ငါကံဆိုးတာပဲ”

ကျွန်မလည်း ဒေါသထွက်ထွက်နှင့် ပြောမိလိုက်၏။ ဆရာတစ်ယောက်အနေဖြင့် ထိုစကားမျိုးမပြောသင့်မှန်း သိပါသည်။ ဒါပေမဲ့လည်း . . . . . ပြောမိလေပြီ။

တစ်တန်းလုံးငြိမ်၍ ခေါင်းငုံ့ထားကြသည်။ သူတို့အပြစ် သူတို့သိသည်လေ။ ကျောင်းသူလေးများကတော့ မြင့်မြတ်အောင်တို့အုပ်စုကို မျက်စောင်းထိုးနေကြ၏။ သူတို့ကြောင့် ကျွန်မဆူတာခံရတာဆိုပြီးလေ။

“ဟူး”

သက်ပြင်းမောကိုသာချမိတော့သည်။ ဒီလိုကလေးများနှင့် တစ်နှစ်လုံး ဘယ်လိုနှစ်ပါးသွားရပါ့မလဲနော်။

“ဆရာမ ဝင်ခွင့်ပြုပါ”အသံလာရာသို့ ကြည့်လိုက်တော့ ကျောင်းသားမိဘနှင့် တူပါသည်။

“အင်း ဝင်ခဲ့ပါ” ကျွန်မ ဝင်ခွင့်ပြုချက်ရ၍ ထိုကျောင်းသားမိဘ ဝင်လာသည်။ သူ့ကြည့်ရသည်မှာ မျက်နှာလည်းမကောင်းပါ။

“ဘာကိစ္စရှိလို့လဲ”

”ကျွန်မ ဝင်းသန်းရဲ့ အမေပါ။ ဝင်းသန်းကို ကျောင်းထုတ်ချင်လို့”

“ရှင်”

ကျွန်မ အံ့ဩမိ၏။ ဘာကြောင့်လဲလို့ တွေးမိ၏။ ဝင်းသန်းဆိုတဲ့ကလေးက ကျွန်မအတန်းရဲ့ အဆိုးထဲမှာလည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

“ဘာဖြစ်လို့ကျောင်းထုတ်ချင်တာလဲ အစ်မရယ်။ ခုပဲ ရှစ်တန်း။ နောက်နှစ်နှစ်ဆို ၁၀ တန်းရောက်ပြီ။ ဒီချိန်မှာကျောင်းထုတ်လိုက်ရင် ကလေးပညာရေး ခါးပြတ်သလိုဖြစ်သွားမှာပေါ့ အစ်မရယ်။ ဘာအခက်အခဲရှိလို့လဲ။ တတ်နိုင်တာဆို ကျွန်မကူညီပါ့မယ်”

ကျွန်မအတန်းက ကလေးတွေ ဘယ်လောက်ဆိုးဆိုးပါ။ ဒီလိုမျိုးကိုတော့ ဆရာမတစ်ယောက်အနေဖြင့် လက်မခံနိုင်ရိုးအမှန်ပါ။

“ကျွန်မလည်း မထုတ်ချင်ပါဘူး ဆရာမရယ်။ ခုက မဖြစ်လို့ပါ။ အခုသူ့အဖေက လေဖြတ်နေတော့ အိမ်ရဲ့စီးပွားရေးကို ကျွန်မကဦးဆောင်နေရတယ်။ ကျွန်မ ညဈေးမှာ အသုပ်ရောင်းတာပါ ဆရာမ။ အဲတာ ကျွန်မနဲ့အတူဝိုင်းရောင်းဖို့ပါ ဆရာမရယ်”

ကျွန်မ ဘာဆက်ပြောရမှန်းပင်မသိ။ ထိုအချိန် တံခါးအကွယ်မှ ညှိုးငယ်စွာနှင့် ချောင်းကြည့်နေသော မျက်ဝန်းတစ်စုံ။ ဝင်းသန်းရယ်ပါ။ ကျွန်မကို တစ်ခုခုပြောချင်နေပုံပင်။

“ဝင်းသန်းပါ ပါလာတာလား”

ကျွန်မအမေးကြောင့် ဝင်းသန်းအမေ လှည့်ကြည့်လိုက်၏။

“ဟင် မင်းလိုက်လာတာလား”

“ဟုတ်ကဲ့အမေ”

“သား . . . ဝင်လာလေ”

“ဟုတ်ကဲ့ ဆရာမ”

“သားဆရာမကို ဘာပြောချင်လို့လဲ”

ကျွန်မအမေးကြောင့် ဝင်းသန်း သူ့အမေကို လှမ်းကြည့်၏။ ကျွန်မ သဘောပေါက်လိုက်သည်။

“သားပြောစရာရှိတာ ရဲရဲပြော”

“ဟို. . . အမေသားကို မဆူပါနဲ့နော်။ ဆရာမ သားကျောင်းမထွက်ချင်ဘူး”

“သားရယ်”

ကျွန်မ စိတ်မကောင်းလိုက်တာ။ ကျောင်းတွင် ကျောင်းသားဆိုးလေးလို့ သတ်မှတ်ခံရသူက ကျောင်းပျော်သည်တဲ့လေ။ အမြဲအဆူခံနေရလည်းပဲ စာသင်ချင်စိတ်ရှိမှန်းသိတော့ ကျွန်မတပည့်လေးအတွက် ကြံဖန်ပြီး ဂုဏ်ယူနေမိသည်။

“ကျွန်မ အကြံတစ်ခုလောက်ပေးပါရစေ အစ်မ။ ကလေးမှကျောင်းမထွက်ချင်တာ ဖြစ်နိုင်ရင်တော့ မထုတ်ပါနဲ့။ အစ်မတို့ အိမ်စီးပွားရေးဆိုတာကိုလည်း နားလည်ပါတယ်။ ဝင်းသန်းတို့အရွယ်ဆိုတာ စာသင်ကျောင်းမှာ ရှိရမယ့်အရွယ်ပါ။ ဒီအရွယ်နဲ့ငွေရှာတော့ရော မိသားစုအတွက် ဘယ်လောက်များ အထောက်အကူပြုမှာတဲ့လဲ။ ကျွန်မပြောတာ သေချာစဉ်းစားပါ”

“ကျွန်မလည်း မိဘတစ်ယောက်အနေနဲ့ သားသမီးကို ပညာတတ်စေချင်ပါတယ် ဆရာမရယ်”

“ဒါဆိုရပြီလေ အစ်မမှာ အဲလိုစိတ်မျိုးရှိနေတာပဲ။ အိမ်ပြန်ပြီး သေချာလေးစဉ်းစားကြည့်ပါနော်။ ကျွန်မ ဝင်းသန်းကို ခွင့်ပဲလုပ်ထားလိုက်မယ်”

“ဟုတ်ကဲ့ပါ ဆရာမ။ ကျွန်မပြန်လိုက်ပါဦးမယ်”

“ကောင်းပါပြီ”

“ဆရာမ သားကျောင်းမထွက်ရပါဘူးနော်”

ပြန်ခါနီး ကျွန်မနားတိုးတိုးလေး ကပ်ပြောသွားသော ကျွန်မတပည့်လေးအား ပြုံးပြီးခေါင်းညိတ်ပြလိုက်၏။ ဝင်းသန်းအမေ အမြင်မှန်ရပါစေလို့ ကျွန်မ ဆုတောင်းနေမိ၏။

ကျွန်မဆုတောင်းပြည့်ကြောင်း ကျောင်းပြန်ဖွင့်ရက်ဖြစ်သော တနင်္လာနေ့မနက် သိခဲ့ရသည်။

“ဆရာမ”

“သား ဝင်းသန်း” သနပ်ခါးအဖွေးသားနဲ့ ရယ်ပြနေသော ကျွန်မ၏ တပည့်။

“ဆရာမ သား ကျောင်းမထွက်ရတော့ဘူး။ အမေက သူတို့လိုမဖြစ်စေရဘူးတဲ့။ ဆရာမကိုလည်း ကျေးဇူးတင်ပါတယ်တဲ့။ သားလည်းဆရာမကို ကျေးဇူးတင်ပါတယ်။ ဆရာမကြောင့်သား ကျောင်းမထွက်ရတော့ဘူး။”

“သားသိထားရမှာက ဆရာ ဆရာမဆိုတာလေ တပည့်တွေအားလုံးကို သူတို့ထက် ပိုသိ၊ ပိုတတ်စေချင်ကြတယ်။ ဆရာမတို့ထက်ပိုကောင်းတဲ့ ဘဝတွေကိုပဲ တပည့်တွေကို ရစေချင်တယ်။ ခုသားနားလည်ပြီမလား။ ဒါဆို သားဘာလုပ်ရမလဲဆိုတာရော သိပြီလား”

“သားသိပါတယ် ဆရာမ။ သားမိဘတွေ မပြည့်စုံဘူး။ မပြည့်စုံတဲ့ကြားက သားကို ကျောင်းထားပေးတာ။ ဆရာမကလည်း သားကိုကျောင်းမထွက်စေချင်ဘူး။ သား ဆရာမကို ကတိပေးပါတယ်။ ဒီနေ့ကစပြီး သားစာကြိုးစားတော့မယ်”

ကျွန်မပျော်လိုက်တာ။ ဝမ်းသာလို့ မျက်ရည်တောင်ကျမိသည်။ လူဆိုးလေးတစ်ယောက်တော့ လိမ္မာသွားပြီ။ ကျန်သော ကလေးများလည်း ထိုကဲ့သို့လိမ္မာရန် ဆရာမဖြစ်တဲ့ကျွန်မမှာ တာဝန်ရှိသည်။ ဆိုးလို့၊ စာမလုပ်ချင်လို့ ပစ်ထားလိုက်ရင် ဒီထက်ပိုဆိုးသွားမှာ အမှန်ပင်ဖြစ်သည်။ စာတော်သောကလေး၊ လိမ္မာသောကလေးကိုသာ ရွေးပြီး စာသင်ချင်နေရင် ကျွန်မ ဆရာစစ်မဟုတ်ပါ။ ကျွန်မတို့ ဆရာမအလုပ်သည် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ လုပ်ကြရတဲ့ မွန်မြတ်တဲ့အလုပ်ပါ။ အားလုံး တန်းတူသဘောထားရမှာပင်။ အမှန်တကယ် ကျွန်မ အတန်းထဲက ကလေးများ၏ဘဝလေးတွေသည် သနားစရာပါ။ မပြည့်မစုံနဲ့ မတူညီသော ဘဝပေါင်းစုံက လာကြရသူများသာ။ ကလေးတွေဖြူစင်ကြပါသည်။ လောက၏ အရောင်ဆိုးခြင်းခံရသည့်အတွက် ဆိုးနေကြခြင်းသာ။ ဒါကို ပြင်ပေးရမည်မှာ ကျွန်မတာဝန်ပင်။ “အတတ်လည်းသင် ပဲ့ပြင်ဆုံးမ”ဆိုသည့် ဆရာ့ဝတ်နှင့်အညီ နေထိုင်ရမည်။ ဟင့်အင်း ကျွန်မ(အေ)ခန်း အတန်းပိုင် မဖြစ်ချင်တော့ပါ။ ကျွန်မနှင့် မဟာ(စီ)ဆိုသည်မှာ ခွဲလို့မရ။ ကျွန်မဆုံးဖြတ်လိုက်သည်။ ဆရာမကြီးကိုပြောမည်။ နောက်နှစ်တွင်လည်း ကျွန်မ (စီ)ခန်း အတန်းပိုင်အဖြစ်နှင့် ဆက်လက်တာဝန်ယူပါမည်ဟုသာ. . .

“ဆရာမ ဆရာမ”

ခေါ်သံကြောင့် ကျွန်မအတွေးများလွင့်ပြယ်သွား၏။

“ဟင်”

လှည့်ကြည့်လိုက်တော့ ခြေမတွင် သွေးများနှင့် ထော့နဲ့ထော့နဲ့ ဝင်လာသော မြင့်မြတ်အောင်။

“ဟင်း”

ကျွန်မသက်ပြင်းမောသာချမိတော့သည်။ ။

ဆောင်းပါး

# မိတ်ဆွေသုံးဦး

## တိုက်ကြည်(စဥ့်ကိုင်)

လူ့လောကအတွင်း အဓိကပေါင်းသင်းအပ်သော မိတ်ဆွေစစ် သုံးဦးသာရှိသည်ဟူသော စကားစုအား မှတ်သားဖူးပါသည်။ ၎င်းမိတ်ဆွေသုံးဦးမှာ ဆေးပညာရှင်၊ ဥပဒေပညာရှင်နှင့် မိမိ၏လုပ်ငန်းအပေါ်တွင် အကြံဉာဏ်ကောင်းများ ပေးစွမ်းနိုင်သူ လုပ်ငန်းကျွမ်းကျင်သူ ပညာရှိဟူ၍ သုံးမျိုးဖြစ်လေသည်။ ထိုမိတ်ဆွေစစ် သုံးဦးနှင့် ပေါင်းသင်းနေထိုင်လျှင် သင့်ဘဝမှချအောင်မြင်မည်ဟူသော ခံယူချက်အတိုင်း အနောက်နိုင်ငံများရှိ စီးပွားရေးအောင်မြင်ကျော်ကြားနေသည့် လုပ်ငန်းရှင်များသည် ယင်းမိတ်ဆွေသုံးဦးအား လက်မလွှတ်တမ်း ပေါင်းသင်းထားလျက်ရှိသည်။

အာရောဂျံ ပရမံ လာဘံ - ကျန်းမာခြင်းသည် အမွန်မြတ်ဆုံးသော လာဘ်တစ်ပါးဖြစ်ပါသည်။ မိမိ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းနေမှသာလျှင် လုပ်ငန်းဆောင်တာများအား စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ မိမိ၏ ကျန်းမာရေးကိစ္စများနှင့်ပတ်သက်၍ အဓိကကူညီဖြေရှင်းနိုင်သူ ဆရာဝန်သမားတော် စသည့် ဆေးပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်လျက် မိမိကျန်းမာရေးကို ဦးစားပေးလုပ်ဆောင်ရန်ဖြစ်သည်။ မိမိကျန်းမာရေးအတွက် ဆောင်ရန် ရှောင်ရန်များနှင့် မည်သည့်ဆေးဝါးများအား မည်သို့မှီဝဲသုံးစွဲသင့်ကြောင်း အကြံဉာဏ်ရယူရန်လိုအပ်သည်။ ကျန်းမာမှသာလျှင် မိမိ၏ လုပ်ငန်းဆောင်တာများအပေါ်တွင် စိတ်ရွှင်လန်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မိတ်ဆွေစစ်သုံးဦးအနက် ဆေးပညာ ရှင်သည် ထိပ်ဆုံးမှပါဝင်လျက် အဓိကပေါင်းသင်းအပ်သော မိတ်ဆွေစစ်တစ်ဦးပင် ဖြစ်လေသည်။

ဝိနယော စ သုသိက္ခိတော ဝိနည်း စည်းကမ်းဥပဒေများအား လိုက်နာရမည်ဖြစ်သည်။ ယင်းသို့သောကြောင့် ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ ပြည်ချမ်းသာဟူသော ဆိုရိုး ပေါ်ပေါက်လာခြင်း ဖြစ်ပေလိမ့်မည်။ နိုင်ငံတစ်နိုင်ငံတွင် ဥပဒေတစ်ခုအား ပြဋ္ဌာန်းလိုက်သည်နှင့်တစ်ပြိုက်နက် ယင်းဥပဒေအား ပြည်သူအများသိရှိနားလည်ပြီးဖြစ်သည်ဟု အုပ်ချုပ်သူအာဏာပိုင်များက မှတ်ယူထားရှိကြလေသည်။ ပြည်သူများအနေဖြင့် ဥပဒေအား မသိရှိနားမလည်၍ ကျူးလွန်မိပါသည်ဟု ဆင်ခြေပေး အကြောင်းပြ၍မရချေ။ ထို့ကြောင့် မိမိတို့အနေဖြင့် ဥပဒေ အသိပညာ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် လေ့လာလိုက်စားရန် လိုအပ်လာပါသည်။ မိမိ၏ မည်သည့် လုပ်ရပ်သည် မည်သည့်ဥပဒေနှင့်မညီကြောင်း၊ မည်သို့သောလုပ်ငန်းသည် ဥပဒေအရ မည်သို့ အကျိုးသက်ရောက်ကြောင်း၊ မိမိ၏ရပိုင်ခွင့် အခွင့်အရေးများအား ဥပဒေနှင့်အညီ မည်သို့အခွင့်အရေးတောင်းဆိုခွင့်ရှိကြောင်း စသည့် အကြောင်းအချက်များကိုလည်း သိရှိနားလည်ရန် အထူး လိုအပ်လှပေ၏။ ထိုသို့ ဥပဒေအရေးကိစ္စများနှင့် ပတ်သက်၍လည်း သိရှိနားလည်သူ ဥပဒေပညာရှင်တည်းဟူသော မိတ်ဆွေတစ်ဦးအားလည်း မဖြစ်မနေပေါင်းသင်း ဆက်ဆံရန် လိုအပ်လျက်ရှိပါသည်။

ပဏ္ဍိတာနဉ္စ သေဝနာ ပူဇာ စ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ ပညာရှိတို့အား အစဉ်မှီဝဲဆည်းကပ်ရခြင်းသည် မင်္ဂလာမည်၏ဟု မြတ်ဗုဒ္ဓက ဟောကြားသွန်သင်ဆုံးမတော်မူခဲ့လေသည်။ လူ့လောကအသိုက်အဝန်းတွင် ပညာရှိသူတော်ကောင်းများအား မှီဝဲဆည်းကပ်ရမည်သာဖြစ်ပေသည်။ မိမိ၏အကျိုးအား ကောင်းဆိုးနှစ်တန် ဝေဖန်ပိုင်းခြားလျက် မိမိအပေါ် အကောင်းဆုံးအကြံဉာဏ်များပေးစွမ်းနိုင်သူ ပညာရှိသူတော်ကောင်းအား ပေါင်းသင်းရမည်ဖြစ်ပါသည်။ အချို့သော မိတ်ဆွေတု မိတ်ဆွေယောင်များကြောင့် မိမိ၏လုပ်ငန်းများ ဆုံးရှုံးပျက်စီးထိခိုက်ရခြင်းများလည်း ကြုံတွေ့ရတတ်လေသည်။ ထို့ကြောင့် မိမိ၏လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ မိတ်ကောင်းဆွေကောင်းများအား ရှာဖွေပေါင်းသင်းခြင်းဖြင့် မိမိ၏ လုပ်ငန်းအောင်မြင်တိုးတက်စေရန် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ အသေဝနာ စ ဗာလာနံ ဟူသော စကားအား မှတ်သားလျက် သူမိုက်များအား ပေါင်းသင်းခြင်းမပြုဘဲ ရှောင်ဖယ်ရန်ဖြစ်လေသည်။ ထို့ကြောင့် မိမိတို့ကျင်လည်ရာဘဝတွင် မည်သူသည် မိမိပေါင်းသင်းအပ်သော မိတ်ဆွေစစ်များဖြစ်ကြောင်းကို အကြံပြုရေးသားတင်ပြလိုက်ပါသည်။ ။

# အတွေးများ လှစေချင်

## နတ်သျှင်(ရွှေဂူ)

(၁)

အတိတ်ဆိုသောအရာကို လူတိုင်းဖြတ်သန်းဖူးသည်။ အရာဝတ္ထုတိုင်းတွင် အတိတ်ဆိုတာ ရှိနေကြစမြဲ ဖြစ်၏။

ထိုအတိတ်ကို ခံစားတတ်သူနှင့် မခံစားတတ်သူသာ ကွာခြားပေမည်။ သက်ရှိတို့သည် အတိတ်ကိုပြန်တွေး၍ လွမ်းကြဆွေးကြသည်။ အတိတ်က အဖြစ်အပျက်များကို သင်ခန်းစာမှတ်ယူလျက် လက်ရှိပစ္စုပ္ပန်ဘဝ၏ အင်အားအဖြစ်သို့ အသုံးချကာ အနာဂတ်ခရီးကို သွားနေကြသူများလည်း ရှိကြလေသည်။

သက်မဲ့တို့တွင် အတိတ်ရှိနေသော်လည်း သက်ရှိတွေလို ပြန်လည်ခံစားမှုမရှိချေ။ ထိုသက်ရှိတို့တွင် "လူသားသည် အတိတ်ကို ပြန်တွေး၍ ခံစားပုံဖော်ရာ၌ မည်သည့် သတ္တဝါနှင့်မတူ တစ်မူထူးခြားသောသူများ ဖြစ်ကြသည်။"

(၂)

လူသားတို့သည် အတိတ်ကိုပုံဖော်ရာ၌ အံ့သြဖွယ်ရာကောင်းလောက်အောင် စွမ်းဆောင်နိုင်ကြသည်။ လွမ်းစရာဖြစ်နေလျှင်လည်း အလွန်လွမ်းတတ်ကြသည်။ ဆွေးစရာဖြစ်နေလျှင်လည်း အလွန်ဆွေးတတ်ကြသည်။ ပျော်ရွှင်စရာ၊ ကြည်နူးစရာ ဖြစ်နေခဲ့လျှင်လည်း ဟန်မဆောင်နိုင်အောင် ပျော်ရွှင်ကြည်နူးနေတတ်ကြသည်။

ကမ္ဘာလောကအတွင်း၌ ရှိရှိသမျှသော သတ္တဝါတို့တွင် လူသားတို့သည် အင်မတန်ဆန်းကြယ်သော သတ္တဝါဖြစ်၏။ ရယ်ရွှင်တတ်သည်၊ ရယ်ရွှင်အောင်ပြုလုပ်တတ်သည်။ ငိုတတ်သည်၊ ငိုအောင်လည်း ပြုလုပ်တတ်သည်။ ခံစားတတ်သည်၊ ခံစားရအောင်လည်း ပြုလုပ်တတ်ကြသည်။ ထိုသို့ ခံစားတတ်သော အနုပညာကို ကိုယ်တိုင်ခံစားတတ်သလို ခံစားမှုကိုဖြစ်စေမည့် အခြင်းအရာတို့အား ဖန်တီးတတ်လေ၏။

လူသားတို့၏အတိတ်ကို ပြန်တမ်းတကာ ခံစားခြင်းသည် သိပ်တော့ မဆန်းကြယ်လှပေ။ သို့သော် လွမ်းတတ်ဆွေးတတ် ခံစားတတ်သော လူသားတို့သည် နောက်ထပ်နောက်ထပ်သော အသစ်အသစ်တွေကိုလည်း စိတ်ကူးအိပ်မက်များဖြင့် ဖန်ဆင်းနေကြခြင်းသည် အလွန်ဆန်းကြယ်၍ နေပါတော့သည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) ဆရာတော်၏ "အကြင်နာပေါင်း ရှစ်သောင်းလေးထောင်" စာအုပ်ထဲက "ဆရာမခင်စောတင့်" အမှတ်တရရေးပေးထားသော ဒဿနလေးကို တင်ပြချင်ပါသည်။။

Reach high, for stars lie hidden in your soul,
Dream deep, for every dream precedes the goal.

"မြင့်မြင့်မှန်းပါ ကြယ်လေးတွေက နှလုံးသားထဲမှာ ပုန်းအောင်းနေတယ်။ နက်နဲစွာ အိပ်မက်မက်ပါ။ စိတ်ကူးအိပ်မက်တိုင်း ပန်းတိုင်ရဲ့ရှေ့ပြေးအဖြစ် သွားနေတယ်။"

> **"အောင်မြင်ကြသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များလည်း စိတ်ကူးအိပ်မက်များမှ စတင်ခဲ့ကြလေသည်။ လူသားတို့၏ စိတ်ကူးအတွေးအိပ်မက်များသည် ပန်းတိုင်၏ ရှေ့ပြေးဖြစ်သောကြောင့် စိတ်ကူးကောင်း အတွေးကောင်း အိပ်မက်ကောင်းများကို မွေးမြူတတ်ဖို့ အရေးကြီး"**

(၃)

အတိတ်ကိုတွေး၍ ခံစားတတ်သောလူသားတို့သည် အနာဂတ်အတွက် ပစ္စုပ္ပန်တိုင်းမှာ စိတ်ကူးအိပ်မက်ကိုယ်စီဖြင့် ပုံဖော်ခံစားရင်း ခရီးဆက်နေကြသည်။ ထို စိတ်ကူးအိပ်မက်များသည် မျှော်မှန်းရာ အနာဂတ်၏ အစိတ်အပိုင်းတချို့လည်း ဖြစ်ပေတော့သည်။ "ဤကမ္ဘာလောကအတွင်း၌ အောင်မြင်ထွန်းတောက်နေသော အရာတိုင်းသည် ထိုစိတ်ကူးယဉ် အတွေးလေး အိပ်မက်က စသည်ဟု ပြောလျှင် လက်ခံနိုင်ကြပေလိမ့်မည်။ "စာရေးဆရာဖြစ်ချင်သောသူသည် စာရေးဆရာဘဝ၏ အိပ်မက်ကို သူ့အတွေး၌ ဖန်ဆင်းပုံဖော်နေမည်။ ဆရာဝန် ဖြစ်ချင်သောသူသည် ဆရာဝန်တစ်ယောက်၏ ခံစားမှုအိပ်မက်ကို ဖန်ဆင်းနေပေလိမ့်မည်။ တိုက်နဲ့နေချင်သူ၊ ကားစီးချင်သူ၊ စီးပွားရေးသမား၊ ပညာရေးသမား၊ စာရေးဆရာ၊ အင်ဂျင်နီယာ စသည့် မိမိဖြစ်လိုသော အနာဂတ်ကို များစွာသော လူသားတို့သည် ကိုယ့်စိတ်ကူးအိပ်မက်တို့နှင့် ခံစားပုံဖော်နေကြသူများ ဖြစ်ကြပေမည်။ "စိတ်ကူးအိပ်မက်မရှိသောသူများသည် လမ်းပျောက်နေသောသူ၊ အနာဂတ်ပျောက်နေသောသူများ ဖြစ်သည်။"

လူတစ်ယောက် ပြောင်းလဲလာခြင်းသည် စိတ်ကူးအိပ်မက်က စတင်သည်။ ကမ္ဘာကြီး တိုတက်လာခြင်းသည် စိတ်ကူးအိပ်မက်က စတင်လေသည်။ သိပ္ပံပညာ တိုးတက်လာခြင်းသည် စိတ်ကူးအိပ်မက်က စတင်သည်။ ကမ္ဘာကျော် ပညာရှိများစွာ ပေါ်ပေါက်လာခြင်းသည်လည်း စိတ်ကူးအိပ်မက်က စတင်လေသည်။ အောင်မြင်ကြသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များလည်း စိတ်ကူးအိပ်မက်များမှ စတင်ခဲ့ကြလေသည်။ လူသားတို့၏ စိတ်ကူး အတွေး အိပ်မက်များသည် ပန်းတိုင်၏ ရှေ့ပြေးဖြစ်သောကြောင့် စိတ်ကူးကောင်း အတွေးကောင်း အိပ်မက်ကောင်းများကို မွေးမြူတတ်ဖို့ အရေးကြီးသည်။

မကောင်းသောစိတ်ကူး၊ မကောင်းသောအတွေး၊ မကောင်းသောအိပ်မက်တွေ ကိုယ့်မှာရှိနေပြီဆိုရင် အမြန်ဆုံး ဖယ်ထုတ်ပစ်ဖို့ လိုပါသည်။ မကောင်းသော စိတ်ကူး အတွေး အိပ်မက်တွေကို မဖယ်ထုတ်ခဲ့လျှင် ဘဝလည်း ကောင်းဖို့ မလွယ်သလို အနာဂတ်သည်လည်း လှပနေမည် မဟုတ်ချေ။

(၄)

ဤကမ္ဘာမြေ၏ အလှတရားတို့သည် လူသားတစ်ဦးချင်း၏ စိတ်ကူးအိပ်မက်များဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ လူသားတို့ စိတ်ကူးအိပ်မက်တွေ လှနေကောင်းနေလျှင် ကမ္ဘာမြေသည် လှနေပါဦးမည်၊ ကောင်းနေပါဦးမည်။ စိတ်ကူးအိပ်မက်တွေ မလှတော့ဘူးဆိုလျှင် ဤကမ္ဘာမြေသည် လှပနေတော့မည်မဟုတ်ပေ။

ထို့ကြောင့် ကိုယ့်ဘဝ ကိုယ့်အနာဂတ်လှပဖို့ စိတ်ကူးကောင်း အတွေးကောင်း အိပ်မက်ကောင်းတွေကို ခံစားပုံဖော်ကြရင်း ကမ္ဘာလောကကို အလှဆင်ကြပါစို့ဟု တိုက်တွန်းလိုက်ပါရစေ။

မြင့်မြင့်မှန်းပါ။ ကြယ်လေးတွေက နှလုံးသားထဲမှာ ပုန်းအောင်းနေတယ်။ နက်နဲစွာ အိပ်မက်မက်ပါ။ စိတ်ကူးအိပ်မက်တိုင်း ပန်းတိုင်ရဲ့ရှေ့ပြေးအဖြစ် သွားနေတယ်။

# တို့ချစ်သည့် ရောဝတီ

ကမ္ဘာတွင်
သူ့ဝန်းကျင် အလွန်လှ။
သစ်တောတွေ စိမ်းစိုလန်းလို့
(အိုကွယ်...)
ရှုစမ်းပါဗျ။
မြစ်ငယ်ငယ် မလိခနှင့်
မေခတို့ ပေါင်းဆုံသည်
စိမ်းလဲ့လဲ့ကြည်။
ကမ္ဘည်းထိုးခဲ့ ရောဝတီ
စီးဆင်းပြီ ပြည်အဆုံး။
နိုင်ငံကို လုပ်အားပေးရင်း
(သူရယ်လေ...)
အေးမြမြပြုံး။
ရွှေနိုင်ငံ တစ်ပြည်လုံးက
အသုံးပြုတဲ့ မြစ်ကြီးပါ။
ရေကြည်ချို အမြဲဆင်းသည့်
မြစ်မင်းရော။
ကမ်းဘေးဝဲ၊ ယာ
ရှုတိုင်းမှာ အလွန်လှ။
တို့မြန်ပြည် သက်သွေးမြစ်ကို
(အမျိုးတို့ရေ...)
ချစ်ကြစို့ဗျ။ ။

စိုင်းနေဝန်း

# ဆင်ပွဲသဘင် လာစေချင်

တမာနဲ့ထနောင်းရနံ့
ပျံ့မွှေးတဲ့ ဒီဌာနေ
ရေနဒီဇော်ဂျီခွေပတ်
သူတော်မြတ်ပျော်စံမြေ
မင်းအနော်ဆင်ဖြူဝပ်တဲ့
သာလျောင်းရဲ့ တောင်အခြေ
ခါချိန်လွန်ကျွတ်သီတင်းမှာ
လွှတ်ကျင်းပပွဲတော်ပေ
ကမ္ဘာမှာပြိုင်စံရှားလို့
မြန်မာတို့ယဉ်ကျေးအမွေ
တစ်နှစ်မှာတစ်ရက်သာမို့
လှမ်းခဲ့ပါချစ်မိတ်ဆွေ
ရွှေဆည်ရဲ့ ဆင်ပွဲတော်မှ
နွှဲပျော်ဖို့ဆီးကြိုနေ။ ။

လမင်းဟံသာ

Ph:09425334456,09250233599,09421141415




**ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့၊ ရန်ကုန်ပေါက်ကျေးရွာ၊ အမှတ် (၄/၅) တွံ့တေး–ဒလ လမ်းမပေါ်တင်ရှာမြေအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

အထက်ဖော်ပြပါ ရွာမြေအား အမည်ပေါက် ဦးတင်ဦး (၁၂/တတန (နိုင်) ဝ၆၈၅၅၄)အမည်ပေါက် မြေကွက်(၄၀'×၁၅၀')အား လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ် ဦးအာကာချစ်မောင် (၁၂/လမတ (နိုင်) ၀၃၂၁၂၁)မှ ဝယ်ယူရန် အဝယ်တန်ဖိုးငွေ တစ်စိတ် တစ်ဒေသကို စရံငွေ အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်၊ အထက်ပါ မြေကွက် အရောင်း အဝယ်ကိစ္စ နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက် လိုသူရှိပါက ဤကြော်ငြာပါ သည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ နိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်၊

ဦးအာကာချစ်မောင်
အမှတ် (၂၁၅)၊ ၄ဝါလမ်း၊ အလုံမြို့နယ်၊
09 - 5020011

ဆင်ဖြူတော် အိမ်၊ခြံ၊မြေ

**Golden Pin Lon**
အုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊တောင်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။ အိမ်အရောက်ငွေချေစနစ်ဖြင့် အကျိုးဆောင်ခမလိုပါ။
PH:09265555044

**ရွှေပေါက်ကံမြို့သစ်**
ဒဂုံမြို့သစ်အရှေ့၊ဆိပ်ကမ်း တောင်ပိုင်း၊မြောက်ပိုင်းနှင့် စက်မှုဇုန်ကွက်များ
ရောင်းလို၊ဝယ်လို
စုံစမ်းလိုလျှင်
Ph:095044836
PAEစနစ်ဖြင့်ဆောက်လုပ်သည်

**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

**တစ်ဦးတည်းဖြစ်ကြောင်း**

ဒဂုံအရှေ့ပိုင်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရန်ကုန်မြို့နေ ဦးကျော်သိန်း (ခ) ဦးကာရာမာခွန် [HGU-024722] တစ်ဦးတည်း ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းအေး(ခ)ဦးစိုးရွှေ[၁၂/သခန(နိုင်)၀၇၃၉၃၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်မြင့်(LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၁၄/၉၃)နှင့် ဒေါ်နန်းစန္ဒာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၃၈/၁၇)တို့၏ အောက်တိုဘာလ (၇)၊ ၂၀၁၈ရက်စွဲပါ ကြေးမုံသတင်းစာ၏ ကြေညာစာမျက်နှာ(၈) ပါ အများသိရှိစေရန်ကြေညာချက်မှာ မမှန်မကန်ဖော်ပြထားချက်များသာ ဖြစ်ကြောင်းနှင့် အဖြစ်မှန်ကို ပြန်လည်ဖြေရှင်း ကြေညာခြင်း။**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ အမှတ်(၉)ရပ်ကွက်၊ ဗန္ဓုလလမ်းသွယ်နေ ဦးမြဝင်း(ဘ)ဦးကျင်မောင်[၁၂/သခန(နိုင်)၀၀၇၅၆၈]နှင့် သုံးခွမြို့၊ အမှတ် (၃)ရပ်ကွက်၊ အောင်သပြေလမ်းနေ ကွယ်လွန်သူ ဒေါ်ပဲတို့၏ ကျန်ရစ်သူသားသမီး(၆)ဦးတို့၏ လွှဲအပ်တာဝန်ပေးချက်အရ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းအပ်ပါသည်။

၂။ အဆိုပါရောင်းချမည့်ခြံမြေကွက်ပေါ်တွင် ဦးမြဝင်းကိုယ်တိုင်လည်း ၎င်းခေတ္တမျှ ဈေးဆိုင်ဖွင့်လှစ်ရောင်းချခဲ့ခြင်းသာဖြစ်၍ မိမိပိုင်ဆိုင်သည့်မြေ မဟုတ်သဖြင့်မည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်းမပြုလုပ်ခဲ့ပါ။

၃။ သို့ဖြစ်ပါ၍ ဦးသိန်းအေး(ခ)ဦးစိုးရွှေ၏ အများသိစေရန် ကြေညာချက်ပါ ဦးမြဝင်းထံမှ ၎င်းဝယ်ယူခဲ့သော ခြံမြေကွက်(၁၅)ပေဆိုသည်မှာ လုံးဝမှန်ကန်မှု မရှိသည့်အပြင် အမွေဆိုင်မိသားစုများ၏ သဘောတူညီချက်ဖြင့် ယနေ့ထိမည်သူ တစ်ဦးတစ်ယောက်သို့ ခွဲဝေစိတ်ပိုင်းရောင်းချခြင်း အလျဉ်းမရှိပါကြောင်းနှင့် ဦးသိန်းအေး(ခ)ဦးစိုးရွှေနှင့် တရားလွှတ်တော်ရှေ့နေ ဦးကျော်မြင့်၊ ဒေါ်နန်းစန္ဒာဝင်း တို့၏ အများသိစေရန်ကြေညာချက်ပါ အကြောင်းအရာများသည် မှန်ကန်မှုမရှိ၍ ပြန်လည်ရှင်းလင်းကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။

| ဦးကျင်ထွေး (BA,HGP,RL) | လွှဲအပ်ညွှန်ကြားချက်အရ | ဦးမြင့်ဟန်(LL.B) |
|---|---|---|
| (စဉ်-၁၇၅၄/၇၉) | | (စဉ်-၁၀၉၁) |
| တရားလွှတ်တော်ရှေ့နေ | | တရားလွှတ်တော်ရှေ့နေ |
| ဖုန်း-၀၉-၄၂၁၆၃၃၇၅၂ | | ဖုန်း-၀၉-၂၅၀၃၇၁၁၅၆ |

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ အမှတ်(၅၃၁/က)၊ အောင်သပြေ (၁) လမ်း၊ ကြီးပွားရေး(တောင်)ရပ်ကွက်နေ (အဖ)ဦးမြသန်း၏သား ဦးထွေးလင်းသန်း[၁၂/ဗတထ(နိုင်) ၀၃၇၄၇၆]၏ဇနီးဒေါ်ဝင်းပပသိန်း[၁၃/ဟပန(နိုင်)၀၄၀၉၈၀]၊ (အဖ)ဦးသိန်းဟန်၏ သမီးသည် ၆-၁၀-၂၀၁၈ရက်တွင် ၎င်း၏ဆန္ဒအလျောက် အိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ (စုံစမ်း မေးမြန်းခြင်းသည်းခံပါ။)

ဦးထွေးလင်းသန်း

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဌေးနိုင်(ဘ)ဦးတင်လှူ[၅/ငဇန(နိုင်) ၀၂၁၁၃၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဌေးနိုင်သည် "ဆုပြည့်" SuPyae, "ထိုက်", GOALs, SUCCESS အမည်များဖြင့် ရေသန့်ဘူးအမျိုးမျိုးတို့ကို မြန်မာပြည်တစ်ဝန်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါရေ သန့်တံဆိပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုများမရှိပါက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(နေပြည်တော်)နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတို့တွင် မှတ်ပုံတင်သွင်း၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**ဦးဌေးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးအောင်ကျော်ဖြိုး | ဒေါ်မေသက်ခိုင် |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၈၆၇၂/၂၀၁၂) | (စဉ်-၈၀၉၁/၂၀၁၂) |

**အမှတ်(၁၂၄)၊ ၃၆လမ်း၊ ၇၈×၇၉ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၀၃၄၇၅၉၊ ၀၉-၉၆၂၀၃၄၇၅၉**

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ၁၁၆-လမ်း၊ အမှတ်(၅)၊ ပထမထပ်(ဝဲ)တွင် နေထိုင်သော (ဘ) ဦးလူကူ၏ သားဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းမြင့်[၃/ဘအန(နိုင်)၁၇၅၈၁၆]သည် ၎င်း၏သမီးဖြစ်သူ မရွှေရည်လင်းအေး [၃/ဘအန(နိုင်)၂၉၇၇၈၄]အား ၁၉-၆-၂၀၁၇ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၇၈၄)အား ပြန်လည် ရုပ်သိမ်းကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးထွန်းမြင့်[၃/ဘအန(နိုင်)၁၇၅၈၁၆] | ဒေါ်အေးအေးအောင်(LL.B,LL.M) |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၄) |
| | ဖုန်း-၀၉-၇၈၂၂၄၄၅၂၂ |

